# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ သီတင်းကျွတ်လဆန်း (၂)ရက် ၊ အင်္ဂါနေ့ ၊ (23-9-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၁၄၆)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ဝါးနက်ဆင်စခန်းသို့ လာရောက်လည်ပတ်သူ ခရီးသွားဧည့်သည်များပြားလာ



**မန္တလေး စက်တင်ဘာ ၂၂**

မန္တလေး-ပြင်ဦးလွင်ကားလမ်း ၁၆မိုင်ဂိတ်မှ ငါးမိုင်ခန့်အကွာရှိ အရိပ်အာဝါသကောင်းမွန်ပြီး အေးချမ်းစွာအပန်းဖြေအနားယူနိုင်သည့်အပြင် ဆင်များဖြင့်ဝန်ဆောင်မှုပေးနေသည့် ဝါးနက်ဆင်စခန်းသို့ လာရောက်လည်ပတ်သူခရီးသွားဧည့်သည်များပြားလာကြောင်း ဝါးနက်ဆင်စခန်းမှ တာဝန်ရှိသူက ပြောပြသည်။

အဆိုပါဆင်စခန်း၌ ဆင်ကြီးရှစ်ကောင်နှင့် ဆင်ပေါက်ကလေး သုံးကောင်ရှိပြီး ဆင်များအား ဆင်စာဘူဖေးကျွေးသူများ၊ တစ်နိုင်တစ်ပိုင် ဆင်စာကျွေးသူများနှင့် ဆင်ပေါက်ကလေး သုံးကောင်ကို လာရောက်ကြည့်ရှုကြသူများဖြင့် လည်ပတ်သူများပြားလာကြောင်း သိရသည်။

**စာမျက်နှာ ၁၆ ကော်လံ ၃**


## တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် စက်တင်ဘာ ၂၂**

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေထုမငြိမ်မသက်မှုများဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသည့်လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း ယနေ့ညမှ စက်တင်ဘာ ၂၆ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့်

**စာမျက်နှာ ၁၇ ကော်လံ ၁**

**မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန WRF မော်ဒယ်လ်၏ စက်တင်ဘာ ၂၂ ရက် မြန်မာစံတော်ချိန် ၆ နာရီခွဲအချိန်ကို အခြေခံတွက်ထုတ်ထားသည့် စက်တင်ဘာ၂၃ ရက်မှ ၂၄ ရက်ထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ**







ရတနာပုံ
၂၀၂၅ ခုနှစ် စက်တင်ဘာ ၂၃ ရက်

အယ်ဒီတာ့အာဘော်

# အမျိုးသားရေးတာဝန်ဖြစ်သည့် အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းမြှင့်တင်

ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးတွင် ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းစရိုက်လက္ခဏာများရှိကြသကဲ့သို့ မိမိတို့နိုင်ငံတွင်လည်း ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှုများရှိသည်။ မြန်မာနိုင်ငံသည် အဆင့်အတန်းမြင့်မားသော ယဉ်ကျေးမှုအမွေအနှစ်များ ထွန်းကားသည့်နိုင်ငံဖြစ်သည်။ ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်ဓလေ့ထုံးတမ်းစဉ်လာများနှင့် မြန်မာမှု၊ မြန်မာ့ဟန်များကို ရှေးမြန်မာဘိုးဘေးဘီဘင်လက်ထက်မှစ၍ ယနေ့ထက်တိုင် ထိန်းသိမ်းလာခဲ့ကြသည်။

မိမိတို့နိုင်ငံတွင်ရှိသော လူ့ဘောင်အဖွဲ့အစည်း၏ ယဉ်ကျေးမှုအစဉ်အလာ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်ရေးတို့အတွက် ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာများကို ဆက်လက်ထိန်းသိမ်းရန် လိုအပ်ပေသည်။ လူငယ်များအပေါ်တွင် တိုင်းတစ်ပါး၏ တေးဂီတ၊ အနုပညာ၊ အဆို၊ အက၊ ဝတ်စားဆင်ယင်မှုမှစ၍ အတွေးအခေါ်အယူအဆဓလေ့စရိုက်များ လွှမ်းမိုးလာလျက်ရှိကာ မြန်မာ့ရိုးရာယဉ်ကျေးမှု အမျိုးသားရေးဆိုင်ရာလက္ခဏာများကို ထိခိုက်စေသည်။ ခေတ်အဆက်ဆက်အစိုးရများအနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေးကို အစဉ်အားပေးခဲ့ပြီး မြန်မာလူ့ဘောင်အဖွဲ့အစည်း၏ အစိတ်အပိုင်းဖြစ်သော ယဉ်ကျေးမှုနယ်ပယ်၌ အပါအဝင်ဖြစ်သည်။ နိုင်ငံတော်အဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ၁၉၉၃ ခုနှစ်မှစ၍ ၂၃ ကြိမ်မြောက်အဖြစ် ပြန်လည်ကျင်းပခဲ့ရာ ၂၀၂၃ ခုနှစ်တွင် ၂၄ ကြိမ်မြောက်၊ ၂၀၂၄ ခုနှစ်တွင် ၂၅ ကြိမ်မြောက်ငွေရတုအထိမ်းအမှတ်အဖြစ်ကျင်းပခဲ့နိုင်ခဲ့သည်။

နိုင်ငံတော်အနေဖြင့် ၂၀၂၅ ခုနှစ် ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို (၁) မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှုလက္ခဏာများကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်နိုင်ရေး၊ (၂) ပြည်ထောင်စုသွေးချင်းများ၏ သွေးစည်းညီညွတ်သည့်စိတ်ဓာတ်နှင့် အမျိုးသားစည်းလုံးညီညွတ်မှုစိတ်ဓာတ်တို့ကို မြန်မာ့အနုပညာဖြင့် ဖော်ထုတ်ပြသနိုင်ရေး၊ (၃) မြန်မာ့ ရိုးရာအနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းအမွေပေးအပ်နိုင်ရေး၊ (၄) နိုင်ငံတော်၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှုနှင့်အနုပညာ၏အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေးဟူသော ဦးတည်ချက် ၄ ရပ်ချမှတ်ကာ ဆောင်ရွက်လျက်ရှိသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အနုသုခုမပညာများသည် မြန်မာတို့၏ အမျိုးသားရေးအမွေအနှစ်များဖြစ်ပြီး ထိုအမွေအနှစ်များကို ထိန်းသိမ်းမြတ်နိုးခြင်းအားဖြင့် အမျိုးသားရေးစိတ်ဓာတ်များ ကိန်းအောင်းလာနိုင်သည်။ မိမိတို့နိုင်ငံတွင် တစ်မျိုးသားလုံးနှင့်ဆိုင်သော တိုင်းရင်းသားအသီးသီး၏ ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်အနုပညာရပ်များသည် ခေတ်အဆက်ဆက်ခမ်းနားစွာတည်ရှိခဲ့သည်။ အဆိုပါတည်ရှိခဲ့သော စာပေယဉ်ကျေးမှုဓလေ့ထုံးစံများနှင့် အစဉ်အလာများကို လျော့နည်းပပျောက်မှုမရှိစေရန် တိုင်းရင်းသားအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာ့ရိုးရာယဉ်ကျေးမှုထိန်းသိမ်းစောင့်ရှောက်ရေးကို နိုင်ငံတော်ကို ဦးဆောင်ကြိုးပမ်းဆောင်ရွက်နေသည်မှာ နိုင်ငံနှင့်လူမျိုးအတွက် များစွာဂုဏ်ယူဖွယ်ရာပင်ဖြစ်သည်။ အဆိုပါယဉ်ကျေးမှုအမွေအနှစ်များ၊ ပညာရပ်များ မတိမ်ကောမပပျောက်စေရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ရမည်မှာ မြန်မာတစ်မျိုးသားလုံး၏ အမျိုးသားရေးတာဝန်တစ်ရပ်ပင်ဖြစ်ပါကြောင်း ရေးသားအပ်ပါသည်။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန် ၉၆ ရက် သာ လိုတော့သည်။

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၆/၂၀၂၅)ဖြင့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင်ပါဝင်သည့် မြို့နယ် ၁၀၂ မြို့နယ်အား သတ်မှတ်ကြေညာပြီးဖြစ်သည်။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၃/၂၀၂၅) ဖြင့် ရွေးကောက်ပွဲများကျင်းပခြင်းမပြုမည့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၅၆ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၉ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၅၆ နယ်စာရင်းတို့ကို ထုတ်ပြန်ကြေညာပြီးဖြစ်သည်။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၁၀၃/၂၀၂၅) ဖြင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၂၇၄ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၇၅ နယ်၊ အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၂၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၂၆၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၄၂ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ နယ်တို့တွင် ရွေးကောက်ပွဲများကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာပြီးဖြစ်သည်။

# အင်းတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၃၃၁၄ ဧက စိုက်ပျိုးမည်



ယခင်နှစ်က မြေထောက်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**အင်းတော် စက်တင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၃၃၁၄ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အင်းတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၃၃၁၄ ဧကစိုက်ပျိုးရန်လျာထားပြီး အောက်တိုဘာလ ပထမပတ်မှစတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ အင်းတော်မြို့နယ်မှာ မြေထောက်ပဲ ၃၃၁၄ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်သွားမယ်။ ပဲသီးနှံအထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ နည်းပညာတွေကို ပံ့ပိုးဆောင်ရွက်ပေးသွားမှာပါ"ဟု အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်က ပြောပြသည်။

အင်းတော်မြို့နယ်တွင် မြေထောက်ပဲစိုက် တောင်သူများအနေဖြင့် စိုက်ဧကများတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးသည့် သီးနှံများသည် အခြားနည်းစနစ်များဖြင့် စိုက်ပျိုးသည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်းတို့ကြောင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ အထွက်နှုန်းကောင်းမွန်သည့်မျိုးများကို စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

မြေထောက်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေထောက်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်က ပြောပြ၍ သိရသည်။

(၂၀၆)

# ဟသ်ာတမြို့နယ်တွင် သခွားသီးများ အရောင်းအဝယ်ကောင်းမွန်နေ

**ဟသ်ာတ စက်တင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်တွင် ဒေသထွက် သခွားသီးများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဟသ်ာတမြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်က ပြောပြ၍ သိရသည်။

ဟသ်ာတမြို့နယ်တွင် ဒေသထွက်သခွားသီးများ ကုန်စိမ်းဈေးကွက်တွင် စက်တင်ဘာလ ပထမပတ်မှစတင်ပြီး ယနေ့တိုင် အရောင်းအဝယ် ကောင်းမွန်နေပြီး တစ်ရက်လျှင် သခွားသီး အလုံးရေ ၄၀၀၀၀ မှ ၄၅၀၀၀ ထိ အရောင်းအဝယ် ပြုလုပ်နေကြောင်း၊ အဆိုပါ သခွားသီး အလုံးရေ ၁၀၀ လျှင် ငွေကျပ် ၁၃၀၀၀ ထိပေါက်ဈေးရှိကြောင်း သိရသည်။

"ဒီဘက်ကနေထွက်တဲ့ သခွားသီးတွေကို အခြားမြို့နယ်တွေက ဝယ်ယူအား များနေပါတယ်။ လက်ရှိ သခွားသီး အလုံးရေ ၄၅၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေပါတယ်။ အခု အရောင်းအဝယ်ကောင်းနေတဲ့ သခွားသီးတွေက အရည်အသွေးကောင်းပြီး လတ်ဆတ်ပါတယ်။ ဒေသထွက်ကုန်ဖြစ်တော့ သက်သာပြီး သန့်ရှင်းလတ်ဆတ်တဲ့ စားသောက်ကုန်တွေကို စားသုံးနိုင်မှာဖြစ်ပါတယ်။ အခြားဒေသတွေကဒီဘက်ကနေတင်ပို့တဲ့ သခွားသီးတွေကို အဝယ်လိုက်နေပါတယ်။ အခုလို ဒေသထွက် ကုန်သခွားသီးတွေ ဝယ်ယူအားကောင်းလာတော့ စိုက်ပျိုးတဲ့ တောင်သူတွေ အခွင့်အလမ်း ပိုမိုအဆင်ပြေလာပါတယ်" ဟု ဟသ်ာတမြို့နယ်မှ ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်က ပြောပြသည်။

ဟသ်ာတမြို့နယ်တွင် လက်ရှိ သခွားသီးများအပါအဝင် ဒေသထွက် ကုန်စိမ်းသီးနှံများပေါ်နေသည့်အချိန်ဖြစ်ကြောင်း၊ အဆိုပါ ဒေသထွက်သခွားသီးများ ဝယ်ယူမှု အားကောင်းလာခြင်းကြောင့် ဒေသထွက်ကုန်များကိုသာအရောင်းအဝယ်ပြုလုပ်ရခြင်း၊ ကုန်စည်များသယ်ယူရသည့် ကုန်ကျစရိတ်သက်သာခြင်း စသည့်အကျိုးကျေးဇူးများရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# သာစည်မြို့နယ် ကြက်မောက်ကျေးရွာ၌ RBF လုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**သာစည် စက်တင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြက်မောက်ကျေးရွာအုပ်စု ကြက်မောက်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း စီမံကိန်း (RBF)လုပ်ငန်းများ ဆောင်ရွက်နေမှုကို စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကြက်မောက်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF) ရန်ပုံငွေကျပ် သန်း ၃၀ ဖြင့် ဆောင်ရွက်သော နွားမွေးမြူရေးနှင့် ဆိတ်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းဇယားများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF) လုပ်ငန်းအဖွဲ့ဝင်များ၊ နွားမွေးမြူရေးနှင့် ဆိတ်မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေသည့် အသက်မွေးဝမ်းကျောင်းအဖွဲ့လေးဖွဲ့မှ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကြက်မောက်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF)ဖြင့် နွားမွေးမြူရေးနှင့် ဆိတ်မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေသည့် အသက်မွေးဝမ်းကျောင်း အဖွဲ့လေးဖွဲ့မှ အသင်းသား၊ အသင်းသူဦးရေ ၅၀ ကို ရန်ပုံငွေကျပ် သန်း ၃၀ ထုတ်ချေးပေးထားကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ ၂၅ x ၂၆ လမ်းကြား အရှေ့မြို့ပတ်လမ်းနေ ဦးရဲအောင် မိသားစုက ဆွမ်းအလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# ကလေးခရိုင်တွင် လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၆၀၉၃ ဧက စိုက်ပျိုးမည်





**ကလေး စက်တင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၆၀၉၃ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်းစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကလေးမြို့နယ်တွင် ၁၆၇ ဧက၊ ကလေးဝမြို့နယ်တွင် ၁၀၂၇ ဧက၊ မင်းကင်းမြို့နယ်တွင် ၄၈၉၉ ဧက စုစုပေါင်း ၆၀၉၃ ဧကဖြစ်ကြောင်း၊ အဆိုပါ နှမ်းစိုက်ပျိုးမှုကို ယခုနှစ်အောက်တိုဘာလတွင် စတင်စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

"လာမဲ့ ဆောင်းသီးနှံစိုက်ပျိုးရာသီ ကလေးခရိုင်မှာ နှမ်း ဧက ၆၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ဆောင်ရွက်သွားမယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်"ဟု ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြသည်။

ယခုနှစ် ကလေးခရိုင်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးဆီဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်လာမည်ဖြစ်သောကြောင့် နှမ်းကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြ၍ သိရသည်။ (၂၀၆)

# စေတုတ္တရာမြို့နယ် မြေနီကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စေတုတ္တရာ စက်တင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြေနီကုန်းကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စေတုတ္တရာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းနှင့် ဝန်ထမ်းများက မြေနီကုန်းကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍စီမံကိန်းတာဝန်ခံဝန်ထမ်းက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၂ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မြေနီကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းထံမှ သိရသည်။

**ကိုညို**

# အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း နှစ်လခွဲစပါး တင်းရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**အိမ်မဲ စက်တင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း နှစ်လခွဲစပါး တင်းရေအများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း အိမ်မဲမြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီက ပြောပြသည်။

အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း နှစ်လခွဲစပါး တင်းရေ ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း နှစ်လခွဲစပါးတင်းရေ ၆၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''ပြီးခဲ့တဲ့ ဩဂုတ်လအတွင်း နှစ်လခွဲစပါး တင်းရေ ၆၂၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ အိမ်မဲမြို့ကနေ စပါးတွေ၊ ဆန်တွေနဲ့ အခြားလယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချပါတယ်။ နှစ်လခွဲစပါးအမျိုးအစားက အချောအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများနေလို့ တင်ပို့မှုကောင်းခဲ့တာ ဖြစ်ပါတယ်။ နှစ်လခွဲစပါးအမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ အခြားစပါးတွေနဲ့ယှဉ်ရင် ပြီးခဲ့တဲ့ ဩဂုတ်လအတွင်းမှာကောလတ်တလောအနေနဲ့ပါ နှစ်လခွဲစပါးအမျိုးအစားက အရောင်းအဝယ်ပိုဖြစ်နေပါတယ်''ဟု အိမ်မဲမြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီက ပြောပြသည်။

အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် နှစ်လခွဲစပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၅၄၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ စပါးများအရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းကောင်းနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# စာကဗျာများလာ မြန်မာ့ရိုးရာ ကိန်းဂဏန်းသင်္ချာ

ပြေအေးသက်

ရှေးစာဆိုတော်ကြီးများအနေဖြင့် ၎င်းတို့ရေးဖွဲ့ခဲ့သည့်စာကဗျာများတွင် စာစတင်ပြုစုသည့်နှစ်၊ ပြီးဆုံးသည့်နှစ်အပါအဝင် သမိုင်းဆိုင်ရာအချက်အလက်များကို မြန်မာ့ရိုးရာကိန်းဂဏန်းသင်္ချာတို့ဖြင့် ထည့်သွင်းစပ်ဆိုရေးဖွဲ့လေ့ရှိသည်။ ထိုသို့ရေးဖွဲ့ရာတွင် အလင်္ကာပရိယာယ်သုံး၍ ကိန်းဂဏန်းများကို ကွယ်ဝှက်ဖွဲ့ဆိုလေ့ရှိရာ အဆိုပါနည်းအမျိုးမျိုးမှာ အဖြောင့်သင်္ချာနည်း၊ ပါဠိဝေါဟာရသင်္ချာနည်း၊ ဗေဒင်သင်္ချာနည်း၊ ပိဋကတ်သင်္ချာနည်း၊ အဂ္ဂိရတ်သင်္ချာနည်း၊ သင်္ကေတသဒ္ဒါသင်္ချာနည်း၊ ပဟေဠိသင်္ချာနည်းနှင့် ပကိဏ္ဏကသင်္ချာနည်းတို့ဖြစ်ပေသည်။ ယခုတင်ပြခဲ့သည့် နည်းလမ်းများအပြင် အခြားဉာဏ်ကွန့်၍ ရေးဖွဲ့သောနည်းလမ်းများလည်း ထပ်မံရှိနိုင်ပေသည်။ ရှေးဘုရင်များခေတ်၌လည်း ရောင်းရေးဝယ်တာများတွင် ကိန်းဂဏန်းသင်္ချာများကို အသုံးပြုခဲ့ကြရာ အလောင်းစည်သူ၊ ဘုရင့်နောင်၊ အလောင်းဘုရား၊ ဘိုးတော်ဘုရား၊ သာလွန်မင်းနှင့် မင်းတုန်းမင်း လက်ထက်တော်တို့တွင် နိုင်ငံတော်အဆင့် အမိန့်ပြန်တမ်းများထုတ်ပြန်၍ ရောင်းရေးဝယ်တာ ဂဏန်းသင်္ချာများကိုအသုံးပြုခဲ့ကြခြင်းက မြန်မာ့ရိုးရာကိန်းဂဏန်းသင်္ချာ၏ မူလအစများပင်ဖြစ်သည်။

**မြန်မာတို့၏ ရှေးသင်္ချာကျမ်းများ**

"သင်္ချာပကာသက"ကျမ်းသည် ရှေးအကျဆုံးကျမ်းဖြစ်ပြီး ဇင်းမယ်မြို့နေ ရှင်ဉာဏကာဝိလာသ မထေရ်ပြုစုခဲ့ရာ မြန်မာနိုင်ငံသို့ရောက်ရှိလာခဲ့ပြီး အဆိုပါကျမ်းကိုအခြေခံ၍ ၈၈၂ ခုနှစ် ပင်းယ သီဟသူမင်းလက်ထက်တွင် ရှင်သီရိမင်္ဂလာက ဋီကာပါဠိကိုပြုစုခဲ့ပြီး ၁၁၅၆ ခုနှစ် ဘိုးတော်ဘုရားလက်ထက်တွင် ရှင်မုနိန္ဒသာရက စာကိုယ်နိဿယကို ရေးသားပြုစုခဲ့သည်။ အဆိုပါသင်္ချာကျမ်းတွင် အရှည်အလျားနှင့်ဆိုင်သော သဒ္ဒါသင်္ချာ၊ အခြင်အတွယ်ထုထည်နှင့်ဆိုင်သော ဓညသင်္ချာ၊ အလေးချိန်နှင့်ဆိုင်သော ပမာဏသင်္ချာနှင့် အသပြာနှင့်ဆိုင်သော ဘဏ္ဍာသင်္ချာတို့ပါဝင်သည်။ ထို့နောက် ၁၂၅၆ ခုနှစ်တွင် သေသဝိဇ္ဇာဂဏန်းကျမ်း၊ လင်္ကာ ၃၄ ပုဒ်၊ တေးထပ် ၇၄ ပုဒ်ဖြင့် ရေးသားထားသည့် သုဝိစိတ္တဂဏဝိဇ္ဇာကျမ်း၊ ဝိသေသဝိဇ္ဇာကျမ်း၊ သင်္ချာပနာသကျမ်း၊ လီလာဝတီကျမ်းတို့အပြင် စာရေးဆရာရွှေရိုးအမည်ခံ Sir Jame George Scott ၏ အင်္ဂလိပ်ဘာသာဖြင့် ရေးသားပြုစုသည့် The Burman His Life And Notions စာအုပ်တွင် မြန်မာ့ရိုးရာ အခြင်အတွယ်၊ အကွာအဝေးတို့ကို အင်္ဂလိပ်စနစ်သုံး ပေ၊ ပေါင်၊ ပိဿာတို့နှင့် ဆက်သွယ်ပုံကို ရေးသားဖော်ပြထားသည်။

**ကိန်းဂဏန်းနှင့် အက္ခရာဆက်စပ်ပုံ**

ကိန်းဂဏန်းများကို ပါဠိအက္ခရာ ပိဋကတ်သင်္ချာဖြင့် ဝေါဟာရပညတ်ပြုလုပ်သကဲ့သို့ ပျို့ ကဗျာလင်္ကာကျမ်း၊ ဗေဒင်ကျမ်း၊ အဂ္ဂိရတ်ပညာကျမ်း စသည်တို့တွင် မြန်မာအက္ခရာများဖြင့် ကိန်းဂဏန်းတို့ကို ပညတ်ပြုကာ ဖော်ထုတ်ခဲ့ကြသည်။ ၂၆၆ ခုနှစ် သေဉ်လည်ကြောင်မင်းလက်ထက်တွင် အဂ္ဂိရတ်ဆရာများပေါ်ပေါက်ခဲ့ပြီး အိန္ဒိယမှလာသော သာရကောမုနိ၊ သြဓသေရတနာကရ၊ ကာမာရတနာအစရှိသည့် သက္ကတဘာသာ ဆေးကျမ်းများနှင့် ဓာတုပြသံသ စသည့် ဓာတ်စပ်ကျမ်းများ ပေါ်ပေါက်ခဲ့ကြရာ အဆိုပါကျမ်းများတွင် ဓာတ်သားနှင့် ဆေးဝါးသတ္တုတို့ကို ဗေဒင်ဝေါဟာရဖြစ်သည့် ကိန်ဂဏန်းသင်္ချာနည်းဖြင့် ညွှန်ပြခဲ့ကြသည်။ အဂ္ဂိရတ်ကျမ်းများတွင် ဓာတ်မကိုးပါး၊ အကာသဓာတ် ၁၂ ပါးတို့ကို ခွဲခြားဖော်ပြရာ၌ ကိန်းဂဏန်းနှင့် အက္ခရာတို့တွဲဖက်သုံးစွဲပုံကို ပညတ်များခွဲခြားပြထားရာ အဆိုပါပညတ် ခုနစ်ပါးမှာ သထုံပညတ်၊ ပုဂံပညတ်၊ ပိဋကတ်ပညတ်၊ မဂဓပညတ်၊ ဗေဒင်ပညတ်၊ လုပ်ရပ်ဆရာ ပညတ် တကောင်းပညတ်တို့ဖြစ်ကြသည်။

**မြန်မာ့တွက်ရိုးကိန်းသင်္ချာ**

ဗြဟ္မသံယုတ်အင်္ဂုတ္တရပါ မြန်မာ့တွက်ရိုးကိန်းသင်္ချာများမှာ ရှေးကပင်ရှိခဲ့ချေသည်ဟု ဆိုရပေမည်။ မြန်မာကျမ်းဂန်များ၌ သင်္ချာတွက်ကိန်းငါးနည်းရှိခဲ့ရာ မိဿကသင်္ချာ၊ ဂုဏိတသင်္ချာ၊ သမ္ဘန္တသင်္ချာ၊ သင်္ကေတသင်္ချာနှင့် အနေကသင်္ချာတို့ဖြစ်ကြသည်။ ပြောရမည်ဆိုလျှင် အပေါင်း၊ အနုတ်၊ အမြှောက်၊ အစားနှင့် အရေအတွက် အလွန်ကြီးမားသည့် အသင်္ချေထိတွက်ကိန်းများဖြစ်ကြသည်။ ရိုးရာဓလေ့ ထုံးတမ်းအစဉ်အလာများအရ သက်ကြီးစကား သက်ငယ်ကြား၍ အမှန်းအဆ အနေကသင်္ချာနည်းများကိုလည်း အသုံးပြုခဲ့ကြသည်။ အဆိုပါသင်္ချာနည်းကို ရိုးရာသင်္ကေတစိတ်မှတ် သင်္ချာနည်းဟု ဆိုရပေမည်။ ဥပမာဆိုရလျှင် မြန်မာ့ဆေးဝါး၌ ရွှေးစေ့ခန့်၊ မန်ကျည်းစေ့ခန့်၊ သုံးခွက်တစ်ခွက်တင် စသည့်အသုံးအနှုန်းများဖြစ်ကြသည်။ ထို့ပြင် အဆောက်အအုံ၊ ဘုရားစေတီတို့ ဆောက်လုပ်တည်ထားရာတွင် အင်္ဂတေစပ်ရာ၌ "အုံတုံသတ္တာ၊ နဝကျွဲကော်၊ ဒွေးဖော်တင်းလဲ၊ ဥဿျှစ်ခွဲ၊ လဲဝါတဆုပ်၊ ဆီတမှုတ်"ဟူ၍ အုံတုံအစေး ခုနစ်ဆ၊ ကျွဲကော်ကိုးဆ၊ တင်းလဲနှစ်ဆ၊ ဥဿျှစ်စေး ဥဿျှစ်သီးတစ်ခြမ်း၊ လဲဝါမှာ လက်တစ်ဆုပ်နှင့် ဆီတစ်မှုတ်တို့ဖြစ်သည်။

**❖ ဗြဟ္မသံယုတ်အင်္ဂုတ္တရပါ မြန်မာ့တွက်ရိုးကိန်းသင်္ချာများမှာ ရှေးကပင်ရှိခဲ့ချေသည်ဟုဆိုရပေမည်။ မြန်မာကျမ်းဂန်များ၌ သင်္ချာတွက်ကိန်းငါးနည်းရှိခဲ့ရာ မိဿကသင်္ချာ၊ ဂုဏိတသင်္ချာ၊ သမ္ဘန္တသင်္ချာ၊ သင်္ကေတသင်္ချာနှင့် အနေကသင်္ချာတို့ဖြစ်ကြသည်။ ပြောရမည်ဆိုလျှင် အပေါင်း၊ အနုတ်၊ အမြှောက်၊ အစားနှင့် အရေ အတွက် အလွန်ကြီးမားသည့် အသင်္ချေထိတွက်ကိန်းများဖြစ်ကြသည်။ ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာများအရ သက်ကြီးစကားသက်ငယ်ကြား၍ အမှန်းအဆ အနေကသင်္ချာနည်းများကိုလည်း အသုံးပြုခဲ့ကြသည်။ ❖**

**နေ့အမည်၊ နံသင့်အမည်နှင့် အက္ခရာများ**

နေ့အမည် တနင်္ဂနွေ၊ နံသင့်ဂဏန်း "၁"နှင့် နံသင့်အက္ခရာမှာ အ၊ အာ၊ ဣ၊ ဤ၊ ဥ၊ ဦ၊ ဧ၊ အဲ၊ ဩ၊ အံ၊ အားတို့ဖြစ်သည်။ တနင်္လာမှာ "၂"ဂဏန်း၊ အက္ခရာမှာ က၊ ခ၊ ဂ၊ ဃ၊ င တို့ဖြစ်သည်။ အင်္ဂါမှာ "၃"ဂဏန်း၊ အက္ခရာမှာ စ၊ ဆ၊ ဇ၊ ဈ၊ ညတို့ဖြစ်သည်။ ဗုဒ္ဓဟူးမှာ "၄"ဂဏန်း၊ အက္ခရာမှာ ယ၊ ရ၊ လ၊ ဝ တို့ဖြစ်သည်။ ကြာသပတေးမှာ "၅"ဂဏန်း၊ အက္ခရာမှာ ပ၊ ဖ၊ ဗ၊ ဘ၊ မ တို့ဖြစ်သည်။ သောကြာမှာ "၆"ဂဏန်း၊ အက္ခရာမှာ သ၊ ဟတို့ဖြစ်သည်။ စနေမှာ "၇"ဂဏန်း၊ အက္ခရာမှာ တ၊ ထ၊ ဒ၊ ဓ၊ န တို့ဖြစ်သည်။ ရာဟုမှာ "၈"ဂဏန်း၊ အက္ခရာမှာ ရကောက်ဖြစ်သည်။

အင်္ဂလိပ်-မြန်မာစစ်ပွဲ သုံးကြိမ်ကို မှတ်သားရာတွင် "အုံးအုံးရုံးသံ၊ တညံညံ၊ ဝေရန်ပထမ"ဖြစ်၍ ၁၁၄၆ ခုနှစ်၊ "အောက်ကအောင်လံ၊ စိုက်ထူပြန်၊ ဝေရန် ဒုတိယ"ဖြစ်၍ ၁၂၁၄ ခုနှစ်၊ "ဦးကောင်းလိမ်ထုတ်၊ မင်းဆက်ပြုတ်"ဖြစ်၍ ၁၂၄၇ ခုနှစ်ဟူ၍ ဖော်ထုတ်တွေ့ရှိရသည်။ "လှည်းဝင်ရိုးသံ၊ တညံညံ၊ ပုဂံဘုရားပေါင်း"တွင် ၄၄၄၆ ဆူဟူ၍လည်းကောင်း၊ "ဥဩအော်မြည်၊ ကုန်းဘောင်တည်"တွင် ၁၁၁၅ ခုနှစ်ဟူ၍လည်းကောင်း၊ "အင်းအိုင်ဝိုင်းလည်၊ မြို့ကြီးတည်၊ မြို့မည်အမရ"တွင် ၁၁၄၄ ခုနှစ်ဟူ၍လည်းကောင်း အက္ခရာနှင့်ကိန်းဂဏန်းဖလှယ်၍ လင်္ကာတိုများဖြင့် အလွယ်တကူမှတ်သားနိုင်ခဲ့သည်။

**အလင်္ကာပရိယာယ် ကိန်းဂဏန်းကြွယ်**

ဤဆောင်းပါး၏ နိဒါန်းပိုဒ်တွင်ပါရှိသည့် သင်္ချာနည်းများတွင် ရှေးဦးစွာ အဖြောင့်သင်္ချာနည်းအကြောင်းပြောရမည်ဆိုလျှင် ရေးရိုးရေးစဉ်အတိုင်း အဖြောင့်ကိန်းဖြင့် ရေးသားနည်းပင်ဖြစ်သည်။ ပုံစံအားဖြင့် ရှင်အဂ္ဂသမာဓိ၏ သုဝဏ္ဏသျှံမြားပစ်ခန်းပျို့တွင် "ပြီးတုံသနစ်၊ သကရာဇ်လည်း၊ ရှစ်ရာ့ရှစ်ဆယ်၊ ကိုးခုဆွယ်လျက်" ၈၈၉ ခုနှစ်ဟူ၍လည်းကောင်း၊ ရှင်အဂ္ဂသမာဓိ၏ နေမိဘုံခန်းပျို့တွင် "ဤစာပေါ်လစ်၊ သကရာဇ်လည်း၊ စင်စစ်မှန်လှ၊ နှစ်ဖေယျနှင့်၊ ကိုးရာ့အဖျား၊ လေးခုပွားလျက်" ၉၀၄ ခုနှစ်ဟူ၍လည်းကောင်း၊ ရှင်ကုမာရကဿပ၏ ဓမ္မရာသီပျို့တွင် "ပေါ်ထင်ထွန်းပ၊ ကိုးရာ့ရှစ်ဆယ်၊ စွန်းဝယ်ခုနစ်၊ သကရာဇ်လျှင်၊ တက်လစ်ပြီးသော်" ၉၈၇ ခုနှစ်ဟူ၍လည်းကောင်း၊ လက်ဝဲသုန္ဒရအမတ်ကြီး၏ သာဓိနပျို့တွင် "စာဆောင်ဖွင့်လှစ်၊ ပေါ်ထွန်းသစ်ကား၊ သက္ကရာဇ်တွက်ရေ၊ ထောင်နေရာထား၊ လေးဆယ်ခြားလျက်၊ နောက်ပွားငါးခု၊ ဥတုဝဿ၊ မိုးလဝါခေါင်၊ လျှံပြောင်ဝန်းစက်၊ ကျော်လေးရက်" ၌ ၁၁၄၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်ဟူ၍လည်းကောင်း အသီးသီးဖွဲ့ဆိုထားကြသည်။

ပါဠိဝေါဟာရသင်္ချာနည်းအကြောင်း ပြောရမည်ဆိုလျှင် ကိန်းဂဏန်းများကို ပါဠိအခေါ်အားဖြင့် ခေါ်ဝေါ်ရေးဖွဲ့နည်းပင်ဖြစ်သည်။ ပုံစံအားဖြင့် မုံရွေးဆရာတော်၏ နာနာဆန္ဒပျို့တွင် "ပွားတိုးသက္ကရာ၊ ထောင်မှာဧကေ၊ ရာကဇေ်ရွက်၊ ဆယ်တွင်ဒွေပြု၊ ခုတွင်အဋ္ဌ၊ နှစ်အရမူ" ၁၁၂၈ နှစ်ဟူ၍လည်းကောင်း၊ ဆီးဘန်နီဆရာတော်၏ပါတော်မူတမ်းချင်းတွင် "ထုံးနှင့်ဟူလစ်၊ ဂေါဇာစစ်မူ၊ အစ်ဒွေးဇောသတ်၊ လမြတ်ထွန်းပြောင်" ၁၂၄၇ ခုနှစ်ဟူ၍လည်းကောင်း ဖွဲ့ဆိုထားသည်။ ဖွဲ့ဆိုရာတွင် ကိန်းဂဏန်းများကို လက်ဝဲမှ လက်ယာ၊ လက်ယာမှ လက်ဝဲစပ်ဆိုကြသည့်အပြင် နောက်ပြန်အစဉ် ပဋိလုံကောက်ယူသည်လည်းရှိသည်။ ပါဠိသင်္ချာဝေါဟာရများမှာ "၁" ဂဏန်းမှာ ဧကေ၊ ဧကော်၊ ဧ၊ "၂"ဂဏန်းမှာ ဒွေ၊ ဒွိ၊ ဒိ၊ ဒု၊ ဒေါ၊ ဒွါ၊ ဒွယ၊ ဒွာ၊ "၃"ဂဏန်းမှာ တိ၊ တြိ၊ တြိန္ဒ၊ တေ၊ တရိ၊ တရိန်၊ တြိန်၊ တြော၊ "၄"ဂဏန်းမှာ စတု၊ ဇယ၊ စတ္တာရီ၊ စတ္တရော၊ "၅"ဂဏန်းမှာ ပဉ္စ၊ ပဉ်၊ ပဉ္စာ၊ "၆"ဂဏန်းမှာ ဆ၊ ဆဋ္ဌ၊ သော၊ ဆဋ္ဌ၊ "၇"ဂဏန်းမှာ သတ္တ၊ သတ္တာ၊ သတ်၊ "၈"ဂဏန်းမှာ အဋ္ဌ၊ အဋ္ဌိ၊ ဋ္ဌာ၊ ရာဟု၊ "၉"ဂဏန်းမှာ နဝ၊ နေဝ၊ နဝါ၊ "၁၀"ဂဏန်းမှာ ဒသ၊ "၀"ဂဏန်းမှာ သုည စသည်တို့ဖြစ်ကြသည်။

ဗေဒင်သင်္ချာနည်းအကြောင်း ပြောရမည်ဆိုလျှင် ဗေဒင်ပညာ၌ခေါ်တွင်သော နေ့နံအလိုက်မှတ်သားထားသည့်ကိန်းများကို အစွဲပြု၍ သင်္ကေတအမှတ်အသား ရေးဖွဲ့ခြင်းပင်ဖြစ်သည်။ နံသင့်သင်္ချာမှာ ဂဏန်း "၁"တနင်္ဂနွေမှာ ရဝိ၊ သူရိယ၊ ဂဠုန်၊ ဂဏန်း "၂" တနင်္လာမှာ စန္ဒရ၊ စန်း၊ စန္ဒရော၊ ကျား၊ ဂဏန်း "၃" အင်္ဂါမှာ ဘောမ၊ ခြင်္သေ့၊ ဂဏန်း "၄" ဗုဒ္ဓဟူးမှာ ဗုဒ္ဓ၊ ဆင်၊ ဂဏန်း "၅" ကြာသာပတေးမှာ ဂုရု၊ ဇီဝ၊ ကြွက်၊ ဂဏန်း "၆" သောကြာမှာ သောကြ၊ ပူး၊ ဂဏန်း "၇" စနေမှာ သောရီ၊ နဂါး (စနေကို သုညဂဏန်းလည်း မှတ်ကြသည်။) ဂဏန်း "၈" ရာဟုမှာ ဟိုင်းဟုမှတ်ကြလေသည်။ အက္ခရာနံသင့်များကို နေ့အမည်၊ နံသင့်အမည်နှင့် အက္ခရာများအပိုဒ်တွင် တင်ပြပြီးဖြစ်သည်။ ပုံစံအားဖြင့် မုံရွေးဇေတဝန်ဆရာတော်၏ နာရဒပျို့တွင် "အင်္ဂါ၊ ရာဟု၊ မေရု၊ ရဝိ၊ ပဋ္ဋိလောမ၊ ပါဌ်အကျမူ၊ ထောင်ကစွန်းပါ၊ ရာနှင့်ရှစ်ဆယ်၊ အဆွယ်သုံးခု၊ ရတုဟေမ" ၁၁၃၈ ခုနှစ်ဟူ၍ဖွဲ့ဆိုထားသည်။ မေရုနှင့် ရဝိတို့သည် သင်္ကေတသဒ္ဒါသင်္ချာများဖြစ်ကြပြီး တစ်ဂဏန်းများဖြစ်ကြသည်။

ပိဋကတ်သင်္ချာနည်းမှာ အက္ခရာများကို ဂဏန်းစဉ်ချ၍ သင်္ချာကိန်းအစား အက္ခရာဖြင့် မှတ်သား ဖော်ပြသောနည်းဖြစ်သည်။ တကောင်းပညတ်နည်း၊ ပုဂံပညတ်နည်းများရှိခဲ့သော်လည်း ပိဋကတ်သင်္ချာနည်းကိုသာ အသုံးများကြသည်။ ပိဋကတ်သင်္ချာချပုံမှာ "၁"ဂဏန်းတွင် က၊ ဋ၊ ပ၊ ယ ဖြစ်ပြီး "၂"ဂဏန်းတွင် ခ၊ ဌ၊ ဖ၊ ရ ဖြစ်သည်။ "၃"ဂဏန်းတွင် ဂ၊ ဍ၊ ဗ၊ လ တို့ဖြစ်ပြီး "၄"ဂဏန်းတွင် ဃ၊ ဎ၊ ဘ၊ ဝ တို့ဖြစ်သည်။ "၅"ဂဏန်းမှာ င၊ ဏ၊ မ ဖြစ်ပြီး "၆"ဂဏန်းမှာ စနှင့် တ ဖြစ်သည်။ "၇"ဂဏန်းမှာ ဆ၊ ထ၊ သ ဖြစ်ပြီး "၈" ဂဏန်းမှာ ဇ၊ ဒ၊ ဟ တို့ဖြစ်ကာ "၉" ဂဏန်းမှာ ဈ၊ ဓ၊ ဠ တို့နှင့် "၀"ဂဏန်းမှာ ည၊ န၊ အ တို့ဖြစ်ကြသည်။ ဤနည်းအရ မင်းရဲရာဇာဘွဲ့ခံ ပုလိပ်ရွာစား၏ ပုလိပ်စားချောင်းတွင် "သက္ကရာဇ်ဝယ်၊ စက်သစ်ရဟတ်၊ သိကြားမှတ်တွင်၊ ညီညွတ်တန်မှု၊ ကိန်းနှစ်ခုကို၊ စေ့ငုစီမံ၊ ရောဆက်ဆံမူ၊ အာလမ္ဗိက" (၁၃၃၀ခုနှစ်)အာလမ္ဗိက "၀၃၃၁"သည် ပဋိလုံကောက်ယူသော် "၁၃၃၀" ဖြစ်သည်။

အဂ္ဂိရတ်သင်္ချာနည်းမှာ အဂ္ဂိရတ်လုပ်ငန်း သိမှတ်ဖွယ်တို့ကို လင်္ကာတို့၌ ပညာဝှက်၍ရေးသည့် သင်္ကေတတစ်မျိုးသာဖြစ်ပြီး စာပေတွင်ကျယ်ပြန့်စွာ သုံးစွဲလေ့မရှိပါ။ ထိုအဂ္ဂိရတ်သင်္ချာကို သင်္ဘော်ပုံရေး၍ ဂဏန်းချသောကြောင့် သင်္ဘော်ပုံသထုံပညတ်ဟုလည်း ခေါ်ဆိုကြလေသည်။ နောက်တစ်မျိုးဖြစ်သည့် သင်္ကေတသဒ္ဒါသင်္ချာနည်းကို ပဲခူးမြို့ ကလျာဏီသိမ်ကျောက်စာတွင် ဘုရားဖြူဆရာတော် ဖွင့်ဆိုရှင်းပြထားသည်နှင့် အခြားရှင်းပြမှုများအရ ရူပ၊ စန္ဒ၊ ကု၊ မေရု၊ ဘူတို့သည် တစ်ခု၊ ယမ၊ နယန၊ ဓမ္မ၊ စက္ခု၊ ကဏ္ဏ၊ ဇာတိ၊ ဒီပ၊ ယမ၊ ဟတ္ထ၊ ပက္ခ၊ သတိတို့သည် နှစ်ခု၊ သိခိ၊ အဂ္ဂိ၊ ရာမ၊ ဂုဏ၊ ကာလ၊ ခေတ္တတို့သည် သုံးခု၊ ဗေဒင်၊ ဇလဓိ၊ ဇော၊ဇောတိ၊ ယာမ၊ ယု၊ယုဂ၊ ဝေဒ၊ သမိဒ်၊ သာဂရ၊ သိန္ဓု၊ သမုဒ္ဒ၊ ဗြဟ္မဏ၊ ဝဏ္ဏ၊ အမ္ဗုဓိ၊ ဟရိ၊ ဗာဟု၊ သေနင်္ဂ၊ ဥပါယ၊ အဿမ တို့သည် လေးခု၊ ပါဏ၊ သရ၊ ပဏ္ဏဝ၊ ဗာဏ၊ ဝါဏ၊ ဥသု၊ ရုဒ္ဒါဿ၊ ဣန္ဒြိယ၊ အဂ္ဂ၊ ဝတ၊ မဟာပါလ၊ မဟာဘူတ၊ မဟာကမ္မ၊ မဟာမခ၊ ပုရာဏ၊ လက္ခဏ၊ အနိလ၊ ဝဂ္ဂ၊ ဣန္ဒြိယတ္တတို့သည် ငါးခု၊ ရသ၊ ဝဇီရကောဏ၊ နေတ္ထ၊ တက္က၊ ဒဿန၊ စက္ကဝတ္တိ၊ မဟာသေန၊ ဝဒန၊ ဥတုတို့သည် ခြောက်ခု၊ မု၊ မုနိ၊ အဿ၊ သရတို့သည် ခုနစ်ခု၊ နာဂ၊ ကရီ၊ ဂဇ၊ ပဿျူ၊ ဝသု၊ သပ္ပ၊ ဂြဟ၊ ပသုတို့သည် ရှစ်ခု၊ ရန္ဓ၊ ဆိဒ္ဒ၊ အင်္ဂ၊ နန္ဒ တို့သည် ကိုးခုနှင့် နဘ၊ ခ၊ ဝိသွ၊ ဝိဿ၊ ဒိသ၊ ဒေါသတို့သည် သုညဖြစ်သည်။

စာမျက်နှာ ၅ သို့ á

## ၂၀၂၅ ခုနှစ် ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄)ရပ်

၁။ မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှုလက္ခဏာများကို ဖော်ထုတ်ထိန်းသိမ်း မြှင့်တင်နိုင်ရေး၊

၂။ ပြည်ထောင်စုသွေးချင်းများ၏ သွေးစည်းညီညွတ်သည့်စိတ်ဓာတ်နှင့် အမျိုးသားစည်းလုံးညီညွတ်မှု စိတ်ဓာတ်တို့ကို မြန်မာ့အနုပညာဖြင့် ဖော်ထုတ်ပြသနိုင်ရေး၊

၃။ မြန်မာ့ရိုးရာအနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းအမွေပေးအပ်နိုင်ရေး၊

၄။ နိုင်ငံတော်၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှုနှင့် အနုပညာ၏ အခန်းကဏ္ဍမှ တစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

# ထီးချိုင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၈၂၅ ဧကစိုက်ပျိုးမည်



ယခင်နှစ်က ခရမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ထီးချိုင့် စက်တင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၈၂၅ ဧကစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထီးချိုင့်မြို့နယ်တွင် ဟင်းသီးဟင်းရွက် ၁၈၂၅ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ထီးချိုင့်မြို့နယ်အတွင်း ဟင်းသီးဟင်းရွက်ဧက ၁၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဟင်းသီးဟင်းရွက် စိုက်ပျိုးရာမှာ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာဥ စတဲ့သီးနှံတွေ စိုက်ပျိုးမှာဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင်စိုက်ပျိုးဖို့ နည်းပညာတွေ ပေးသွားပါမယ်"ဟု ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြသည်။

ထီးချိုင့်မြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAPနည်းစနစ်ဖြင့် စိုက်ပျိုးရန်၊ စိုက်ခင်းများမှထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့် ညီညွတ်သည့် သီးနှံဖြစ်စေရန် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြ၍ သိရသည်။

(၂၀၆)

á **စာမျက်နှာ ၄ မှအဆက်**

သို့ဖြစ်၍ ဆဗ္ဗဥ္စထေရ် ပုဂံသို့ကြွလာသည့်ခုနှစ်ကို "သိခိ ဗေဒ ပါဏ သက္ကရာဇေ"ဟုဆိုသည်ကို သင်္ကေတသဒ္ဒါနည်းအရ သိခိသည် သုံး၊ ဗေဒသည် လေး၊ ပါဏသည် ငါးဖြစ်၍ ၃၄၅ ကို ပဋိလုံနည်းအရ နောက်ပြန်စဉ်သော် ၅၄၃ ခုနှစ်ဟုသိရသည်။ ရှင်မဟာရဋ္ဌသာရ၏ စတုဓမ္မသာရပျို့တွင် "အစွန်းငါးခု၊ ပဿျူအဋ္ဌ၊ ဒီဃသက္ကရာဇ်"၅၈၈ ခုနှစ်ကို ရေးဖွဲ့ထားသည်ကို တွေ့ရှိရသည်။ နောက်ထပ်သင်္ချာနည်းတစ်ခုဖြစ်သည့် ပဟေဠိသင်္ချာနည်းသည် အသိခက်အောင် ဉာဏ်စေစားကာ ရေးဖွဲ့နည်းဖြစ်သည့်အပြင် စကားထာဝှက်၍လည်း ရေးဖွဲ့ကြသေးသည်။ ပုံစံအားဖြင့် ဦးရွှန်း၏ ဥမ္မာဒန္တီပျို့နိဂုံး အပိုဒ် (၁၀) တွင် "မြတ်စွာဘုရား၊ ထားသည့်သာသနာ၊ သင်္ချာမြားမြောင်၊ တွက်ကျူးဆောင်လျှင်၊ ငါးထောင်အနက်၊ တဝက်ဖြစ်အောင်၊ ရှစ်နှစ်တရာ၊ မှန်စွာရေတွက်၊ ဂဏန်းစွက်က၊ တဝက်စင်စစ်၊ ကေန်ဖြစ်အံ့"ဟုရေးဖွဲ့ထားသဖြင့် သာသနာထက်ဝက် ၂၅၀၀ ပြည့်ရန် ၁၀၈ နှစ်လိုသဖြင့် သာသနာနှစ် ၂၃၉၂ နှစ်၊ ကောဇာသက္ကရာဇ် ၁၂၁၀ နှစ်ကိုဆိုလိုကြောင်း ပဟေဠိကိုအဖြေညှိနိုင်ပေသည်။

နောက်ဆုံးသင်္ချာနည်းမှာ ပကိဏ္ဏကသင်္ချာနည်းဖြစ်သည်။ ဤနည်းကား အခြားမဟုတ်ဘဲ အထက်ဖော်ပြခဲ့သည့် သင်္ချာနည်းများကို အမျိုးမျိုးရောနှောပေါင်းစပ် ဝှက်ဖွဲ့သည့်နည်းပင်ဖြစ်သည်။ ပုံစံအားဖြင့် ရှင်မဟာရဋ္ဌသာရ၏ စတုဓမ္မသာရပျို့တွင် "အစွန်းငါးခု၊ ပဿျူအဋ္ဌ၊ ဒီဃသက္ကရာဇ်"တွင် ငါးခုသည် အဖြောင့်သင်္ချာ၊ ပဿျူသည် သင်္ကေတသင်္ချာ၊ အဋ္ဌသည် ပါဠိသင်္ချာတို့ကို ပေါင်းစပ်ဖွဲ့ဆိုထားခြင်းဖြစ်သည်။ ထို့ပြင် ကျမ်းဂန်တို့တွင်လာသော ယထာသင်္ချာနည်း (အရေအတွက်အတိုင်း ယူရသောနည်း)၊ ယတ္ထာကမနည်း (အစဉ်အတိုင်းယူရသောနည်း)နှင့် ယတ္ထာလာဘနည်း (ထိုက်သင့်အားလျော်စွာယူရ သောနည်း) စသည်တို့လည်း ရှိကြလေသည်။ ထို့ပြင် မြန်မာ့တွက်ရိုးကိန်းသင်္ချာနည်း ငါးနည်းလည်း ရှိနေပေသေးသည်။ ထိုနည်းများအပြင် အဓိကသင်္ချာနည်း (ရောင်ခြည်တစ်ထောင်၌ တစ်ထောင်မျှမကဟူ၍ ယူဆနည်း)၊ ဦနသင်္ချာနည်း ( ၅၄၇ ဇာတ်ကို ၅၅၀ ဟူ၍ဖြည့်ပြီး နီးရာယူနည်း)နှင့် သမာနသင်္ချာနည်း (အတိအကျကောက်ယူနည်း)စသည်ဖြင့် အနည်းနည်း ရှိနေပေသေးသည်။ ဤသင်္ချာနည်းများသည် မြန်မာစာပေလေ့လာရာတွင် သိမှတ်သင့်သောအရာတစ်ခုအနေဖြင့် ရေးသားရပေသည်။

**ကိုးကား**

**၁။ လှသမိန်၏ မြန်မာစာပေအဆီအနှစ်**

**၂။ ဒဂုန်နတ်ရှင်၏ မြန်မာ့ရိုးရာကိန်းဂဏန်းသင်္ချာ**

**၃။ ရွှေခြံသက်ပိုင်၏ မြန်မာ့ရိုးရာဂဏန်းသင်္ချာ**

## တို့ဝန်းကျင်မှာ သန့်ရှင်းပါ

\- ပတ်ဝန်းကျင် ဘေးမသန်း
အေးချမ်းဖို့ လိုအပ်ပေ၊
အမှိုက်များကို နေ့စဉ်သိမ်းလို့
ထိန်းသိမ်းစို့လေ၊
အမှိုက်များက အန္တရာယ်ပေ
အမှန်တကယ်လေ သတိထား၊
မသိမ်းဆည်းလျှင် ကြွက်ခြင်ယင်ပေါလို့
ရောဂါတွေပွား။

\- ပလတ်စတစ်ကို သတိထားလို့
အသိပွား သုံးစွဲပါ၊
မြေလွှာပေါ် စွန့်ပစ်တော့
စိတ်ညစ်စရာ၊
ဆွေးမြည့်မှု မလွယ်ကူပါ
နှစ်ပေါင်းများးစွာ တည်ရှိမြဲ၊
သဘာဝပတ်ဝန်းကျင် ထိခိုက်လို့
ဂရုစိုက်သုံးစွဲ။

\- အမှိုက်သရိုက်ကို လှည်းကျင်းလို့
သန့်ရှင်းအောင် နေထိုင်ပါ၊
အမြင်အာရုံ စိတ်ရွှင်လန်းလို့
ကျန်းမာချမ်းသာ၊
မြို့ရွာ၏ ဂုဏ်သိက္ခာ
ပုံရိပ်လွှာ အမြင်ကောင်း၊
သန့်ရှင်းစွာ ပြုမူကြရင်ဖြင့်
စံပြုကာ အတုယူကြဖို့
(တို့မြို့ရွာ...)
စံပြဖြစ်စေကြောင်း။ ။

ပန်းမာလာ

# ဝါးခယ်မမြို့နယ် တရုတ်ချောင်းကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းနေမှု စစ်ဆေး

**ဝါးခယ်မ စက်တင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေဖြင့် တရုတ်ချောင်းကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြောင်းမြခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်သူကိုကို၊ ဝါးခယ်မမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဇော်ထက်နှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ တရုတ်ချောင်းကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးကျော်သူကိုကိုက ကွန်ကရစ်ဘီးလမ်းကို သတ်မှတ်ထားသော စံနှုန်းများအတိုင်း အချိန်မီပြီးစီးအောင်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

တရုတ်ချောင်းကျေးရွာ၌ တစ်ဖက်လျှင် လမ်းအရှည် ပေ ၁၁၇၀၊ အကျယ် သုံးပေ၊ အမြင့် သုံးလက်မ စီရှိ ကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၅၀ စုစုပေါင်းငွေကျပ်သိန်း ၂၀၀ ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာပံ့ပိုး၍ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ဩဂုတ်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၅ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **အိပိုးပိုး**

## နိုင်ငံတကာ သတင်းများ

# မြောက်ကိုရီးယားလက်နက်စွန့်လွှတ်ရေးတောင်းဆိုချက် ရုပ်သိမ်းပေးပါက အမေရိကန်အစိုးရနှင့် ဆွေးနွေးနိုင်ကြောင်း ကင်ဂျုံအန်ပြောကြား



**ပြုံယမ်း စက်တင်ဘာ ၂၂**

မြောက်ကိုရီးယား လက်နက်များ စွန့်လွှတ်ပေးရေး တောင်းဆိုချက်ကို အမေရိကန်နိုင်ငံက ရုပ်သိမ်းခဲ့ပါက အမေရိကန်အစိုးရနှင့် ဆွေးနွေးမှုများ ပြုလုပ်မည်ဖြစ်ကြောင်း မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်က စက်တင်ဘာ ၂၁ရက်တွင် ပြောကြားခဲ့သည်။

မိမိအနေဖြင့် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်နှင့်ပတ်သက်၍ ပုဂ္ဂိုလ်ရေးအရ အမှတ်ရစရာများ ရှိနေဆဲဖြစ်ကြောင်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က စက်တင်ဘာ ၂၁ ရက် အမျိုးသားလွှတ်တော်မိန့်ခွန်း၌ ထည့်သွင်းပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်တို့သည် အမေရိကန်သမ္မတ ရာထူးကို ဒေါ်နယ်ထရမ့် ပထမဆုံးအကြိမ် ရယူထားစဉ်ကာလက သုံးကြိမ်ထိ တွေ့ဆုံခဲ့ဖူးသည်။

သို့ရာတွင် အရေးယူပိတ်ဆို့မှုများကို အမေရိကန်အစိုးရ ပြန်လည်ရုပ်သိမ်းရေးအတွက် မိမိအနေဖြင့် မြောက်ကိုရီးယားလက်နက်များကို စွန့်လွှတ်မည်မဟုတ်ကြောင်း မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်က ပြောကြားထားသည်။

ယင်းအပြင် အမေရိကန်အစိုးရအနေဖြင့် မြောက်ကိုရီးယားလက်နက်များ စွန့်လွှတ်ပေးရေးတောင်းဆိုချက်ကို ရုပ်သိမ်းပေးခဲ့ပါက အမေရိကန်အစိုးရနှင့် မဆွေးနွေးနိုင်စရာအကြောင်းမရှိကြောင်း ကင်ဂျုံအန်က ပြောကြားခဲ့သည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် အမျိုးသားလွှတ်တော်မိန့်ခွန်းတွင် သမ္မတဒေါ်နယ်ထရမ့်၏အမည်ကို ယခုနှစ်ဇန်နဝါရီလနောက်ပိုင်း ပထမဆုံးအကြိမ် ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# ဆီးရီးယားသမ္မတ ကုလသမဂ္ဂအထွေထွေညီလာခံတက်ရောက်ရန် နယူးယောက်မြို့သို့ ရောက်ရှိ



**နယူးယောက် စက်တင်ဘာ ၂၂**

ဆီးရီးယားသမ္မတ အာမက် အယ်လ်ရှာရားသည် ကုလသမဂ္ဂအထွေထွေညီလာခံတက်ရောက်ရေးအတွက် အမေရိကန်နိုင်ငံ နယူးယောက်မြို့သို့ ယနေ့တွင် ရောက်ရှိခဲ့ကြောင်း သိရသည်။

သမ္မတ အယ်လ်ရှာရားသည် ၁၉၆၇ခုနှစ်နောက်ပိုင်း ကုလသမဂ္ဂအထွေထွေညီလာခံ၌ ပါဝင်တက်ရောက်မည့် ပထမဆုံး ဆီးရီးယားသမ္မတဖြစ်သည်။

ဆီးရီးယားသမ္မတ အယ်လ်ရှာရားသည် တစ်ချိန်က ဆုတော်ငွေ အမေရိကန်ဒေါ်လာ ၁၀ သန်း အထုတ်ခံခဲ့ရသော အယ်ကိုင်ဒါ အကြမ်းဖက်အုပ်စု ခေါင်းဆောင်တစ်ဦးဖြစ်ခဲ့ဖူးသည်။

သို့ရာတွင် ယခုနှစ် မေလအတွင်း ဆော်ဒီအာရေဗျနိုင်ငံ၌ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် တွေ့ဆုံနိုင်ခဲ့ပြီးနောက် သမ္မတ အယ်လ်ရှာရားသည် အနောက်အုပ်စုနိုင်ငံများ၏သံတမန်ရေးအရ ထောက်ခံမှုများ ရယူနိုင်ခဲ့သည်။

အမေရိကန်နိုင်ငံသည် ဆီးရီးယားနိုင်ငံအပေါ် ချမှတ်ထားသည့် စီးပွားရေး အရေးယူပိတ်ဆို့မှုအများစုကို ဖြေလျှော့ပေးထားပြီးဖြစ်သည်။

အလားတူ သမ္မတ အယ်လ်ရှာရား၏ ဆီးရီးယားနိုင်ငံ တည်ငြိမ်ရေးနှင့် သွေးစည်းညီညွတ်ရေးကြိုးပမ်းမှုများအားထောက်ခံကြောင်း အမေရိကန်အစိုးရက ပြောကြားထားသည်။

**Ref : RT**
**Trs : KKO**

# အမေရိကန်အောက်လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ တရုတ်အမျိုးသားကာကွယ်ရေးဝန်ကြီးတုန်ကျွင်းနှင့် တွေ့ဆုံဆွေးနွေး

**ပေကျင်း စက်တင်ဘာ ၂၂**

တရုတ်နိုင်ငံသို့ ရောက်ရှိနေသော အမေရိကန်အောက်လွှတ်တော်ကိုယ်စားလှယ် အဖွဲ့သည် ပေကျင်းမြို့၌ ယနေ့တွင် တရုတ်အမျိုးသား ကာကွယ်ရေးဝန်ကြီး တုန်ကျွင်းနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

အောက်လွှတ်တော်ဒီမိုကရက်တစ်လွှတ်တော်အမတ် အဒမ်စမစ်ဦးဆောင်သော အမေရိကန်အောက်လွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၂၁ ရက်တွင် တရုတ်နိုင်ငံသို့ စတင်ရောက်ရှိနေခြင်းဖြစ်သည်။

အမေရိကန်အောက်လွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၂၁ ရက်တွင် တရုတ်ဝန်ကြီးချုပ်လီချန်းနှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့သည်။

အဆိုပါ အမေရိကန်အောက်လွှတ်တော်ကိုယ်စားလှယ် အဖွဲ့သည် ၂၀၁၉ခုနှစ်နောက်ပိုင်း တရုတ်နိုင်ငံသို့ ရောက်ရှိလာသည့် အမေရိကန်အောက်လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ဖြစ်သည်။

အဆိုပါ အမေရိကန်အောက်လွှတ်တော်ကိုယ်စားလှယ်အဖွဲ့၏ တရုတ်ခရီးစဉ်ကို အမေရိကန်-တရုတ် နှစ်နိုင်ငံဆက်ဆံရေး နွေးထွေးလာစေရန် အထောက်အကူပေးမည့် ခရီးစဉ်အဖြစ် တရုတ်ဝန်ကြီးချုပ် လီချန်းက ပြောကြားထားသည်။

ကုန်သွယ်ရေး ပြဿနာများ အပါအဝင် ပြဿနာအမျိုးမျိုးကြောင့် တရုတ်နှင့် အမေရိကန်နိုင်ငံတို့ကြား ဆက်ဆံရေးတင်းမာနေချိန်တွင် အမေရိကန်အောက်လွှတ်တော် ကိုယ်စားလှယ်အဖွဲ့ တရုတ်နိုင်ငံသို့ ရောက်ရှိနေခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# အီရန်အဏုမြူစွမ်းအင်အေဂျင်စီအကြီးအကဲ ရုရှားနိုင်ငံ မော်စကိုမြို့သို့ ရောက်ရှိ

**မော်စကို စက်တင်ဘာ ၂၂**

အီရန် အဏုမြူ စွမ်းအင်အေဂျင်စီအကြီးအကဲ မိုဟာမက် အက်စလာမီသည် ရုရှားနိုင်ငံ မော်စကိုမြို့သို့ ရောက်ရှိနေကြောင်း ရုရှားပြည်တွင်းမီဒီယာများက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

မြောက်ကိုရီးယား အစီအစဉ်များ ပြန်လည်စတင်မှုအတွက် အီရန်နိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများ ပြန်လည်ချမှတ်ရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဆုံးဖြတ်ခဲ့ပြီးနောက် အီရန်အဏုမြူစွမ်းအင်အေဂျင်စီအကြီးအကဲ မော်စကိုမြို့သို့ရောက်ရှိနေခြင်းဖြစ်သည်။

မော်စကိုမြို့သို့ ရောက်ရှိနေစဉ် အီရန်အဏုမြူစွမ်းအင်အေဂျင်စီအကြီးအကဲ အက်စလာမီသည် ရုရှားတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။

ဗြိတိန်၊ ဂျာမနီနှင့် ပြင်သစ်နိုင်ငံတို့၏ ဖိအားပေးမှုဖြင့် ကုလသမဂ္ဂလုံခြုံရေး ကောင်စီသည် စက်တင်ဘာ ၁၉ ရက်တွင် အီရန်နိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများ ပြန်လည်ချမှတ်ရန် မဲခွဲဆုံးဖြတ်ခဲ့သည်။

အဆိုပါ ကုလသမဂ္ဂလုံခြုံရေး ကောင်စီမဲခွဲပွဲတွင် အီရန်၏ အဓိကမဟာမိတ်ဖြစ်သည့် ရုရှားနိုင်ငံက အီရန်အပေါ် အရေးယူပိတ်ဆို့မှုများ ပြန်လည်ချမှတ်မည့် အဆိုကို ကန့်ကွက်မဲပေးခဲ့သည်။

အီရန်နိုင်ငံအနေဖြင့် ၂၀၁၅ ခုနှစ် မြောက်ကိုရီးယားသဘောတူညီချက်ပါ ကတိကဝတ်များကို ချိုးဖောက်ခဲ့သည်ဟု ဗြိတိန်၊ ပြင်သစ်နှင့် ဂျာမနီနိုင်ငံတို့က စွပ်စွဲထားကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# ဂျူးနှစ်သစ်ကူးကာလအတွင်း ပြည်တွင်း၌စစ်အင်အားမြှင့်တင်ထားရန် အစ္စရေးတပ်မတော် စီစဉ်



**ဂျေရုဆလင် စက်တင်ဘာ ၂၂**

ဂျူးနှစ်သစ်ကူးကာလ အားလပ်ရက်ရာသီကာလအတွင်း အစ္စရေးနိုင်ငံတစ်ဝန်း၌ ကြည်း၊ ရေ၊ လေ တပ်များအင်အားကို ထပ်မံဖြည့်တင်းထားမည် ဖြစ်ကြောင်း အစ္စရေး တပ်မတော်က ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ရှေ့တန်း စစ်မြေပြင်များ၏ အခြေအနေကို အကဲဖြတ်ဆန်းစစ်ခဲ့ပြီးနောက် အားလပ်ရက်ရာသီကာလအတွက် ပြည်တွင်း၌ စစ်အင်အား မြှင့်တင်ထားရန် အစ္စရေးတပ်မတော်က စီစဉ်ထားခြင်းဖြစ်သည်။

လေ့ကျင့်မှု ရယူနေဆဲဖြစ်သည့် တိုက်ပွဲဝင်စစ်သည်များသည်လည်း ဂျူးနှစ်သစ်ကူးကာလ အားလပ်ရက်ကာလ ပြည်တွင်းလုံခြုံရေးကို အထောက်အကူပေးလိမ့်မည်ဖြစ်ကြောင်း အစ္စရေးတပ်မတော်က သတင်းထုတ်ပြန်ထားသည်။

ဂျူးနှစ်သစ်ကူးအားလပ်ရက်ကာလသည် ယနေ့မှစ၍ အောက်တိုဘာ လလယ်ပိုင်းထိ ကြာမြင့်မည်ဖြစ်သည်။

ဂါဇာကမ်းမြောင် အခြေစိုက် ဟားမတ်စ်အုပ်စုသည် ဂျူးနှစ်သစ်ကူးကာလဖြစ်သည့် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် အစ္စရေးတောင်ပိုင်းမြို့များကို ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် အစ္စရေးတပ်မတော်သည် ဟားမတ်စ်အုပ်စုကို အပြီးသတ် ရှင်းလင်းရေးအတွက် ဂါဇာကမ်းမြောင်ဒေသ ဂါဇာစီးတီးမြို့ကို ထိုးစစ်ဆင်တိုက်ခိုက်လျက် ရှိကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## နာဆာ၏ ဗိုက်ပါလမျက်နှာပြင်လေ့လာရေးယာဉ်ကို လပေါ်သို့ပို့ဆောင်ရေးအတွက် ဘလူးအော်ရီဂျင်ကုမ္ပဏီ တာဝန်ယူမည်



**ဝါရှင်တန် စက်တင်ဘာ ၂၂**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) ၏ ဗိုက်ပါလမျက်နှာပြင်လေ့လာရေးယာဉ်ကို လပေါ်သို့ပို့ဆောင်ရေးအတွက် ဘလူးအော်ရီဂျင်ကုမ္ပဏီက တာဝန်ယူမည်ဖြစ်ကြောင်း စက်တင်ဘာ ၂၁ ရက် သတင်းများအရ သိရသည်။

ဗိုက်ပါလမျက်နှာပြင်လေ့လာရေးယာဉ်ကို လကမ္ဘာပေါ်သို့ ပို့ဆောင်ရေးအတွက် ဘလူးအော်ရီဂျင်ကုမ္ပဏီကို ရွေးချယ်ထားကြောင်း နာဆာတာဝန်ရှိသူများက စက်တင်ဘာ ၂၁ ရက်တွင် အတည်ပြုကြေညာထားသည်။

ဘလူးအော်ရီဂျင်ကုမ္ပဏီသည် ဗိုက်ပါလမျက်နှာပြင်လေ့လာရေးယာဉ်ကို Blue Moon Mark-1 အမည်ရှိ လဆင်းယာဉ်ဖြင့် လမျက်နှာပြင်ပေါ်သို့ ၂၀၂၇ ခုနှစ် နှစ်ကုန်ပိုင်းတွင် ပို့ဆောင်ပေးမည်ဖြစ်သည်။

နာဆာအဖွဲ့သည် မူလက ဗိုက်ပါလမျက်နှာပြင်လေ့လာရေးယာဉ်ကို အက်စရိုဘော့တစ်ကုမ္ပဏီ၏ ဂရစ်ဖင်လဆင်းယာဉ်ဖြင့် လွှတ်တင်ရန်စီစဉ်ထားသော်လည်း နောက်ပိုင်းတွင် ဘတ်ဂျက်အခြေအနေကြောင့် မစ်ရှင်ကို ဖျက်သိမ်းခဲ့ရသည်။

ဗိုက်ပါလမျက်နှာပြင်လေ့လာရေးယာဉ်သည် လကမ္ဘာတောင်ဝင်ရိုးစွန်းဒေသ၌ ခိုအောင်းနေသော ရေခဲတတ်များကို ရှာဖွေပေးမည်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## အီကွေဒေါနိုင်ငံမှရရှိသည့် ပယင်းကျောက်သားထဲတွင် ခရီတေးစီးယပ်စ်ဘူမိခေတ် အင်းဆက်ပိုးမွှားများ၏ကျောက်ဖြစ်ရုပ်ကြွင်း တွေ့ရှိ

**ကွီတို စက်တင်ဘာ ၂၂**

အီကွေဒေါနိုင်ငံ အမေဇုန် မိုးသစ်တောဒေသမှရရှိသော ပယင်းကျောက်သားထဲတွင် ခရီတေးစီးယပ်စ်ဘူမိခေတ် အင်းဆက်ပိုးမွှားများ၏ ကျောက်ဖြစ်ရုပ်ကြွင်းကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း စက်တင်ဘာ ၂၁ ရက် သတင်းများအရ သိရသည်။



အဆိုပါပယင်းကျောက်အတွင်း တွေ့ရှိခဲ့ရသည့် အင်းဆက်ကျောက်ဖြစ်ရုပ်ကြွင်းများ၏ သက်တမ်းမှာ နှစ်ပေါင်း ၁၁၂ သန်းထိ ရှိနိုင်ကြောင်း အီကွေဒေါသိပ္ပံပညာရှင်များက ပြောကြားသည်။

အီကွေဒေါနိုင်ငံ နာပိုပြည်နယ် အာခီဒိုနာမြို့၌ တူးဖော်တွေ့ရှိခဲ့ရသော ခရီတေးစီးယပ်စ်ဘူမိခေတ် ပယင်းကျောက်သားထဲတွင် ပင့်ကူအိမ်တစ်ခု၏ အစိတ်အပိုင်းတစ်ခု ပါဝင်နေကြောင်း သိပ္ပံပညာရှင်များ၏အဆိုအရ သိရသည်။

အီကွေဒေါနိုင်ငံမှ ရရှိသည့် ပယင်းကျောက်သားထဲတွင် ပိုးတောင်မာနှင့် နကျယ်ကောင်အပါအဝင် အင်းဆက်ပိုးအမျိုးအစား ငါးမျိုးထိရှိနေကြောင်း သိရသည်။

အဆိုပါ ပယင်းကျောက်ထဲရှိ အင်းဆက်များကို လေ့လာခြင်းဖြင့် ခရီတေးစီးယပ်စ်ဘူမိခေတ်ကာလ တောင်အမေရိကတိုက်၏ ဂေဟစနစ်ကို နားလည်လာနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

တောင်အမေရိကတိုက်သည် ခရီတေးစီးယပ်စ်ဘူမိခေတ်က ဂွန်ဒွါနာ မဟာပထဝီတိုက်ကြီး၏ အစိတ်အပိုင်း ဖြစ်ခဲ့ဖူးကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## XSMT ရေဒီယိုတယ်လီစကုပ်သစ် တည်ဆောက်ရေးလုပ်ငန်းကို တရုတ်နိုင်ငံက စက်တင်ဘာ ၂၁ ရက်တွင် စတင်နေ

**ဝါရှင်တန် စက်တင်ဘာ ၂၂**

XSMT အမည်ရှိ ရေဒီယိုတယ်လီစကုပ်သစ် တည်ဆောက်ရေးလုပ်ငန်းကို တရုတ်နိုင်ငံက စက်တင်ဘာ ၂၁ ရက်တွင် စတင်နေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေဒီယိုတယ်လီစကုပ်ကို တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ချင်းဟိုင်း- တိဗက်ကုန်းမြင့်ဒေသ၌ တရုတ်အမျိုးသားသိပ္ပံအကယ်ဒမီက တည်ဆောက်နေခြင်းဖြစ်သည်။

XSMT ရေဒီယိုတယ်လီစကုပ်သည် စကြဝဠာ၏လျှို့ဝှက်ချက်များကိုဖော်ထုတ်ရာတွင် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း တရုတ်အမျိုးသားသိပ္ပံအကယ်ဒမီမှ သိပ္ပံပညာရှင်များက ပြောကြားသည်။

XSMT ရေဒီယိုတယ်လီစကုပ်တည်ဆောက်ရေးလုပ်ငန်းသည် ၂၀၂၇ ခုနှစ်တွင် ပြီးဆုံးမည်ဖြစ်ကြောင်း တရုတ်အမျိုးသားသိပ္ပံအကယ်ဒမီက သတင်းထုတ်ပြန်ထားသည်။

XSMT ရေဒီယိုတယ်လီစကုပ် တည်ဆောက်နေသည့် ချင်းဟိုင်း- တိဗက် ကုန်းမြင့်ဒေသသည် တည်နေရာမြင့်မားခြင်း၊ လူသားတို့၏ အနှောင့်အယှက်နည်းပါးခြင်း၊ လေထုအတွင်း ရေငွေ့စုစည်းမှုအလွန်နည်းပါးခြင်း စသည့်အချက်များနှင့် ပြည့်စုံကြောင်း တရုတ်သိပ္ပံပညာရှင်များက ပြောကြားသည်။

XSMT ရေဒီယိုတည်လီစကုပ်သည် စကြဝဠာ၏ဖွဲ့စည်းပုံနှင့် ကြယ်စုကြီးများ၏ သဘာဝကို အဓိကထား လေ့လာမည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## အာခံတွင်းထဲရှိ ဗက်တီးရီးယားများက ပန်ကရိယကင်ဆာဖြစ်နိုင်ခြေနှင့် ဆက်စပ်နေ

**နယူးယောက် စက်တင်ဘာ ၂၂**

အာခံတွင်းထဲရှိ ဗက်တီးရီးယားများသည် ပန်ကရိကင်ဆာဖြစ်နိုင်ခြေနှင့် ဆက်စပ်နေကြောင်း စက်တင်ဘာ ၂၁ ရက် သတင်းများအရ သိရသည်။

အာခံတွင်းထဲ ဗက်တီးရီးယားနှင့် မှို ၂၇ မျိုးရှိနေသူများ၌ ပန်ကရိယကင်ဆာရောဂါဖြစ်နိုင်ခြေမှာ ပုံမှန်ထက်သုံးဆကျော်မြင့်မားနေတတ်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

အဆိုပါအာခံတွင်းနေ ဗက်တီးရီးယား အမျိုးအစားများအနက် တချို့မှာ သွားဖုံးရောင်ရောဂါနှင့် တိုက်ရိုက်ဆက်စပ်နေသော ဗက်တီးရီးယားများဖြစ်ကြပြီး အာခံတွင်းနေ ဗက်တီးရီးယားများသည် မျိုချလိုက်သည့် တံတွေးများမှတစ်ဆင့် ပန်ကရိယအင်္ဂါတွင်းသို့ ရောက်ရှိသွားနိုင်သည်ဖြစ်ရာ ခံတွင်းကျန်းမာရေးညံ့ဖျင်းသူများ၌ ပန်ကရိယကင်ဆာဖြစ်နိုင်ခြေမြင့်မားလာတတ်ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် ပန်ကရိယကင်ဆာလူနာ ၄၄၅ ဦးနှင့် ၎င်းကင်ဆာရောဂါမရှိသူ ၄၄၅ ဦးတို့၏ တံတွေးနမူနာများကို နှိုင်းယှဉ်လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ အာခံတွင်းထဲရှိ ဗက်တီးရီးယားအမျိုး ၂၀ နှင့် မှိုလေးမျိုးတို့သည် ပန်ကရိယကင်ဆာရောဂါဖြစ်နိုင်ခြေအပေါ် အကျိုးသက်ရောက်မှုရှိနေသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Xinhua News

Trs : KKO

## ဗီတာမင်ဘီ-၃ ဖြည့်စွက်ဆေးများက အရေပြားကင်ဆာဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်

**နယူးယောက် စက်တင်ဘာ ၂၂**

ဗီတာမင်ဘီ-၃ ဖြည့်စွက်ဆေးများသည် အရေပြားကင်ဆာရောဂါဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း သုတေသနပညာရှင်များက စက်တင်ဘာ ၂၁ ရက်တွင် ပြောကြားသည်။

ထို့ပြင် ဗီတာမင်ဘီ-၃ ဖြည့်စွက်ဆေးများသည် အရေပြားကင်ဆာရောဂါ ဖြစ်နိုင်ခြေကို ကာကွယ်ရာတွင် အထောက်အကူပြုနိုင်သကဲ့သို့ အရေပြားကင်ဆာရောဂါလူနာများ၏ကုထုံးရလဒ်ကိုလည်း မြှင့်တင်ပေးနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Niacinamide ခေါ် ဗီတာမင်ဘီ-၃ ဖြည့်စွက်အားဆေးများသည် အရေပြားကင်ဆာရောဂါဖြစ်နိုင်ခြေကို ၁၆ ရာခိုင်နှုန်းလျှော့ချပေးနိုင်ကြောင်း သိရသည်။

ထိုနည်းတူ အရေပြားကင်ဆာရောဂါပျောက်ကင်းသက်သာလာသူများအနေဖြင့် ဗီတာမင်ဘီ-၃ ကို သောက်သုံးပါက ရောဂါတစ်ကျော့ပြန်ပေါ်လာနိုင်ခြေကို ၅၄ ရာခိုင်နှုန်း လျှော့ချပေးနိုင်ကြောင်းလည်း အမေရိကန်သုတေသနပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့သည်။

သို့ရာတွင် ဗီတာမင်ဘီ-၃ ၏ အဆိုပါအကျိုးကျေးဇူးများကို အခိုင်အမာ အတည်ပြုနိုင်ရေးအတွက် သုတေသနလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်ဆက်လက်လုပ်ဆောင်ရန်လိုကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Russia Today

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# အမျိုးသမီး လိုက်ဖလိုင်းဝိတ်တန်း၏ ကမ္ဘာ့ချန်ပီယံခါးပတ်သုံးခုကို ဘာမြူဒက်ဇ် ဆွတ်ခူး

**အော့တဝါ စက်တင်ဘာ ၂၂**

IBF ၊ WBO အမျိုးသမီး လိုက်ဖလိုင်းဝိတ်တန်း ကမ္ဘာ့ချန်ပီယံ အာဂျင်တီးနား လက်ဝှေ့မယ် ဘာမြူဒက်ဇ်နှင့် WBA လိုက်ဖလိုင်းဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ကနေဒါလက်ဝှေ့မယ် ဘိုင်လေတို့ စက်တင်ဘာ ၂၁ ရက်တွင် ကနေဒါနိုင်ငံ အော့တဝါပြည်နယ်၌ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ဘာမြူဒက်ဇ်က ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရရှိကာ ကမ္ဘာ့ချန်ပီယံခါးပတ်သုံးခုကို ပိုင်ဆိုင်ခွင့်ရသွားခဲ့ပြီဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

ဘာမြူဒက်ဇ်အတွက် IBF ၊ WBO အမျိုးသမီး လိုက်ဖလိုင်းဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကို စတုတ္ထအကြိမ်မြောက် ကာကွယ်ထိုးသတ်ခဲ့ခြင်းဖြစ်ပြီး လေးကြိမ်စလုံးအောင်မြင်စွာ ကာကွယ်နိုင်ခဲ့သလို WBA လိုက်ဖလိုင်းဝိတ်တန်းကမ္ဘာ့ချန်ပီယံကိုပါ ထပ်မံဆွတ်ခူးသွားနိုင်ခဲ့ခြင်းဖြစ်သည်။

ဘာမြူဒက်ဇ်အနေဖြင့် လိုက်ဖလိုင်းဝိတ်တန်း၏ အကောင်းဆုံးလက်ဝှေ့သမားတစ်ဦးဖြစ်ကြောင်းကိုလည်း ပြသနိုင်ခဲ့ပြီး ဘိုင်လေသည် ကမ္ဘာ့ချန်ပီယံတစ်ဦးပင်ဖြစ်သော်လည်း ဘာမြူဒက်ဇ်သည် ဘိုင်လေအား ပထမအချီ၌ပင် ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရရှိခဲ့ခြင်းလည်းဖြစ်သည်။

ဘာမြူဒက်ဇ်က “ကျွန်မအနေနဲ့ ဒီစိန်ခေါ်ပွဲဟာ အရေးကြီးတဲ့ပွဲဖြစ်တဲ့အတွက် သေချာပြင်ဆင်လာခဲ့ပါတယ်။ တစ်ဖက်ကလဲ ကမ္ဘာ့ချန်ပီယံတစ်ဦးဖြစ်တဲ့အတွက် မပေါ့ဆရဲခဲ့ဘူး။ ကျွန်မအနေနဲ့ ကမ္ဘာ့ချန်ပီယံ တစ်ယောက်ကို ပထမအချီမှာတင် ဒိုင်ပွဲရပ်ရလဒ်နဲ့ အနိုင်ရခဲ့တာဟာ တကယ့်ကို ဂုဏ်ယူစရာကောင်းတဲ့ ရလဒ်ဖြစ်ပါတယ်။ ကျွန်မရဲ့အိပ်မက်ဟာ လိုက်ဖလိုင်းဝိတ်တန်းမှာ ပြိုင်ဘက်ကင်း ကမ္ဘာ့ချန်ပီယံတစ်ယောက်ဖြစ်လာဖို့ပါပဲ။ အခုလို ခါးပတ်သုံးခု ပိုင်ဆိုင်သွားပြီ ဖြစ်တဲ့အတွက် ပြိုင်ဘက်ကင်း ကမ္ဘာ့ချန်ပီယံဖြစ်ဖို့အတွက် နောက်ထပ်ကျန်နေသေးတဲ့ ခါးပတ်တွေအတွက် ပိုင်ဆိုင်ထားတဲ့သူတွေကို စိန်ခေါ်ထိုးသတ်သွားမှာဖြစ်ပါတယ်” ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Boxing Scene**

**Trs : AZL**



## အားကစားသတင်းအတိုအထွာများ

- ဂီတာဖေးနှင့်ပွဲစဉ်တွင် အရန်ကစားသမားစာရင်း၌ ရှိခဲ့သည့် ဘာစီလိုနာအသင်း တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်သည် အသင်းနှင့် ပြန်လည်ပူးပေါင်းချိန် နောက်ကျခဲ့ခြင်းကြောင့် နည်းပြ ဖလစ်က အပြစ်ပေးသည့်အနေဖြင့် ပွဲထွက်ကစားသမားစာရင်းမှ ချန်လှပ်ခဲ့ကြောင်း သိရသည်။
- လီဗာပူး အမျိုးသမီးအသင်းက ယခင် အသင်းနည်းပြဟောင်း အသက် ၄၇ နှစ်ရှိ မက်ဘဲ ကွယ်လွန်ခဲ့သည့်အတွက် တနင်္ဂနွေနေ့က အေဗီလာအသင်းနှင့် ကစားမည့်ပွဲစဉ်ကို ရွှေ့ဆိုင်းခဲ့ကြောင်း သိရသည်။ **ML**

# ပရီးမီးယားလိဂ် အဝေးကွင်း သုံးပွဲဆက် ဂိုးမရှိသရေရလဒ်ထွက်ပေါ်သည့်မှတ်တမ်းကို နယူးကာဆယ်အသင်းရရှိ

**လန်ဒန် စက်တင်ဘာ ၂၂**

ဘုန်းမောက်အသင်းနှင့် နယူးကာဆယ်အသင်းတို့ကစားခဲ့သည့် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ဂိုးမရှိသရေရလဒ် ထွက်ပေါ်ခဲ့သောကြောင့် နယူးကာဆယ်အသင်းသည် ပရီးမီးယားလိဂ်အဝေးကွင်း သုံးပွဲဆက် သရေရလဒ် ထွက်ပေါ်ခဲ့သည့်အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့သည်။



နယူးကာဆယ် အသင်းသည် ယခုနှစ်ပရီးမီးယားလိဂ် အဝေးကွင်း သုံးပွဲတွင် အေဗီလာအသင်း၊ လိဒ်အသင်းနှင့် ယခု ဘုန်းမောက်အသင်းတို့ပွဲစဉ်တွင် ဂိုးမရှိ သရေရလဒ် ထွက်ပေါ်ခဲ့သည့်အတွက် မှတ်တမ်းကောင်း တစ်ရပ်ကို ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

ပရီးမီးယားလိဂ် သမိုင်းတွင် ရာသီအစ အဝေးကွင်းသုံးပွဲဆက် သရေရလဒ် ထွက်ပေါ်ခဲ့သည့် အသင်းမှာ ၁၉၇၆-၁၉၇၇ ခုနှစ်တွင် လက်စတာအသင်း၊ ၂၀၁၄-၂၀၁၅ ဘောလုံးရာသီတွင် ဘန်လေအသင်း၊ ယခုရာသီတွင် နယူးကာဆယ်အသင်းက ရာသီအစ အဝေးကွင်းသုံးပွဲဆက် ဂိုးမရှိသရေရလဒ် ထွက်ပေါ်ခဲ့သည့် တတိယမြောက်အသင်းဖြစ်ခဲ့သည်။

ဘုန်းမောက်အသင်းကို သရေရလဒ်သာကစားနိုင်ခဲ့သည့် နည်းပြ ဟိုဝီသည်လည်း ၎င်းတာဝန်ယူချိန်တွင် ဘုန်းမောက်အသင်းနှင့် ခုနစ်ကြိမ်တွေ့ဆုံမှုတွင် ငါးပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်ရရှိခဲ့ပြီး လူတန်အသင်းကို တစ်ပွဲသရေ၊ တစ်ပွဲရှုံးနှင့် မန်စီးတီးအသင်းကို နှစ်ပွဲသရေ၊ ၁၆ ပွဲရှုံးရလဒ်သာ ရရှိခဲ့သည့်မှတ်တမ်းဆိုးကို ပိုင်ဆိုင်ခဲ့ကြောင်း သိရသည်။

**Ref : Fotmob**

**Trs : ML**

# ကွာရာဘောင်းဖလား တတိယအဆင့်တွင် အဓိကကစားသမား ငါးဦးထိ ပါဝင်မည်မဟုတ်ကြောင်း လီဗာပူးအသင်းနည်းပြ အာနီစလော့ ပြောကြား

**လန်ဒန် စက်တင်ဘာ ၂၂**

လာမည့်ကြားရက်တွင် ကစားရမည့် ကွာရာဘောင်းဖလား တတိယအဆင့် ပွဲစဉ်အဖြစ် ဆောက်သမ်တန် အသင်းနှင့် ပွဲစဉ်တွင် အသင်းမှ အဓိကကစားသမားငါးဦးထိ ပါဝင်မည်မဟုတ်ကြောင်း လီဗာပူးအသင်းနည်းပြ အာနီစလော့က ထုတ်ဖော်ပြောကြားခဲ့သည်။

လီဗာပူးအသင်းသည် ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် အေတီကိုအသင်းနှင့် ကစားခဲ့သည့်ပွဲစဉ်တွင် ဦးဆောင်ဂိုး နှစ်ဂိုးသွင်းယူနိုင်သော်လည်း ပြိုင်ဘက်အသင်း၏ ဖိအားပေးမှုများကို ထိန်းချုပ်နိုင်ခြင်းမရှိသဖြင့် ချေပဂိုး နှစ်ဂိုး ပြန်ပေးရပြီးနောက် ဗန်ဒိုက်၏ နောက်ကျဂိုးကြောင့် နိုင်ပွဲရခဲ့သည့်အပြင် ဘန်လေအသင်းနှင့်ပွဲစဉ်တွင်လည်း ပြိုင်ဘက်၏ အပြန်အလှန်ဖိအားပေးမှုများကြောင့် နာကျင်အချိန်ပိုမှသာခက်ခဲစွာ အနိုင်ဂိုး သွင်းယူနိုင်ခဲ့သည်။

ထို့ကြောင့် နည်းပြ အာနီစလော့က ကစားသမားပွဲပန်းမှုမရှိစေရန် လာမည့် ဆောက်သမ်တန်အသင်းနှင့်ပွဲစဉ်တွင် အဓိကကစားသမားငါးဦးဖြစ်သည့် ခံစစ်ကစားသမား ဗန်ဒိုက်နှင့် ကိုနာတီ၊ ကွင်းလယ် ကစားသမား ဆိုဘော့ဇာလိုင်နှင့် ဂရာဗန်ဘာ့ခ်၊ တိုက်စစ်မှူး ဆာလာဟ် တို့ငါးဦးကို အနားပေးသွားမည်ဟု အတည်ပြုပြောကြားခဲ့သည်။

လီဗာပူးအသင်းသည် ယခုနှစ်ဘောလုံးရာသီ အမှတ်ပေးပြိုင်ပွဲ ငါးပွဲစလုံး ရှုံးပွဲမရှိသေးသည့်အပြင် ချန်ပီယံလိဂ် အဖွင့်ပွဲစဉ်တွင်လည်း နိုင်ပွဲရရှိထားသဖြင့် ရလဒ်ကောင်းကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ကြောင်း သိရသည်။

**Ref : SI**

**Trs : ML**

# ယခုနှစ် ဘောလုံးရာသီကုန်တွင် ကစားသမားဘဝမှ အနားယူမည်ဟု ကွင်းလယ်ကစားသမားဘက်စ်ကွက် ပြောကြား

**ဝါရှင်တန် စက်တင်ဘာ ၂၂**

အင်တာမီယာမီ အသင်းတွင် ကစားနေသည့် ကွင်းလယ်ကစားသမားဘက်စ်ကွက်က ယခုနှစ်ဘောလုံးရာသီကုန်တွင်ကစားသမားဘဝမှ အနားယူမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။



အင်တာမီယာမီ အသင်းက ဒီစီယူနိုက်တက်အသင်းကို သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် အသင်းဖော် တိုက်စစ်မှူးမက်ဆီက အသင်းအတွက် အနိုင်ဂိုး သွင်းယူနိုင်ခဲ့သဖြင့် သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီးနောက် ဘက်စ်ကွက်က အနားယူမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အင်တာမီယာမီ အသင်းသည် နည်းပြ မာရှီယာနို လက်အောက်တွင် အမှတ်ပေးပွဲ ၂၈ ပွဲအပြီးတွင် အဆင့်(၅)နေရာ၌ ရောက်ရှိနေသဖြင့် ရာသီကုန်ဆုံးချိန်တွင် မေဂျာလိဂ်ဆုဖလား ရယူနိုင်ရန် ဘက်စ်ကွက်အနေဖြင့် မျှော်လင့်ထားသည်။

ဘက်စ်ကွက်သည် ဘာစီလိုနာ လူငယ်အကယ်ဒမီထွက် ဖြစ်ပြီး ယခင် ဘာစီလိုနာအသင်းတွင် ၂၀၀၈ ခုနှစ်တွင် နည်းပြ ဂွါဒီယိုလ၏ တီကီတာကာ ကစားကွက်တွင် ပါဝင်ခြေစွမ်းပြသနိုင်ခဲ့ပြီး နောက်အသင်းနှင့် ပြိုင်ပွဲစုံ ၇၂၂ ပွဲ ပါဝင်ခဲ့ရာ လာလီဂါဆုဖလား ကိုးကြိမ်၊ ချန်ပီယံလိဂ်ဖလား သုံးကြိမ်ဆွတ်ခူးခဲ့ပြီး ကစားသမားဘဝမှ အနားယူချိန်တွင် ဘာစီလိုနာအသင်း၌ အားကစားသံတမန်အဖြစ် တာဝန်ထမ်းဆောင်ရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

**Ref : Goal.com**

**Trs : ML**

# Laver Cup တင်းနစ်ပြိုင်ပွဲချန်ပီယံဆုကို Team World အသင်း ဆွတ်ခူး



**ဆန်ဖရန်စစ္စကို စက်တင်ဘာ ၂၂**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ဆန်ဖရန်စစ္စကိုမြို့တွင် ကျင်းပခဲ့သည့် Laver Cup တင်းနစ်ပြိုင်ပွဲတွင် Team World အသင်းနှင့် Team Europe အသင်းတို့ စက်တင်ဘာ ၁၉ ရက်မှ စက်တင်ဘာ ၂၁ ရက်ထိ ယှဉ်ပြိုင်ကစားခဲ့ရာ Team World အသင်းက (၁၅-၉) ရမှတ်ဖြင့် ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

Team World အသင်းအတွက် အထူးလက်စွမ်း ပြသွားခဲ့သူမှာ အမေရိကန်တင်းနစ်ကစားသမား တေလာဖရစ်ဇ်ဖြစ်ပြီး တေလာဖရစ်ဇ်သည် Team Europe အသင်းမှ အယ်ကာရက်ဇ်နှင့် ဇီရက်ဖ်တို့အား အနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး အဆုံးအဖြတ်ရလဒ်များအား ထွက်ပေါ်စေခဲ့သူ ဖြစ်သည်။

Team Europe အသင်းသည် ပထမနေ့တွင် (၃-၁) ရမှတ်ဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း ဒုတိယနေ့အပြီးတွင် Team World အသင်းက (၉-၃) ရမှတ်ဖြင့် ပြန်လည်ဦးဆောင်ခွင့်ရရှိခဲ့သည်။

ဒုတိယနေ့အပြီးတွင် ရမှတ်များပြတ်သားခဲ့ပြီး နောက်ဆုံးနေ့တွင် Team Europe အသင်းဘက်က ပွဲစဉ်အားလုံးကို အနိုင်ရရှိအောင် ကစားနိုင်ရန် လိုအပ်နေခဲ့သော်လည်း Team World အသင်းမှအသင်းသားများက အကောင်းဆုံးလက်စွမ်းပြ ကစားသွားခဲ့ပြီး နောက်ဆုံးနေ့အပြီးတွင် (၁၅-၉) ရမှတ်ဖြင့် Team World အသင်းက ချန်ပီယံဖြစ်ခဲ့ကြောင်း သိရသည်။

တေလာဖရစ်ဇ်က "အသင်းသားတွေအားလုံးဆီက ထွက်လာတဲ့စွမ်းအင်တွေဟာ ဆုဖလားကို ကိုင်မြှောက်ခွင့် ရစေခဲ့ပါတယ်။ ပထမနေ့တုန်းကတော့ ရလဒ်မကောင်းခဲ့ဘူး။ ဒါပေမဲ့လဲ ဒုတိယနေ့မှာတော့ အသင်းသားတွေအားလုံးက အကောင်းဆုံးပုံစံနဲ့ စွမ်းဆောင်နိုင်ခဲ့ကြသလို အသင်းသားအားလုံးရဲ့ နိုင်လိုစိတ်ကလဲ ပြင်းပြနေခဲ့တယ်။ ပါဝင်ယှဉ်ပြိုင်ခွင့်ရတဲ့ အသင်းသားတွေအားလုံးကလဲ စိတ်ခါတ် အရမ်းတက်ကြွနေခဲ့သလို အရန်ခုံက အသင်းသားတွေကလဲ အနိုင်ရဖို့အတွက် ကစားနေတဲ့ အသင်းသားအားလုံးကို တက်ကြွစွာ အားပေးခဲ့ကြတဲ့အတွက် အခုလိုချန်ပီယံဆုဖလားကို ဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်" ဟုပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Tennis World**

**Trs : AZL**

# Open de France ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို မီချဲလ်ကင်မ် ဆွတ်ခူး

**ပဲရစ် စက်တင်ဘာ ၂၂**

ပြင်သစ်နိုင်ငံ စိန့်နွမ်လာဘရီတက်ချီဒေသတွင် ကျင်းပခဲ့သည့် Open de France ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား မီချဲလ်ကင်မ်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၆ ချက်လျော့ရိုက်ကာ ချန်ပီယံဆုအား ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဩစတြေးလျ ဂေါက်သီးရိုက်ကစားသမားစမိုင်လီနှင့် ပြင်သစ်ဂေါက်သီးရိုက်ကစားသမား ဂျူဝန်ကိုတို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၅ ချက်စီ လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့ပြီး အမေရိကန်ဂေါက်သီးရိုက်ကစားသမား ကို့ပ်ကာက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၄ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။

ကို့ပ်ကာနှင့် ဩစတြေးလျ ဂေါက်သီးရိုက်ကစားသမား လီမင်ဝူတို့က တတိယနေ့အပြီးတွင် အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့ပြီး ချန်ပီယံဆုကိုဆွတ်ခူးနိုင်ရန် ရေပန်းစားခဲ့သော်လည်း နောက်ဆုံးနေ့တွင် မီချဲလ်ကင်မ်က ချန်ပီယံ လက်စွမ်းမျိုးပြသကာ နာမည်ကြီး ကစားသမားများအား ကျော်ဖြတ်ကာ ချန်ပီယံဆုအား ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

မီချဲလ်ကင်မ်အတွက် ကစားသမားဘဝသက်တမ်းတစ်လျှောက် နိုင်ငံတကာအဆင့် ချန်ပီယံဆုဖလားကို ပထမဆုံးအကြိမ် ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

မီချဲလ်ကင်မ်သည် နောက်ဆုံးနေ့တွင် Birdieရိုက်ချက် ခြောက်ကျင်းထိ ရရှိခဲ့ခြင်းကြောင့်လည်း ချန်ပီယံဆုဖလားအား ကိုင်မြှောက်ခွင့်ရခဲ့ခြင်းလည်းဖြစ်သည်။

မီချဲလ်ကင်မ်က "ပြိုင်ပွဲအပြီးမှာ အောင်မြင်မှုနဲ့အတူ ပြိုင်ပွဲကို အဆုံးသတ်နိုင်ခဲ့လို့ဝမ်းသာဂုဏ်ယူမိပါတယ်။ ယခုနှစ် ဂေါက်သီးရိုက်ရာသီမှာတော့ ကျွန်တော့်အနေနဲ့ PGA Tour မှာ စွမ်းဆောင်ရည်ကောင်းတွေ ပြသထားနိုင်တယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : AZL**

# မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာ၏ နည်းပြသက်တမ်းတစ်လျှောက် ဘောလုံးပိုင်ဆိုင်မှုအနည်းဆုံးပွဲစဉ်အဖြစ် အာဆင်နယ်အသင်းနှင့်ပွဲစဉ်တွင် မှတ်တမ်းဝင်

**မန်ချက်စတာ စက်တင်ဘာ ၂၂**

မန်စီးတီးအသင်း နည်းပြ ဂွါဒီယိုလာ၏ နည်းပြသက်တမ်းတစ်လျှောက် ဘောလုံးပိုင်ဆိုင်မှုအနည်းဆုံးပွဲစဉ်အဖြစ် အာဆင်နယ်အသင်းနှင့် ပွဲစဉ်တွင် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

လက်ရှိဘောလုံးလောကတွင် ထိပ်တန်းနည်းပြ တစ်ဦးအဖြစ် ရပ်တည်နေသည့် နည်းပြ ဂွါဒီယိုလာသည် ပရော်ဖက်ရှင်နယ်နည်းပြဘဝကို ဘာစီလိုနာအသင်းနှင့် စတင်ခဲ့ပြီးနောက် ဥရောပထိပ်တန်းကလပ် အသင်းများဖြစ်သည့် ဘာစီလိုနာအသင်း၊ ဘိုင်ယန်မြူးနစ်အသင်းနှင့် မန်စီးတီးအသင်းတို့ကို တာဝန်ယူကိုင်တွယ်ခဲ့သူဖြစ်သည်။

နည်းပြဂွါဒီယိုလာသည် နည်းပြဘဝတွင် Tikitaka ကစားကွက်ဖြင့် နာမည်ကြီးခဲ့သူ ဖြစ်သော်လည်း ၎င်း တာဝန်ယူကိုင်တွယ်ခဲ့သည့် သက်တမ်းတစ်လျှောက် ပြီးခဲ့သည့် အာဆင်နယ်အသင်းနှင့် မန်စီးတီးအသင်းတို့ ပွဲစဉ်တွင် ဘောလုံးပိုင်ဆိုင်မှု အနည်းဆုံးပွဲစဉ်အဖြစ် မှတ်တမ်းဝင်ခဲ့ခြင်း ဖြစ်သည်။

မန်စီးတီးအသင်းနှင့် အာဆင်နယ်အသင်းတို့ပွဲစဉ်တွင် မန်စီးတီးအသင်းအနေဖြင့် ဘောလုံးပိုင်ဆိုင်မှု ၃၂ ဒသမ ၈ ရာခိုင်နှုန်းသာပိုင်ဆိုင်ခဲ့ပြီး မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာ၏ နည်းပြဘဝသက်တမ်းတစ်လျှောက် လိဂ်ပွဲပေါင်း ၆၀၁ ပွဲတွင် အနည်းဆုံးပွဲစဉ်အဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

**Ref : Fotmob**

**Trs : STA**

# ကိုပါအီတာလီယာဖလား ၃၂ သင်းအဆင့် ပွဲကြိုသုံးသပ်ချက်

Zay Hein

**အူဒီးနီးစ်** Vs **ပါလာမို**

ကစားမည့်ရက်/အချိန် ၂၃-၉-၂၀၂၅ (ည ၁၁:၀၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

အူဒီးနီးစ် ၄ – ၁ ပါလာမို

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| အူဒီးနီးစ် | – | ဝေး(နိုင်) | ဝေး(နိုင်) | အိမ်(ရှုံး) |
| ပါလာမို | – | အိမ်(သရေ) | ဝေး(နိုင်) | အိမ်(နိုင်) |

အီတလီစီးရီးအေမှာ ယှဉ်ပြိုင်ကစားနေတဲ့ အူဒီးနီးစ်အသင်းဟာ ပြိုင်ပွဲစုံနောက်ဆုံးရှစ်ပွဲမှာ အေစီမီလန်အသင်းကိုသာ ရှုံးနိမ့်ထားပြီး ခြေစွမ်းပိုင်းထက်မြက်နေပါတယ်။ဒါပေမဲ့ စီးရီးဘီကလပ် ပါလာမိုအသင်းကလဲ နောက်ဆုံးနှစ်ပွဲဆက်အနိုင်ရထားပြီး တိုက်စစ်ပိုင်းအကောင်းဆုံးပုံစံမှာရှိနေတာကြောင့် အူဒီးနီးစ်အသင်း ရလဒ်မကောင်းနိုင်ပါဘူး။

ခန့်မှန်းရလဒ် – အူဒီးနီးစ် ၂ – ၂ ပါလာမို

# စပိန်လာလီဂါ ပွဲစဉ် (၆) ပွဲကြိုသုံးသပ်ချက်

Zay Hein

**ဆီဗီလာ** Vs **ဗီလာရီးရဲလ်**

ကစားမည့်ရက်/အချိန် ၂၄-၉-၂၀၂၅ (နံနက် ၀၂:၀၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ဗီလာရီးရဲလ် ၄ – ၂ ဆီဗီလာ

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| ဆီဗီလာ | – | ဝေး(နိုင်) | အိမ်(သရေ) | ဝေး(နိုင်) |
| ဗီလာရီးရဲလ် | – | ဝေး(ရှုံး) | ဝေး(ရှုံး) | အိမ်(နိုင်) |

လက်ရှိရာသီအစပိုင်းမှာ ဆီဗီလာအသင်း ခြေစွမ်းပိုင်းရုန်းကန်ခဲ့ရပေမဲ့ နောက်ဆုံးသုံးပွဲမှာတော့ နှစ်ပွဲနိုင်နဲ့ တစ်ပွဲသရေရလဒ်ရရှိထားပါတယ်။ ဒ့ါပြင် အဝေးကွင်းနောက်ဆုံးသုံးပွဲမှာ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးနိမ့်ထားတဲ့ ဗီလာရီးရဲလ်အသင်းရဲ့ ခံစစ်ပိုင်းက တည်ငြိမ်မှုမရှိတာကြောင့် အိမ်ကွင်းမှာ ဖိအားပေးကစားလာမဲ့ဆီဗီလာအသင်းကိုပဲ အားပေးရမှာပါ။

ခန့်မှန်းရလဒ် – ဆီဗီလာ ၂ – ၁ ဗီလာရီးရဲလ်

# နေရှင်နယ်လိဂ်ပြိုင်ပွဲတွင် မဟာယူနိုက်တက်အသင်းက ရခိုင်ယူနိုက်တက်အသင်းကို သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိ

**ရန်ကုန် စက်တင်ဘာ ၂၂**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ပွဲစဉ်အဖြစ် ယနေ့ ညနေ ၄နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် မဟာယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ မဟာယူနိုက်တက်အသင်းက သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။



အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့သော်လည်း ပွဲချိန် ခုနစ် မိနစ်နှင့် ၄၅ မိနစ်တွင် ပက်ထရစ်ကလည်းကောင်း၊ ပွဲချိန် ၂၁ မိနစ်တွင် ထူးဝေယံကလည်းကောင်း၊ မဟာယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးများ အသီးသီးသွင်းယူနိုင်ခဲ့ပြီး ပထမပိုင်းတွင် မဟာယူနိုက်တက်အသင်းက သုံးဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဆက်လက်ပြီး ဒုတိယပိုင်းတွင် ချေပဂိုးများလိုအပ်နေသည့် ရခိုင်ယူနိုက်တက်အသင်းက ပြန်လည်ဖိအားပေးရန်ကြိုးပမ်းခဲ့ရာမှ မူစတာဖာနှင့် ခင်ကျော်ဝင်းတို့က ရခိုင်ယူနိုက်တက်အသင်းအတွက် ချေပဂိုးသွင်းယူပေးနိုင်ခဲ့ကြောင်း သိရသည်။

ထို့နောက် လက်ကျန်ပွဲချိန်များတွင် နှစ်သင်းစလုံးဂိုးသွင်းယူနိုင်ခြင်းမရှိသည့်အတွက် ပွဲပြီးဆုံးချိန်တွင် မဟာယူနိုက်တက်အသင်းက ရခိုင်ယူနိုက်တက်အသင်းကို သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

**STA**

# မြန်မာ့သမိုင်းထဲက စပါးစိုက်ပျိုးရေး

ဇေယျာ(စိုက်တက္ကသိုလ်)

ဆန်စပါးအပါအဝင် ကောက်ပဲသီးနှံစိုက်ပျိုးရေး လုပ်ငန်းများသည် မြန်မာနိုင်ငံအတွက် သမိုင်းမတိုင်မီကာလများတွင်လည်းကောင်း သမိုင်းအထောက်အထားများ အစောဆုံးတွေ့ရှိရသည့် ပျူခေတ် အစောပိုင်းကာလများတွင်လည်းကောင်း နိုင်ငံ၏ အသက်သွေးကြောအဖြစ် အရေးပါခဲ့ကြောင်း လေ့လာသိရှိနိုင်သည်။ အဆိုပါ စိုက်ပျိုးရေးလုပ်ငန်းများအတွက် သမိုင်းပါအထောက်အထားများကို ပြန်လည်လေ့လာရာတွင် ခေတ်အဆက်ဆက်က မှတ်တမ်းပြုစုခဲ့သော ကျောက်စာ၊ ပေစာပါ မှတ်တမ်းများ၊ မော်ကွန်းများသာမက စာဆိုတော်များ သီကုံးစပ်ဆိုခဲ့သည် ရတု၊ ကဗျာ၊ လင်္ကာအမျိုးမျိုးသည်လည်း ခိုင်မာသော အထောက်အထားများအဖြစ် ကျန်ရှိနေသည်။ စိုက်ပျိုးရေးလုပ်ငန်းသည် ရေမြေသဘာဝမိုးလေဝသနှင့် ရာသီဥတုအပေါ် မူတည်ဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်သည့် အားလျော်စွာ ရှေးကာလစိုက်ပျိုးရေးလုပ်ငန်းများသည်လည်း ရာသီအလိုက်၊ လအလိုက် စိုက်ပျိုးရေရရှိနိုင်မှုကို လေ့လာတွက်ချက်ပြီးမှ ဆောင်ရွက်ခဲ့ကြောင်း တွေ့ရသည်။

**မုတ်သုံဝင်ချိန်နှင့် လယ်ထွန်မင်္ဂလာ**

ရှေးအခါက မိုးလေဝသ သင့်တင့်မျှတသည့်အတွက် မိုးရွာသွန်းမှုသည် ကွာခြားမှုအနည်းငယ်သာရှိသည်။ တန်ခူးအခါတွင် မိုးသားမိုးရိပ်များဖြင့် စတင်ရောက်ရှိပြီး ကဆုန်လတွင် မြေသင်းစွတ်စိုရုံ မိုးစတင်ရွာကြကြောင်း၊ အဆိုပါ ကဆုန်လတွင် လယ်ယာအမှိုက်ရှင်းခြင်း၊ ကန်သင်းပြုပြင်ခြင်း စသည့်လုပ်ငန်းများ စတင်လေ့ရှိကြောင်း၊ ကဆုန်၊ နယုန်ကာလသည် မိုးဦးစတင် မုတ်သုံဝင်သော အခါသမယဖြစ်ပြီး လယ်ယာလုပ်ငန်းခွင် စတင်ဝင်ရောက်သည့် ကာလဖြစ်ကြောင်း ရှေးကဗျာများတွင် စပ်ဆိုကြသည်။ ရှေးခေတ်အခါတွင် စပါးစိုက်ပျိုးရေးအတွက် ပြင်ဆင်ဆောင်ရွက်သည့် လယ်ထွန်မင်္ဂလာ ကျင်းပရာကာလသည် နွေနှောင်းကာလလွန်မြောက်သည့် မုတ်သုံမိုးဦးဝင်ရာ နယုန်လဖြစ်ကြောင်း တွေ့ရသည်။

**လွှတ်တော်ရေးရာဖြစ်သည့် ကောက်ပဲသီးနှံစိုက်ပျိုးရေး**

တိုင်းပြည်အသက်သွေးဖြစ်သည့် စပါးစိုက်ပျိုးရေးအတွက် လရာသီအလိုက်ဖြစ်ပေါ်နေသော မိုးလေဝသနှင့် နက္ခတ်တာရာများအရ လယ်ထွန်မင်္ဂလာပွဲကို သိကြားမင်းအစိုးရသည့် ဇေဋ္ဌနက္ခတ်နှင့်စန်းယှဉ်သော နယုန်လပြည့်နေ့ကို သတ်မှတ်၍ ကျင်းပကြောင်းကိုလည်း မှတ်သားရသည်။ ရှေးခေတ်လယ်ထွန်သီချင်းအစတွင်လည်း "မိုးယံမှာလေကြယ်ဇေဋ္ဌ၊ သီတာကူဘာရိန်၊ နှစ်နန်းငယ်ချိန်၊ ထိန်ထိန်ရံဝန်းခသည်နှင့်လေး" ဟူ၍ စပ်ဆိုထားလေ့ရှိသည်။ ထိုနည်းတူစွာ စာဆိုတော်ဦးယာ၏ ဆယ်နှစ်ရာသီဖွဲ့လူးတားများတွင် "တသိန်းငါးသောင်း၊ စက်ပေါင်းအကုန်၊ မေထုန်ရာသီ၊ တိမ်နီတိမ်ပန်း ဆန်းစလေ။ ဒွေးဒေဟချီ၊ သည်ရာသီတွင်၊ နာရီနှစ်ဖြာ၊ နေ့မှာသုံးဆယ်၊ စွန်းကယ်စတု၊ ညဥ့်ဘို့ရှုသော်၊ တွက်စုနှစ်ဆယ်၊ ခြောက်ဝယ်စွန်းသာ၊ ခတ်မှာဝါယော၊ ရွက်ကျောနုရှင်၊ အာကာပြင်က၊ ကြယ်ဇေဋ္ဌနှင့်၊ တောက်ပရောင်စို၊ ဂြိုဟ်တနင်္လာ၊ ကွဲသောခါလျှင်၊ တာရာအသဿ၊ ရံဝန်းခ၍၊ ထွန်းပ ရွှင်လန်း" အစရှိစပ်ဆိုခဲ့သည့် မေထုန်ရာသီ– နယုန်ဘွဲ့လူးတားအရ အဆိုပါ ရာသီကာလတွင် ကောင်းကင်ယံ၌ သိကြားမင်းအစိုးရသည့် ဇေဋ္ဌနက္ခတ်ကြီးစိုးကြောင်း စာပေကျမ်းဂန်တတ်မြန်မာပညာရှိများ ကောင်းစွာသိမြင်နားလည်ကြသည်ကိုလည်း တွေ့ရသည်။

ရှေးအခါက ကောက်ပဲသီးနှံ စိုက်ပျိုးခြင်းနှင့်ပတ်သက်၍ နက္ခတ်၊ ဗေဒင်ကျမ်းတတ် ဟူရားဖြူ ဟူရားညို၊ သမားဖြူ သမားညိုတို့က ကောင်းကင်တွင် သွားလာနေသည့် နက္ခတာရာ ဂြိုဟ်ခွင်ပြောင်းလဲမှုအခြေအနေကို လေ့လာ၍ လာမည့်နှစ်တွင် ဥတုရာသီမည်သို့ဖြစ်မည်၊ ကောက်ပဲသီးနှံ မည်သို့ဖြစ်မည်၊ ကိန်းခန်းအလျောက် မြေဆီမြေသြဇာများ မည်သို့ဖြစ်မည်၊ ပျိုးကြဲရန်ချိန်ခါ၊ ကောက်ပဲစိုက်ချိန်ခါရက်သင့်မသင့်၊ လထပ်သင့်မသင့် စသောအကြောင်းအရာများကို ပညာရှိတို့အစုံအညီ ညှိနှိုင်းတွက်ချက်ပြီး သဘောတူအတည်ဖြစ်စေသည်။

ထို့နောက် သာသနာပိုင်ကြီးမှူးသော သာသနာပိုင်အဖွဲ့က ထပ်မံအတည်ပြု သဘောတူညီမှုရယူသည်။ အကယ်၍ ပညာရှိများ ဝိဝါဒကွဲပြားမှုရှိခဲ့လျှင် သာသနာပိုင်က ဆုံးဖြတ်ရသည်။ ပြီးလျှင် မင်းဇေရာဇ်ထံ တင်သွင်းရသည်။ မင်းဇေရာဇ်ထံ ရောက်ရှိပြီးနောက် နာကြားအတည်ပြု လက်ခံပြီးပါက လွှတ်တော်က ဆောင်ရွက်ရန် ရှိသည်များကို ဆက်လက်ဆောင်ရွက်ရပြီး မြန်မာနှစ်ကူးကာလ အချိန်ကိုက်ထုတ်ပြန်ကြေညာရသည်။ ရဟန်းသံဃာတို့နှင့်တကွ တစ်နိုင်ငံလုံးရှိ ပြည်သူပြည်သားနှင့် လယ်သမားတို့ကလည်း အသေအချာစောင့်မျှော်နားထောင်ကြပြီးနောက် ပညာရှိတို့တွက်ချက်ထုတ်ပြန်လိုက်သည့်အတိုင်း ယုံယုံကြည်ကြည် လိုက်နာဆောင်ရွက်ကြရသည်။

ထုတ်ပြန်ချက်သည် လက်တွေ့နှင့် ကွဲလွဲမှုနည်းပါးသည့်အတွက်လည်း တိုင်းသူပြည်သားလူအများ အားထားယုံကြည်ခဲ့ကြခြင်းဖြစ်သည်။ ၎င်းစာတမ်းကို ယနေ့သင်္ကြန်စာဟူ၍ ခေါ်ဆိုခြင်းဖြစ်သည်။ သို့ဖြစ်ပါ၍ မြန်မာ့သမိုင်းများအရ ကောက်ပဲသီးနှံစိုက်ပျိုးရေးသည် စိုက်ချိန်ပျိုးချိန် ရာသီချိန်များ ဆုံးဖြတ်ရာတွင် ရှေးမြန်မာမင်းများ၏ လွှတ်တော်ထိ တင်ပြဆောင်ရွက်ရသည့် အရေးအရာကိစ္စဖြစ်ပြီး အဆိုပါ အရေးကိစ္စအတွက် ရဟန်းရှင်လူ ကဝိပညာရှင်များက မိုးလေဝသ၊ ရာသီဥတု၊ စိုက်ပျိုးရေရရှိမှုနှင့် မြေဆီမြေသြဇာ အနေအထားတို့ကို စနစ်တကျလေ့လာ ဆောင်ရွက်လေ့ရှိကြောင်း တွေ့ရသည်။ မိုးလေဝသ၊ ရာသီဥတုနှင့် ရေမြေအခြေအနေတို့ကို ခန့်မှန်းတွက်ချက်ပြီး နှစ်စဉ်ထုတ်ပြန်ကြေညာသည့် အလေ့အထသည် ယနေ့ကာလ မိုးလေဝသနှင့် ရာသီဥတုသတင်းများ၏ ကနဦးအစ မူလပုံစံဖြစ်သည်။

**ကုန်းဘောင်ခေတ်စပါးမျိုးများနှင့် စိုက်ပျိုးရာသီချိန်**

ရှေးယခင်က မိုးဦးစတင်ရာကာလသည် ကဆုန်လ၊ နယုန်လများဖြစ်ပြီး အဆိုပါကာလတွင် လယ်မှိုက်သိမ်း၊ ကန်သင်းလုံး၊ ထယ်ထိုး၊ ထွန်မွေ လယ်မှုရေးရာများကို ကုန်စင်အောင် ဆောင်ရွက်ကြကြောင်း၊ ပျိုးထောင်၊ ပျိုးကြဲခြင်းလုပ်ငန်းများကို နယုန်၊ဝါဆိုလများတွင် ဆောင်ရွက်လေ့ရှိကြောင်းကို ကုန်းဘောင်ခေတ် စိန္တကျော်သူ ဦးဩရေးသားပြုစုခဲ့သည့်မဟာအဓိကရကန်တော် မော်ကွန်းတွင် ဖော်ပြထားပြီး ထိုအချိန်ကာလက စိုက်ပျိုးသည့် စပါးမျိုးသက်တမ်းအလိုက် စိုက်ပျိုးလေ့ရှိသည့် အချိန်အခါလများမတူညီကြောင်း တွေ့ရသည်။



ကုန်းဘောင်ခေတ်တွင် စိုက်ပျိုးသော စပါးများကို သက်တမ်းအားဖြင့်လည်းကောင်း စိုက်ပျိုးသည့် အခြေအနေအရသော်လည်းကောင်း အုပ်စုခွဲခြား၍ မှတ်တမ်းပြုစုထားသည်ကိုလည်း တွေ့ရသည်။

စပါးပင် သက်တမ်း ၁၇၀ ရက်ကျော်သည့် စပါးမျိုးများကို ကောက်ကြီးစပါးဟုခေါ်ဆိုပြီး ကောက်ကြီးစပါးမျိုး ၁၂၆ မျိုးရှိကြောင်းကို ရှေးယခင်က "သုံးသီးဆဲ့နှစ်လ၊ လုပ်ဆောင်ကြသား၊ မျိုးရများပြား၊ ကောက်စပါးကား၊ စော်ဘွားရကော့၊ ဘော့ကြီး ကြွယ်ကြီး၊ ငလုံးကြီးနှင့်မှင်ကြီးလုံးဖြူ၊ နယုန်ဝါလ၊ ကြဲကြပျိုးထောင်၊ ဝါခေါင်သစ်ဆင်း၊ နှစ်လတွင်းမူ၊ ဆင်းကြယာလယ်၊ တောင်သူမယ်တို့" ဟု မော်ကွန်းရေးထိုးမှတ်တမ်းပြုစုခဲ့သည်။

သက်တမ်း ၁၅၀ ရက် မှ ၁၇၀ ရက်ကြားရှိ စပါးမျိုးကို ကောက်လတ်စပါးဟုခေါ်ဆိုပြီး ကောက်လတ်စပါး ၁၀ မျိုးရှိကြောင်းကိုလည်း"ကောက်လတ်ဆယ်ဖြာ၊ စပါးမှာကား၊ ဂေါ်တာမယ်စော၊ ဖြာကွန့်နမသလေး၊ ပုံ့မွှေးတုံစွ၊ နယုန်လကာ၊ စ၍ကြဲမြောက်၊ ဝါဆိုရောက်သော်၊ ကောက်စိုက်ပြီးခါ၊ ဝါခေါင်လကား၊ ဝင်းဝါမှည့်ဝင်း" အစရှိသဖြင့် မှတ်တမ်းပြုစုထားသည်။

သက်တမ်း ၁၅၀ ရက် အောက်ရှိသော စပါးမျိုးများကို ကောက်လျင်စပါးဟုသတ်မှတ်ပြီး ကောက်လျင် စပါး ၁၁ မျိုးရှိကြောင်းကို မှတ်တမ်းပြုစုထားပါသည်။

ကောက်လျင်စပါးနှင့် သက်တမ်းရက် မကွာခြားသော်လည်း မိုးနှောင်းဆောင်းဦးကာလ နုန်းတင်ရေကျလယ်ယာမြေများတွင် စိုက်ပျိုးလေ့ရှိသောစပါးကို မုရင်းစပါးအဖြစ် သတ်မှတ်ခေါ်ဝေါ်ပြီး မုရင်းစပါးခြောက်မျိုးရှိကြောင်း "မှတ်ဖွယ်ခြောက်ခု၊ မုရင်းစုမူ၊ ငမန်းဥနီဖြူ၊ ပုဖြူမုရင်း၊ တသင်းငလူးအိုင်၊ စပါးခိုင်ပြေပြစ်၊ ဥသျှစ်ဗျက်ကလေး၊ ပုံ့မွှေးခွာညို၊ ပြာသိုလမိုက်၊ ကြဲလိုက်လယ်တော၊ တောင်တကြောဝယ်၊ မှောင်ရောမင်းသွင်၊ မြူမင်းလွှင်နှင့်၊ ခိုးမှင်စေမိုန်၊ မေသိန်သန်နွဲ၊ တပို့တွဲဝယ်၊ စိုက်မြဲပျိုးကုန်၊ ကဆုန်ကျက်ကျက်၊ မုရင်းတက်သည်" စသည်ဖြင့် မုရင်းစပါးမျိုးအမည်များနှင့် စိုက်ချိန်၊ ရိတ်ချိန်များကို ဖွဲ့ဆိုထားရှိသည်။

ကောက်လတ်စပါးနှင့် သက်တမ်းတူညီသည့် ကောက်ညှင်းစပါးမျိုး ၃၄ မျိုးဖြစ်သည်။ သို့ဖြစ်ပါ၍ ကုန်းဘောင်ခေတ်တွင် ကောက်ကြီးစပါး ၁၂၆ မျိုး၊ ကောက်လတ်စပါး ၁၀ မျိုး၊ ကောက်လျင်စပါး ၁၁ မျိုး၊ မုရင်းစပါးခြောက်မျိုးနှင့် ကောက်ညှင်းစပါး ၃၄ မျိုး စုစုပေါင်း စပါးမျိုး ၁၈၇ မျိုးတို့ စိုက်ပျိုးကြောင်း တွေ့ရှိရသည်။

၎င်းကဲ့သို့သက်တမ်းမတူ၊ မျိုးမတူသည့် စပါးမျိုးများ စိုက်ပျိုးရာတွင် ရာသီဥတု၊ ရေမြေအနေအထားနှင့်စိုက်ပျိုးရေ ရရှိနိုင်မှုအပေါ်မူတည်၍ စိုက်ချိန်၊ ရိတ်ချိန်မတူညီကြောင်း တွေ့ရသည်။ အဆိုပါ မော်ကွန်းပါမှတ်တမ်းများအရ ကောက်ကြီးစပါးအတွက် ပျိုးထောင်၊ ပျိုးကြဲခြင်းလုပ်ငန်းကို နယုန်လနှင့်ဝါဆိုလများတွင် ဆောင်ရွက်ကြပြီး ပျိုးသက်ကြီးထား၍ ဝါခေါင်၊ တော်သလင်းလများမှ ကောက်ပင်ရွှေ့ပြောင်း စိုက်ပျိုးလေ့ရှိကြောင်း၊ သက်တမ်း ၁၇၀ ရက်နှင့်အထက် ဖြစ်သည့်အတွက် နတ်တော်၊ ပြာသိုလများတွင် ရိတ်သိမ်းကြကြောင်း တွေ့ရှိရသည်။ ကောက်လတ်စပါးမျိုးကိုမူ နယုန်လတွင် ပျိုးကြဲ၊ ဝါဆိုလတွင် ကောက်စိုက်၍ ဝါခေါင်လတွင် အစေ့အဆန်တည်ကာ သီတင်းကျွတ်လခန့်တွင် ရိတ်သိမ်းကြောင်း တွေ့ရှိရပါသည်။

ကုန်းဘောင်ခေတ်စိုက်ပျိုးရေးသည် တစ်နှစ်တစ်သီးစိုက်ရုံမဟုတ်ဘဲ တစ်နှစ်လျှင် သုံးသီးထိ စိုက်ပျိုးလေ့ရှိကြောင်းကိုလည်း "သုံးသီးဆဲ့နှစ်လ၊ လုပ်ဆောင်ကြသား၊ မျိုးရများပြား၊ ကောက်စပါးကား" ဟူသည့် အကိုးအကားဖြင့် သိရှိနိုင်သည်။ ၎င်းကဲ့သို့ သီးထပ်စိုက်ပျိုးရာတွင် သက်တမ်း ၁၅၀ ရက်သားထပ်ငယ်သည့် ကောက်လျင်စပါးမျိုးများကို အဓိက အသုံးပြုကြောင်း၊ ကောက်လျင်စပါးမျိုးများကို စိုက်ချိန်အနေဖြင့် မိုးဦးလေဦးဝင်စ တန်ခူးလတွင် စတင်စိုက်ပျိုးလေ့ရှိပြီး ဝါခေါင်၊ တော်သလင်းတွင် အပြီးရိတ်သိမ်းကြောင်း တွေ့ရသည်။ မုရင်းစပါးမျိုးများ စိုက်ချိန်အနေဖြင့် ပြာသိုလတွင် စတင်စိုက်၍ နောက်နှစ်ကဆုန်လဝန်းကျင်တွင် ရိတ်သိမ်းလေ့ရှိကြောင်းကိုလည်း တွေ့ရှိရသည်။ အဆိုပါ သက်တမ်းငယ်သည့်စပါးမျိုးများကို ရေတော်၊ မိုးတော်၊ လယ်များသာမက၊ ကန်၊ ချောင်း၊ ဆည်၊ မြောင်းသွင်းရေရနိုင်သည့် လယ်မြေများနှင့် မြစ်၊ ချောင်း၊ အင်းအိုင်ရေကျနုန်းမြေများတွင် စိုက်ပျိုးလေ့ရှိကြောင်းကိုလည်း တစေ့တစောင်းသုံးသပ်ရရှိကြောင်း တင်ပြအပ်ပါသည်။

**ကိုးကား**


၁။ မှော်ဘီမြို့ အထက်မြို့စာရေး၊ မောင်ဘိုးသိန်း ပြုစုသောဆယ့်နှစ်ရာသီဘွဲ့အမျိုးမျိုး။

၂။ ဆယ့်နှစ်ရာသီလူးတား (မေထုန်ရာသီ နယုန်ဘွဲ့) ဦးယာ။

၃။ မြန်မာ့စွယ်စုံကျမ်း အတွဲ (၁၂)၊ စာပေဗိမာန် ၂၀၁၁ ခုနှစ်။

၄။ ရှည်လျားထွေပြားလှသော မြန်မာ့ဆန်သမိုင်းကြောင်းနှင့် ရှေ့ခရီး (၂)၊ မှူးသမိန်။

# တေးသံရှင် ဝိုင်ဝိုင်း၊ မျိုးကြီးတို့၏ Rock Night တေးဂီတဖျော်ဖြေပွဲကို မင်္ဂလာတောင်ညွန့်မြို့နယ် Judson Entertainment Bar တွင် ပြုလုပ်မည်




**ရန်ကုန် စက်တင်ဘာ ၂၂**

တေးသံရှင် ဝိုင်ဝိုင်း၊ မျိုးကြီးတို့၏ Rock Night တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ Judson Entertainment Bar ၌ အောက်တိုဘာ ၆ ရက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း တေးသံရှင် မျိုးကြီးက ပြောပြ၍ သိရသည်။

အဆိုပါတေးသံရှင် ဝိုင်ဝိုင်း၊ မျိုးကြီးတို့၏ Rock Night တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများကို နာမည်ကျော် Judson Band တေးဂီတအဖွဲ့က အကောင်းဆုံးပံ့ပိုးတီးခတ်မှုများဖြင့် ဖျော်ဖြေတင်ဆက်သွားမည် ဖြစ်ကြောင်းလည်း သိရသည်။

"အောက်တိုဘာ ၆ ရက် သီတင်းကျွတ်လပြည့်နေ့ညမှာ ဝိုင်ဝိုင်းနဲ့အတူ Judson Entertainment Bar မှာရှိနေမှာပါ။ Rock Night ဆိုတဲ့အတိုင်း Rock သီချင်းတွေကို အတူတူ အော်ကြရအောင် Rock ချစ်သူတွေ လာရောက်အားပေးဖို့ မမေ့ကြနဲ့နော်။ အားလုံးကို ဖိတ်ခေါ်ပါတယ်"ဟု တေးသံရှင်မျိုးကြီးက ပြောပြသည်။

တေးသံရှင် ဝိုင်ဝိုင်း၊ မျိုးကြီးတို့၏ Rock Night တေးဂီတဖျော်ဖြေပွဲကို အောက်တိုဘာ ၆ ရက် ည ၆ နာရီမှ စတင်ကာ ဖျော်ဖြေ တင်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# What Happens at Night ဇာတ်ကားကို ဒါရိုက်တာ မာတင်စကော်စီစီ ရိုက်ကူးမည်

**နယူးယောက် စက်တင်ဘာ ၂၂**

Apple Original Films ကုမ္ပဏီ၏ What Happens at Night အမည်ရှိ ဇာတ်ကားကို ဒါရိုက်တာ မာတင်စကော်စီစီက တာဝန်ယူ ရိုက်ကူးမည်ဖြစ်ကြောင်း စက်တင်ဘာ ၂၁ ရက် သတင်းများအရ သိရသည်။

အဆိုပါဇာတ်ကားသည် စာရေးဆရာ ပီတာကင်မရွန်၏ What Happens at Night အမည်ရှိ ဝတ္ထုကို အခြေခံရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

What Happens at Night ဇာတ်ကားတွင် မင်းသား လီယိုနာဒိုဒီကာပရီယိုနှင့် မင်းသမီး ဂျင်နီဖာလောရင့်တို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။

အဆိုပါ ဇာတ်ကားအတွက် ဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ပက်ထရစ်မာဘာ ရေးသားပေးထားကြောင်း သိရသည်။

What Happens at Night ကို ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလတွင် ရိုက်ကူးရန် ထုတ်လုပ်သူများက စီစဉ်ထားကြောင်း သိရသည်။

What Happens at Night ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို Apple Original Films က ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



# စူပါလေဒီ ရုပ်ရှင်ဇာတ်ကားကို အောက်တိုဘာ ၃ ရက်တွင် နိုင်ငံတစ်ဝန်း အဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်ဖြစ်

**ရန်ကုန် စက်တင်ဘာ ၂၂**

ရေဝတီ ရုပ်ရှင်ထုတ်လုပ်ရေးမှ ရိုက်ကူးထုတ်လုပ်သည့် စူပါလေဒီ အမည်ရှိ မြန်မာရုပ်ရှင်ဇာတ်ကားကို အောက်တိုဘာ ၃ ရက်တွင် နိုင်ငံတစ်ဝန်း အဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်ဖြစ်ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားကို တာဝန်ယူ ပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး) ထံမှ သိရသည်။

စူပါလေဒီ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို ညီမင်းလွင်က ရေးသားထားပြီး မင်းကိုစိုး (နတ်သံကွင်း)နှင့် လူညီချောတို့က ဇာတ်ညွှန်းရေးကာ ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး)က ရေဝတီ ရုပ်ရှင် ထုတ်လုပ်ရေးအတွက် တာဝန်ယူရိုက်ကူးထားကြောင်း သိရသည်။

"အချစ်ဟာသဇာတ်မြူး အမျိုးအစားပါပဲ။ တစ်ကားလုံး တဝါးဝါး တဟားဟားနဲ့ ရယ်နေရမဲ့ ဇာတ်ကားပါ။ ဟာသကားတွေ ချည်း ရွေးရိုက်နေတာတော့မဟုတ်ပါဘူး။ ဒီနှစ်ထဲက ဆက်တိုက် ရုံတင်ခွင့်ရတဲ့ ဇာတ်ကားတွေက အချစ်ဟာသ ဇာတ်မြူးတွေချည်း ဖြစ်နေလို့ပါ။ ရပ်ကွက်ထဲက မြင်နေတွေ့နေကျ သဘာဝကျကျ ဟာသတွေပါ"ဟု ဒါရိုက်တာကိုဇော် (အရုဏ်ဦး)က ပြောပြသည်။




စူပါလေဒီအမည်ရှိ မြန်မာရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် မြင့်မြတ်၊ ထူးအောင်၊ ဆင်မ၊ ဇော်ဝင်းနိုင် (မန်း)၊ ဇော်ဇော်အောင်၊ ရန်ပြေကေညီ၊ စိုးမြတ်သူဇာ၊ ရတနာမိုးဆု၊ ဖာစီနှင့် အခြားသရုပ်ဆောင် များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# အကောင်းဆုံးနိုင်ငံတကာရုပ်ရှင် ဇာတ်ကားဆုအတွက် A Poet ဇာတ်ကား ကိုလံဘီယာ ရွေးချယ်တင်သွင်း

**နယူးယောက် စက်တင်ဘာ ၂၂**

၉၈ ကြိမ်မြောက် အော်စကာ ရုပ်ရှင်ဆုပေးပွဲ အကောင်းဆုံး နိုင်ငံတကာ ရုပ်ရှင်ဇာတ်ကားဆု အတွက် A Poet အမည်ရှိ ရုပ်ရှင် ဇာတ်ကားကို ကိုလံဘီယာနိုင်ငံက ရွေးချယ် တင်သွင်းထားကြောင်း စက်တင်ဘာ ၂၁ ရက် သတင်းများ အရ သိရသည်။

A Poet ဇာတ်ကားကို ကိုလံဘီယာဒါရိုက်တာ ဆိုင်မွန်မီဆာ ဆိုတိုက ရိုက်ကူးပေးထားခြင်းဖြစ် ကြောင်း၊ ၎င်းဇာတ်ကားသည် အောင်မြင်မှုမရှိသည့် အလုပ်လက်မဲ့ စာရေးဆရာတစ်ဦး၏ဘဝကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားပြီး အဆိုပါဇာတ်ကားတွင် ကိုလံဘီယာ သရုပ်ဆောင်မင်းသား အူဘီဖာရီယို၊ မင်းသမီး ရီဘက်ကာအန်ဒရိတ်တို့ပါဝင်ထားသည်။

၉၈ ကြိမ်မြောက် အော်စကာ ရုပ်ရှင်ဆုပေးပွဲအကောင်းဆုံး နိုင်ငံတကာ ရုပ်ရှင်ဇာတ်ကားဆုအတွက် ဆန်ခါတင်စာရင်းကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၂ ရက်တွင် ကြေညာမည် ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



# တေးသံရှင် ရဲလေး၏ Special Night By Ye Lay တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို သာကေတမြို့နယ် ပါကြီးစားတော်ဆက်တွင် ပြုလုပ်မည်




**ရန်ကုန် စက်တင်ဘာ ၂၂**

တေးသံရှင် ရဲလေး၏ Special Night By Ye Lay တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို ရန်ကုန် တိုင်းဒေသကြီး သာကေတမြို့နယ် ပါကြီးစားတော်ဆက်၌ စက်တင်ဘာ ၂၆ ရက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း တေးသံရှင် ရဲလေးထံမှ သိရသည်။

တေးသံရှင် ရဲလေး၏ Special Night By Ye Lay တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို Hi Bird Band တေးဂီတအဖွဲ့က အကောင်းဆုံး ကူညီတီးခတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

"ကုန်ဆုံးတော့မဲ့ မိုးရာသီလေးကို သီချင်းလေးတွေ သံပြိုင်သီဆိုပြီး နှုတ်ဆက်လိုက်ကြရအောင်။ ညီအစ်ကိုတွေရဲ့ အကောင်းဆုံး အခိုက်အတန့်လေးတွေကို ပါကြီး စားတော်ဆက်မှာ ကုန်ဆုံးလိုက်ကြဖို့ ဖိတ်ခေါ်လိုက်ပါတယ်"ဟု တေးသံရှင် ရဲလေးက ပြောပြသည်။

တေးသံရှင် ရဲလေး၏ Special Night By Ye Lay အမည်ရှိ တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို ပါကြီးစားတော်ဆက်၌ စက်တင်ဘာ ၂၆ ရက် ည ၇ နာရီတွင် စတင်ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Cultivation of maize and sweet corns completed on more than 1,000 acres of croplands


A thriving sweet corn plantation.

**Myinmu September 22**

Local farmers have planted more than 1,000 acres of maize and sweet corns as monsoon crops in Myinmu Township of Sagaing Region this year, according to Sagaing District Agriculture Department.

In 2025-26 monsoon season, Myinmu Township will grow 761 acres of maize and 1,059 acres of sweet corns. Local farmers started cultivation in June, and they have planted 770 acres of maize and 555 acres of sweet corns, totalling 1,325 acres against the target cultivation.

Daw Thida Lwin, Head of Sagaing District Agriculture Department said: “Local authorities earmarked cultivation of 2,160 acres of maize and sweet corns in Myinmu Township this monsoon. So far, farmers have planted more than 1,000 acres of crops. We help them meet the target cultivation. Moreover, we raise farmer awareness to achieve culvation of crops with prevention of pests.”

This year, officials of Myinmu Township Agriculture Department conducted training courses for growing maize and sweet corns, field demonstrations, prevention of FAW, and techniques for making natural pests and fertilizers.

Maize can yield 50 baskets per acre, and farmers need to cost K500,000 per acres of growing maize in Myinmu Township. Likewise, they need to spend more than K500,000 per acres of growing sweet corns which can yield 15,000 cobs per acre. 206

# Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Plan underway to grow more than 2,000 acres of groundnut in Homalin District

**Homalin September 22**

According to the statistics of Homalin District Agriculture Department, local authorities decided to grow more than 2,000 acres of groundnut as cold season crops in Homalin District of Sagaing Region this year.

In 2025-26 cold season cultivation period, local farmers will grow 2,022 acres of groundnut in Homalin Township and 30 acres in Mobailuk, totalling 2,052 acres. They will start cultivation of crops in October this year.

Daw Su Su Htwe, Head of Homalin District Agriculture Department mentioned: “Local authorities set plans to grow more than 2,000 acres of groundnut in the district in coming cold season. We will try our best to meet the target cultivation. Oil crops are thriving in the region. So, sown acreage of crops is on the rise yearly.”

In Homalin District, local farmers use 1.5 baskets of quality groundnut seeds per acre and cost more than K200,000 per acre for growing the crops, labour charge, fertilizers and pesticides. But, they can produce more than 50 baskets per acre of crops.


A groundnut plantation in Homalin District.

Staff of relevant Township Agriculture Departments of Homalin District help farmers thrive the corps, prevent pests, conduct weeding and take records on plantations. 206

# Over 3,000 acres of sunflower to be cultivated in Ye-U Township during upcoming winter crop season

**Ye-U September 22**

According to the Ye-U District Agriculture Department, more than 3,000 acres of sunflower will be cultivated in Ye-U Township, Sagaing Region, during the upcoming 2025–2026 winter crop season.

A total of 3,698 acres of sunflower are planned for cultivation, starting from October through December this year.

“This year, Ye-U Township is planning to grow over 3,000 acres of sunflower during the winter crop season. We will make efforts to achieve the targeted acreage. To help reduce imports of palm oil, we are promoting oil crops such as sunflower. Sunflower yields more oil per acre compared to crops like groundnut and sesame,” said U Zaw Myint Htun, Head of the Ye-U District Agriculture Department.

To support sunflower expansion, the Township Agriculture Department is conducting intensive training programs to improve the capacity of both staff and farmers. Farmers will also receive seed supplies, fertilizers at fair prices, and assistance in distributing new varieties through farmer-to-farmer exchange systems. 206


A sunflower plantation in Ye-U Township.

# Kalay District to plant more than 11,000 acres of soya bean as cold season crops this year

**Kalay September 22**

Kalay District Agriculture Department stated that more than 11,000 acres of soya bean will be grown as cold season crops in Kalay District of Sagaing Region this year.

In this regard, local authorities set plans to grow 8,979 acres of soya bean in Kalay Township, 260 acres in Kalewa Township and 1,956 acres in Mingin Township, totalling 11,195 acres in 2025-26 cultivation season. Farmers will start cultivation of crops in October this year.

U Aung, Head of Kalay District Agriculture Department commented: “Local authorities set a plan to cultivate more than 11,000 acres of soya bean in Kalay District in cold season. We will help farmers meet the target cultivation. Moreover, we will provide techniques for cultivation of crops to local farmers. In addition, farmers have been reminded to search quality strains of crops.”

Officials of relevant Township Agriculture Departments will have to provide quality seeds of crops, correct agricultural techniques, prevention of pests and use of natural fertilizers for farmkers.

In monsoon, officials of the Agriculture Department join hands with local farmers in collection of quality seeds of crops, agricultural inputs and post-harvest technology to boost per-acre yield of bean. 206

# More than 1,600 acres of cotton planted in Yinmabin District


A cotton plantation in Yinmabin District.

**Yinmabin September 22**

As per the statistics of Yinmabin District Agriculture Department, local farmers have planted more than 1,600 acres of cotton as monsoon crops in Yinmabin District of Sagaing Region this year.

In 2025-26 cultivation season, local farmers planted 422 acres of cotton in Yinmabin Township, 273 acres in Kani Township, 154 acres in Salingyi Township and 791 acres in Pale Township, totalling 1,640 acres.

Daw Myat Moe Win, Head of Yinmabin District Agriculture Department stated: "Authorities earmarked cultivation of more than 19,000 acres of cotton in the district. So far, farmers have planted more than 1,600 acres of crops. We organize local farmers to grow crops meeting the target cultivation. Moreover, we provide quality cotton seeds to local farmers so as to grow crops in time."

In 2025-26 monsoon crop cultivation season, authorities of Yinmabin Township earmarked cultivation of 5,000 acres of cotton, 7,000 acres in Kani Township, 3,200 acres in Salingyi Township and 3,950 acres in Pale Township, totalling 19,150 acres.

This year, officials of relevant township Agriculture Departments conducted training courses for local farmers and agricultural staff to enhance their capaicty for growing of cotton successfully, use quality seeds, prevent pests and boost per-acre yield of crops. Farmers need to spend K350,000 per acre of growing cotton which can yield some 1,000 viss per acre.

Farmers grow cotton with onion or pigeon pea as mix-cropping movements to earn increased incomes for their families.

Cotton is successfully grown in 19 townships of Sagaing, Monywa, Yinmabin, Shwebo and Kanbalu districts in Sagaing Region.

206

# Tamu District earmarks more than 4,000 acres of kidney bean this year

**Tamu September 22**

Statistics of Tamu District Agriculture Department of Sagaing Region stated that local authorities have earmarked cultivation of 4,295 acres of kidney bean as cold season crops in Tamu District this year.

In 2025-26 cold season, Myothit Township will grow 1,000 acres of kidney bean, Tamu Township 2,295 acres and Khampak 1,000 acres, totalling 4,295 acres. Farmers will start cultivation of crops in October.

"This year, we plan to grow more than 4,000 acres of kidney bean in Tamu District this year. We will strive to meet the target cultivation. So, we will provide quality strains of crops, inputs and post-harvest technology for local farmers in order to increase per-acre yield of crops," said U Hla Myint, Head of the district Agriculture Department.

Officilas of relevant township Agriculture Department will conduct farmers awareness to expand sown acreage of crops, boost per-acre yield of crops, use GAP system and quality seeds of crops.

The crops planted in GAP system become quality crops, fetching good prices at domestic and international market. So, farmers will have better benefit. 206


A kidney bean plantation in Tamu District.

# Over 38,000 acres of mung beans to be cultivated in Kanbalu Township in upcoming winter season

**Kanbalu September 22**

According to records from the Kanbalu Township Department of Agriculture, over 38,000 acres of mung beans are planned to be cultivated in Kanbalu Township, Kanbalu District, Sagaing Region, during the upcoming winter crop season.

For the 2025-2026 winter crop season, it is reported that Kanbalu Township has planned to cultivate mung beans on 38,437 acres, with planting scheduled to begin in October and continue until December this year.

U Myo Zaw, the Township Head of the Kanbalu Township Department of Agriculture, stated, "For this year's upcoming winter crop season, Kanbalu Township has planned to cultivate over 38,000 acres of mung beans. We will work to ensure the target acreage for mung beans is fully met. During the planting period, we will also conduct field visits to provide necessary techniques, quality seeds, and methods for pest and disease control."

It is learned that the Kanbalu Township Department of Agriculture will provide education to mung bean farmers in the township on accessing high-quality, regionally suitable seeds, proper cultivation techniques, pest and disease prevention, systematic use of fertilizers, and improving yield quality.

Additionally, it is reported that for this year's monsoon crop season, the relevant Township Department of Agriculture is collaborating with farmers to provide high-quality seeds, inputs, and post-harvest techniques necessary for improving the yield and quality of various pulse crops. 206

# Armed clashes erupt west of Libya's capital

**Tripoli September 22**

Heavy clashes erupted Sunday in Janzour, about 12 km west of Libya's capital of Tripoli, between rival armed groups aligned with Prime Minister Abdul Hamid Dbeibah's Government of National Unity (GNU), local media reported.

Fighting began when Mahmoud Boujaafar's Joint Force stormed the Sixth Brigade headquarters led by Munir Al-Sweih at Bridge 17, prompting a counter-attack using medium and heavy weapons.

The coastal highway to Zawiya and the central vegetable market were closed, and large-scale military reinforcements were deployed.

The clashes highlight the fragility of a security deal signed last week between the GNU and the Special Deterrence Force (Radaa), which included Radaa's withdrawal from Mitiga Airbase, appointment of a new Judicial Police head, transfer of wanted individuals to the Attorney General, redeployment of outside military units, and Turkish deployment along faction lines to prevent renewed fighting.

Libya remains divided between the UN-recognized GNU in the west and a rival administration in the east under Osama Hammad, backed by Khalifa Haftar's Libyan National Army.

Xinhua

# Israel slams recognition of Palestinian state by Britain, Australia, Canada

**Jerusalem September 22**

Israeli Prime Minister Benjamin Netanyahu on Sunday denounced the decision by Britain, Canada, and Australia to recognize a Palestinian state.

"I have a clear message to those leaders who recognize a Palestinian state after the terrible massacre of October 7," Netanyahu said, referring to Hamas' attack on southern Israel in October 2023. "You are giving a huge reward to terrorism."

He added, "It will not happen, there will not be a Palestinian state west of the Jordan River."

He added that he will give a response to the latest recognition after his return from the United States. "Wait for it," he said.

Welcoming the move by the three countries, Palestinian President Mahmoud Abbas said, "It constitutes an important and necessary step toward achieving a just and lasting peace in accordance with international legitimacy," according to a statement by his office.

Earlier in the day, British Prime Minister Keir Starmer said in a video statement that Britain "formally recognizes the State of Palestine," calling for a shift back to a two-state solution. Xinhua


Israeli Prime Minister Benjamin Netanyahu is seen at the Tel Aviv courthouse in Tel Aviv, Israel, on Dec. 10, 2024.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## တရုတ်လေတပ်က J-20 ကိုယ်ပျောက်တိုက်လေယာဉ်ကို ချန်ချွန်းလေကြောင်းပြပွဲတွင် ပထမဆုံးအကြိမ်ပြသခဲ့



တရုတ်ပြည်သူ့ လွတ်မြောက်ရေး တပ်မတော်လေတပ် (People's Liberation Army Air Force) က J-20 ကိုယ်ပျောက်တိုက်လေယာဉ်ကို ချန်ချွန်းလေကြောင်းပြပွဲတွင် ပထမဆုံးအကြိမ်အဖြစ် ပြသခဲ့ကြောင်း Army Recognition သတင်းဌာနက စက်တင်ဘာ ၂၁ ရက်က ရေးသားဖော်ပြခဲ့သည်။

ပြပွဲတွင် J-20 တိုက်လေယာဉ်အစင်းရေ ၃၀၀ ပြည့်မြောက်ပြီဖြစ်ကြောင်း အတည်ပြုချက်နှင့်အတူ ထုတ်လုပ်မှုဆိုင်ရာ မှတ်တိုင်တစ်ခုကိုလည်း စိုက်ထူနိုင်ခဲ့ပြီဖြစ်သည်။ ဤအချက်သည် ပေကျင်း၏ အဆင့်အမြင့်ဆုံးတိုက်လေယာဉ်များ ထုတ်လုပ်မှုကို လျင်မြန်စွာ တိုးချဲ့နေခြင်းကို မီးမောင်းထိုးပြနေသည်။ J-20 တိုက်လေယာဉ်ကို မြေပြင်တွင် လူအများရှေ့ပထမဆုံးအကြိမ် ထုတ်ဖော်ပြသခြင်းသည် တရုတ်နိုင်ငံ၏ လေယာဉ်အပေါ်ယုံကြည်မှု တိုးလာနေခြင်းကိုပြသနေသည်။ J-20 လေယာဉ်၏ ထူးခြားသော ပုံသဏ္ဍာန်နှင့်ဒီဇိုင်းကို အနီးကပ်လေ့လာခွင့်ရခဲ့ခြင်းက စစ်ရေးကျွမ်းကျင်သူများကြား စိတ်ဝင်စားမှုကို မြှင့်တင်ပေးခဲ့သည်။ ထို့ပြင် အစင်းရေ ၃၀၀ ပြည့်မြောက်ခြင်းသည် ဒေသတွင်း လေကြောင်းစွမ်းအား အင်အားချိန်ခွင်လျှာအတွက် အရေးပါသော အဓိပ္ပာယ်သက်ရောက်မှုများ ရှိလာနိုင်ကြောင်း သုံးသပ်ခဲ့ကြသည်။

စက်တင်ဘာလ ၉ ရက်က "PLA Military Updates" အမည်ရှိ X အကောင့်တစ်ခုတွင် J-20 တိုက်လေယာဉ်၏ ပုံဟောင်းများကို ဖော်ပြခဲ့ပြီး ၎င်းသည် လေယာဉ်၏ "Beast Mode" (လက်နက်အပြည့်အစုံဖြင့် တပ်ဆင်ထားသည့်ပုံစံ) ဟု ဖော်ပြခဲ့သည်။ အဆိုပါ ဖော်ပြချက်အရ J-20 တိုက်လေယာဉ်သည် PL-15 တာဝေးပစ်ဝေဟင်မှ ဝေဟင်ပစ်ဒုံးကျည် ၁၂ စင်းနှင့် PL-10 တာတိုပစ် ဝေဟင်မှ ဝေဟင်ပစ်ဒုံးကျည်နှစ်စင်း စုစုပေါင်း ဒုံးကျည် ၁၄ စင်း တပ်ဆင်ထားကြောင်း သိရသည်။

PL-15 ဒုံးကျည်ရှစ်စင်းကို လေယာဉ်၏ အပြင်ဘက်တောင်ပံများအောက်ရှိ လက်နက်တပ်ဆင်ရာ pylons များတွင် တပ်ဆင်ထားပြီး ကျန် PL-15 လေးစင်းနှင့် PL-10 နှစ်စင်းကိုမူ လေယာဉ်အတွင်းပိုင်း လက်နက်တပ်ဆင်ခန်းတွင် တပ်ဆင်ထားသည်။ ဤသို့ အပြင်ဘက်တွင် ဒုံးကျည်များ တပ်ဆင်ခြင်းသည် လေယာဉ်၏ "low observable characteristics" (Stealth နည်းပညာ)ကို လျော့ကျစေနိုင်သော်လည်း၊ KJ-500 လေကြောင်း ကြိုတင်သတိပေးရေးနှင့် ထိန်းကျောင်းရေး လေယာဉ်ကဲ့သို့သော လေကြောင်းထောက်လှမ်းရေး စနစ်များ၏ ပံ့ပိုးမှုဖြင့် J-20 သည် "A guide B shoot" ဟူသော စစ်ဆင်ရေးသဘောတရားအောက်တွင် ပြင်ပအာရုံခံကိရိယာများ၏ လမ်းညွှန်မှုကိုခံယူပြီး ဒုံးကျည်ပစ်လွှတ်ပေးနိုင်သည့် စကြိုတစ်ခုအဖြစ် အသုံးပြုနိုင်မည်ဖြစ်သည်။ ဤသို့ဖြင့် J-20 ၏ တိုက်ခိုက်ရေးစွမ်းရည်ကို များစွာမြှင့်တင်နိုင်မည်ဟု အဆိုပါသတင်းက ဖော်ပြခဲ့ကြောင်း သိရသည်။

J-20 လေယာဉ်၏ ဒီဇိုင်းတွင် canard-delta ပုံစံ၊ diverterless supersonic intakes (DSI)၊ တစ်သားတည်းပေါင်းစပ်ထားသော ကိုယ်ထည်နှင့် စစ်ဆေးမတွေ့နိုင်စေရန် ရည်ရွယ်သည့် အတွင်းပိုင်း လက်နက်ခန်းများတို့ကို အသုံးပြုထားသည်။ ၎င်း၏ ဒီဇိုင်းသည် အလွယ်တကူ မြင်နိုင်စွမ်းနည်းပါးသော ပုံသဏ္ဍာန်၊ ရေဒါလှိုင်းကို စုပ်ယူနိုင်သည့် ဖုံးအုပ်မှုများ စသည်တို့ပေါင်းစပ်ထားသည်။ J-20 ကို အဓိကအားဖြင့် လေကြောင်း အသာစီးရယူရေးအတွက် ရည်ရွယ် ထုတ်လုပ်ထားသော်လည်း ပစ်မှတ်များကို တိကျစွာ တိုက်ခိုက်နိုင်စွမ်းလည်းရှိသည်။

**China's J-20 stealth fighter makes first static display as 300th jet appears ကို ဘာသာပြန်ဆိုထားပါသည်။**

---

## ရုရှားနိုင်ငံက Sarma အတွဲလိုက်ဒုံးပစ်လောင်ချာစနစ်ကို KamAZ-63501 ထရပ်ကားပေါ်တင်ဆောင်၍ ထုတ်ဖော်ပြသခဲ့

ရုရှားနိုင်ငံ၏ ထိပ်တန်းကာကွယ်ရေးကုမ္ပဏီတစ်ခုဖြစ်သော Motovilikhinskiye Zavody က ၎င်းတို့၏ စစ်လက်နက်ဆိုင်ရာ တီထွင်မှုအသစ်တစ်ခုအဖြစ် Sarma မီလီမီတာ ၃၀၀ အတွဲလိုက်ဒုံးပစ်လောင်ချာစနစ်ကို KamAZ-63501 ထရပ်ကားပေါ်တင်ဆောင်၍ မကြာသေးမီက ထုတ်ဖော်ပြသခဲ့ကြောင်း Army Recognition သတင်းဌာနက စက်တင်ဘာ ၂၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ရုရှားနိုင်ငံ Perm မြို့ရှိ Motovilikhinskiye Zavody စက်ရုံတွင် ပြုလုပ်သော ပြပွဲတစ်ခု၌ ရုရှားထိပ်တန်း စစ်ဘက်အရာရှိကြီးများရှေ့မှောက်တွင် 9A52-4 Sarma အတွဲလိုက်ဒုံးပစ်လောင်ချာသစ်ကို မိတ်ဆက်ပြသခဲ့ခြင်းလည်းဖြစ်သည်။

သံချပ်ကာတပ်ဆင်ထားသည့် အဆိုပါ လောင်ချာယာဉ်၏ အဓိကထူးခြားချက်မှာ ယာဉ်မောင်းခန်းပါဝင်ပြီး Sarma မီလီမီတာ ၃၀၀ ဒုံးကျည်ခြောက်ခုကို တစ်ပြိုင်နက်တည်း ပစ်လွှတ်နိုင်သော လောင်ချာပြွန်များကို သယ်ဆောင်ထားခြင်းဖြစ်သည်။ ထို့ပြင် ထောက်လှမ်းရေး၊ပစ်မှတ်ရှာဖွေရေးစနစ်များနှင့် ပေါင်းစပ်ထားသော အလိုအလျောက်ပစ်ခတ်မှု ထိန်းချုပ်ရေးစနစ် (automated fire-control suite) ကိုလည်း တပ်ဆင်ထားသည့်အတွက် စစ်မြေပြင်တွင် စွမ်းဆောင်ရည်မြင့်မားစွာ အသုံးပြုနိုင်မည်ဟု မျှော်လင့်ရသည်။

ဤဒုံးပစ်လောင်ချာ အမျိုးအစားသစ်သည် ယခင်က KamAZ ကားကိုယ်ထည်ကို အခြေခံ၍ ရုရှား၏ တာဝေးပစ်ဒုံးကျည်လက်နက်များတွင် အသုံးပြုမည့် ပြောင်းလွယ်ပြင်လွယ်ရှိစွာ ဖွဲ့စည်းတည်ဆောက်ထားသော ဒုံးပစ်လွှတ်မှုစနစ်များ၊ ပဲ့ထိန်းဒုံးကျည်များနှင့် ထရပ်ကားများ၏ ရွေ့လျားစစ်ကစားနိုင်စွမ်းကို အလေးပေးထားသည့် ခေတ်မီ၊ အဆင့်မြှင့်တင်ရေးလမ်းကြောင်းများ၏ တစ်စိတ်တစ်ပိုင်းလည်းဖြစ်သည်။ Sarma ဒုံးပစ်လောင်ချာစနစ်သည် ၂၀၀၀ ပြည့်နှစ်များတွင် စတင်ခဲ့သည့် "Kama" စီမံကိန်းမှ ဆင်းသက်လာခြင်းဖြစ်သည်။ ထိုစဉ်က Motovilikhinskiye Zavody ကုမ္ပဏီသည် လေးလံသောတင့်ကားကိုယ်ထည်များကို အသုံးပြုမည့်အစား KamAZ-6350 ထရပ်ကားကိုယ်ထည်ကို အသုံးပြုခြင်းဖြင့် ပိုမိုပေါ့ပါးပြီး လမ်းမများပေါ်တွင် ရွေ့လျားနိုင်စွမ်းပိုကောင်းသည့် မီလီမီတာ ၃၀၀ အတွဲလိုက်ဒုံးပစ်လောင်ချာစနစ်ကို ထုတ်လုပ်ရန် ကြိုးပမ်းခဲ့သည်။



Kama ပုံစံငယ်များကို MAKS 2007 ကဲ့သို့သော ကာကွယ်ရေးပြပွဲများတွင် လူသိရှင်ကြားပြသခဲ့ပြီး၊ သယ်ယူပို့ဆောင်ရေးနှင့် ပစ်လွှတ်ရေးအတွက် ဖြုတ်တပ်နိုင်သော ကွန်တိန်နာများနှင့် ပုံသေပစ်လွှတ်ပြွန်ခြောက်ခုပါရှိသော စနစ်များအတွက် အင်ဂျင်နီယာလုပ်ငန်းဆိုင်ရာ လေ့လာမှုများလည်း ပြုလုပ်ခဲ့ကြသည်။

Sarma စနစ်သည် လေးလံသော တင့်ကားကိုယ်ထည်ပေါ်တွင် တပ်ဆင်ထားသည့်ဒုံးကျည် ၁၂ ခုပါ စနစ်များထက် ဒုံးကျည်အရေအတွက်နည်းပါးစွာ သယ်ဆောင်နိုင်သော်လည်း၊ ပိုမိုမြင့်မားကောင်းမွန်သော နည်းဗျူဟာမြောက်ရွေ့လျားနိုင်စွမ်း၊ နေရာယူချိန်နှင့်နေရာရွှေ့ပြောင်းချိန်ပိုမိုမြန်ဆန်မှုနှင့် စစ်သည်များ၏ လုံခြုံရေးတိုးမြှင့်မှု စသည့် အားသာချက်များကို ပိုင်ဆိုင်ထားကြောင်း သိရသည်။

**Russia unveils new variant of Sarma 300mm rocket launcher on KamAZ-63501 chassis ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ဘုတလင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီးဧက ၄၃၀၀ စိုက်ပျိုးမည်



ယခင်နှစ်က ပဲကြီးစိုက်ခင်းကို တွေ့ရစဉ်။

**ဘုတလင် စက်တင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ဧက ၄၃၀၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဘုတလင်မြို့နယ်တွင် ပဲကြီးဧက ၄၃၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကာ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဒီနှစ် လာမဲ့ ဆောင်းသီးနှံစိုက်ပျိုးရာသီ ဘုတလင်မြို့နယ်မှာ ပဲကြီးဧက ၄၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ ပဲသီးနှံ အထွက်နှုန်းနဲ့အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးမှာပါ"ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးဖြိုးဝေက ပြောပြသည်။

ဘုတလင်မြို့နယ်တွင် ပဲကြီးစိုက်ပျိုး တောင်သူများအနေဖြင့် ပဲကြီးစိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ခင်းများအတွင်း ကွင်းဆင်း၍ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပဲကြီးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ ပဲကြီးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြ၍ သိရသည်။

(၂၀၆)

# ဇလွန်မြို့နယ်တွင် ခရမ်းသီးများ အရောင်းအဝယ်ကောင်းမွန်နေ

**ဇလွန် စက်တင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်တွင် ဒေသထွက် ခရမ်းသီးများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဇလွန်မြို့နယ်မှ ကုန်စိမ်းမျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းမြင့်က ပြောပြသည်။

ဇလွန်မြို့နယ်တွင် ဒေသထွက် ခရမ်းသီးများထွက်ရှိပြီး ယခုနှစ် စက်တင်ဘာလ ပထမပတ်မှစတင်ကာ ယနေ့ထိ ခရမ်းသီးများဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသမှ ထွက်ရှိသည့် ခရမ်းသီးများ တစ်ရက်လျှင် အလုံးရေ ၄၀၀၀၀ မှ ၅၅၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ဇလွန်မြို့နယ်ကနေ ထွက်ရှိတဲ့ ခရမ်းသီးတွေ အဝယ်လိုက်နေပါတယ်။ အခြားဒေသ ကုန်စိမ်းဈေးကွက်က ဝယ်လက်တွေက အဝယ်များနေတာပါ။ ဇလွန်မြို့နယ်ကနေ အခြားဒေသတွေကို အလုံးရေ ၅၅၀၀၀ ထိ တင်ပို့



ရောင်းချနေရပါတယ်။ ဒေသထွက် ခရမ်းသီးတွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေး ကောင်းမွန်တာတွေ့ရပါတယ်။ အခုနှစ် ခရမ်းသီးတွေက အရည်အသွေးကောင်းသလို အထွက်နှုန်းလဲကောင်းနေပါတယ်။ လက်ရှိ ခရမ်းအဝိုင်းသီးကော၊ အရှည်သီးကော အမျိုးအစားနှစ်မျိုးစလုံး အရောင်းအဝယ်ကောင်းမွန်နေပါတယ်"ဟု ဇလွန်မြို့နယ် ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းမြင့်က ပြောပြသည်။

ဇလွန်မြို့နယ်မှ စိုက်ပျိုးထွက်ရှိပြီး အရောင်းအဝယ်ကောင်းမွန်နေသည့် ခရမ်းသီး အလုံးရေ ၁၀၀ လျှင် ငွေကျပ် ၁၃၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသထွက် ခရမ်းသီးများ အပါအဝင် အခြားကုန်စိမ်းများကို ဒေသဈေးကွက်အပြင် ပုသိမ်၊ ရေကြည်စသည့် ဒေသဈေးကွက်များသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# ဇေယျာသီရိမြို့နယ် ရွှေကျကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့်ဆက်စပ်လုပ်ငန်းများ စစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၂၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ဇေယျာသီရိမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် နေပြည်တော်ကောင်စီ ခွင့်ပြုရန်ပုံငွေဖြင့် ရေဆင်းကျေးရွာအုပ်စု ရွှေကျကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဇေယျာသီရိခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦး၊ ဇေယျာသီရိမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာရေရရှိရေး ကော်မတီဝင်များ၊ ကုမ္ပဏီမှတာဝန်ရှိသူများနှင့်အတူ ရွှေကျကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ရွှေကျကျေးရွာ၌ အကျယ် လေးလက်မခွဲ၊ အနက်ပေ ၄၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ အလျား ငါးပေ၊ အနံ ငါးပေ၊ အမြင့် ခုနစ်ပေရှိ ရေစက်ရုံတည်ဆောက်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နေပြည်တော်ကောင်စီခွင့်ပြုရန်ပုံငွေကျပ် ၅၇ ဒသမ ၁၅၂ သန်းဖြင့် Y2T ကုမ္ပဏီက တာဝန်ယူ၍ ယခုနှစ် ဩဂုတ် ၇ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၄ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

နော်လူး






# မိုးညိုမြို့နယ် ဆင်ခေါင်းကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး



**မိုးညို စက်တင်ဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆင်ခေါင်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေဖြင့် ကျေးရွာတွင်းကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာယာဝတီခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးညွန့်ဇော်၊ မိုးညိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းခိုင်နှင့် ဝန်ထမ်းများက ဆင်ခေါင်းကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့် တွေ့ဆုံကာ လိုအပ်သည်များကို ခရိုင်ဦးစီးမှူးက ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ တစ်ဖက်လျှင် အရှည်ပေ ၈၀၀၊ အကျယ် နှစ်ပေ၊ အမြင့် ခြောက်လက်မစီရှိ ကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်းဖြင့် ဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဩဂုတ်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး၏ ၈၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် ကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်းရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်လာပြီး ကျေးရွာမှ ထွက်ရှိလာသော ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်သို့ အချိန်နှင့်တစ်ပြေးညီ ပေးပို့နိုင်မည်ဖြစ်ကြောင်းနှင့် ယခင်ကထက် လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားတိုးတက်လာမည်ဖြစ်ကြောင်း သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

အေးမြတ်


ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

# ၃၃ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ဂျူဒိုနှင့် လက်ဝှေ့အားကစားအဖွဲ့များ လေ့ကျင့်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၂

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လက်ဝှေ့လေ့ကျင့်ရေးရုံ၌ ၃၃ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝိတ်တန်းများအလိုက် အင်အားပြည့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် ဂျူဒိုနှင့် လက်ဝှေ့အားကစားအဖွဲ့များ အရှိန်အဟုန်မပျက် ကြိုးစားလေ့ကျင့်ပြင်ဆင်နေမှုကို ကြည့်ရှုအားပေးသည်။



ထို့နောက် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လက်ဝှေ့၊ ဖူဆယ်နှင့် တင်းနစ်လေ့ကျင့်ရေးကွင်းရုံများ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းနှင့် လိုအပ်သည့်ပစ္စည်းများ ဝယ်ယူထားရှိမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးစေရေးနှင့် ရေရှည်တည်တံ့စေရေး စိစစ်ကြပ်မတ်ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်းရှိ ဂျူဒိုလေ့ကျင့်ရေးခန်းမ၌ ဂျူဒိုအားကစားသမားများ၏ နည်းစနစ်ပိုင်းဆိုင်ရာလေ့ကျင့်နေမှု၊ အမျိုးသား(Nage-no-kata)နှင့် အမျိုးသမီး(Ju-no-kata) လေ့ကျင့်နေမှုတို့ကို ကြည့်ရှုအားပေးပြီး အားနည်းချက်၊ အားသာချက်များကို ပြန်လည်လေ့လာသုံးသပ်ပြီး အခက်အခဲများကို ရင်ဆိုင်ကျော်ဖြတ်နိုင်သူများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားရန်၊ မိမိတို့ရရှိထားသည့် စံချိန်စံညွှန်းများ ပိုမိုကောင်းမွန်အောင် နည်းပြဆရာများ၏ သင်ကြားလေ့ကျင့်ပေးမှုအတိုင်း စနစ်တကျလေ့ကျင့်သွားရန်၊ အုပ်ချုပ်သူ၊ နည်းပြများအနေဖြင့် ပြိုင်ပွဲအတွေ့အကြုံ များများရရှိစေရန် အကြီးတန်းနှင့် အငယ်တန်းပြိုင်ပွဲများကို လစဉ်ကျင်းပပေးပြီး အားကစားသမားများ၏ အခြေအနေများကို လေ့လာသုံးသပ်၍ အားနည်းချက်၊ အားသာချက်များကို ပြန်လည်ပြုပြင် သင်ကြားလေ့ကျင့်ပေးသွားရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ နိုင်ငံတော်ဧည့်ဂေဟာဝင်းအတွင်းရှိ ငလျင်ဒဏ်သင့်ဟိုတယ်များ ပြုပြင်မွမ်းမံဆောင်ရွက်နေမှု၊ ဧည့်သည်လက်ခံနိုင်ရေးနှင့် ဝန်ဆောင်မှုပေးရန်ပြင်ဆင်ထားရှိမှု၊ ဟိုတယ်အလိုက် အစည်းအဝေးများ၊ ဆွေးနွေးပွဲများနှင့် အခမ်းအနားများ အဆင့်အတန်းမီစွာ လက်ခံကျင်းပနိုင်ရေးအတွက် အဆင့်မြှင့်တင် ပြင်ဆင်မွမ်းမံဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုပြီး လိုက်နာဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းပိုင်းဆိုင်ရာများ ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဆက်သွယ်ရေး၊ သတင်း၊ ပြန်ကြားရေးကဏ္ဍနှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုစကားဝိုင်းဆွေးနွေးပွဲ ဖွင့်ပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၂

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် အမျိုးသားစီမံကိန်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ ဆက်သွယ်ရေး၊ သတင်း၊ ပြန်ကြားရေးကဏ္ဍနှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု စကားဝိုင်းဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။





အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဆက်သွယ်ရေး၊ သတင်းနှင့် ပြန်ကြားရေးကဏ္ဍသည် ဘေးအန္တရာယ်စီမံခန့်ခွဲမှု လုပ်ငန်းစဉ်၏ ကာလသုံးခုတွင်အဓိကအရေးပါသော ကဏ္ဍဖြစ်ကြောင်း၊ ပို့ဆောင်ရေးကဏ္ဍတွင် ကားလမ်းများ၊ ရထားလမ်းများ၊ လေယာဉ်ကွင်းများနှင့် ချောင်းကူးမြစ်ကူးတံတားများကို ကွန်ရက်ဖြစ်အောင်တည်ဆောက်ထားခြင်းအားဖြင့် ဘေးအန္တရာယ်များကျရောက်ပါက ရှာဖွေကယ်ဆယ်ရေးနှင့် ကူညီထောက်ပံ့ရေးကိစ္စများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊သတင်းအချက်အလက်များ အချိန်မီပေးပို့နိုင်ရေး၊ မှန်ကန်သည့်သတင်းများဖြစ်စေရေးသည် အရေးပါသကဲ့သို့ သတင်းအမှားများကို သိရှိရှောင်ရှားနိုင်ရေးသည်လည်း လွန်စွာအရေးကြီးကြောင်း၊ ဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်သတိပေးချက်များကို နိုင်ငံပိုင်သတင်းမီဒီယာများ၊ ဆက်သွယ်ရေးကွန်ရက်များကိုအသုံးပြုပြီး ကျယ်ကျယ်ပြန့်ပြန့်ဖော်ပြ၍ ကြိုတင်ပြင်ဆင်နိုင်ခြင်းဖြင့် ထိခိုက်ဆုံးရှုံးမှုကို လျော့နည်းအောင်ဆောင်ရွက်နိုင်ခဲ့သည့် သာဓကများရှိခဲ့ကြောင်း။

ဘေးအန္တရာယ် စီမံခန့်ခွဲမှုအတွက် နိုင်ငံတော်က ကဏ္ဍအလိုက် ဆောင်ရွက်ပေးနေမှုများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်နှင့် မှန်ကန်မြန်ဆန်စွာ သိရှိရန်လိုအပ်ကြောင်း၊ သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားပြီးနောက် ပျက်စီးဆုံးရှုံးမှုစာရင်းများ ကောက်ယူခြင်း၊ တိကျမှန်ကန်သော အချက်အလက်များ မြန်ဆန်စွာရရှိခြင်းသည် ကူညီကယ်ဆယ်ရေး၊ ထောက်ပံ့ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများအတွက် အဓိကကျကြောင်း၊ ယနေ့စကားဝိုင်းဆွေးနွေးပွဲသည် ဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ အကျိုးရှိသော ဆွေးနွေးပွဲတစ်ခုဖြစ်သည့်အတွက် တက်ရောက်လာသူများအနေဖြင့် လေ့လာမှတ်သား၍ ထပ်ဆင့်မျှဝေပေးကြစေလိုကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

စကားဝိုင်းဆွေးနွေးပွဲတွင် ဗဟိုစာရင်းအင်းအဖွဲ့၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနတို့မှ ဘာသာရပ်ဆိုင်ရာတာဝန်ရှိသူများက ကဏ္ဍအလိုက် ပါဝင်ဆွေးနွေးကြပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို အပြန်အလှန်မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




**ရှေ့ဖုံးမှအဆက်**

“ပွင့်လင်းရာသီ ရောက်ရှိပြီဖြစ်သလို မကြာခင် သီတင်းကျွတ်ကျောင်းပိတ်ရက်၊ ရုံးပိတ်ရက်ရှည်ရောက်တော့မှာပါ။ အဲဒီအချိန်ဆိုရင် ဆင်စခန်းကိုလာတဲ့သူ ပိုများတယ်။ လာရောက်လည်ပတ်သူက တစ်လကို ဦးရေ၁၀၀၀၊၁၅၀၀ ဝန်းကျင်လောက်ရှိပြီး တချို့က ဆင်ပေါက်ကလေးတွေကို သဘောကျလို့ လာကြည့်ကြတာလည်းရှိတော့ ဧည့်သည်ပိုများလာတာပါ။ ဝင်ကြေးက ပြည်တွင်းဧည့်သည်ဆိုရင် ငွေကျပ် ၁၀၀၀၊ ပြည်ပဧည့်သည်ဆိုရင် ငွေကျပ် ၁၀၀၀၀၊ ဆင်စီးခက ပြည်တွင်းဧည့်သည်ဆိုရင် ငွေကျပ် ၅၀၀၀ နဲ့ ပြည်ပဧည့်သည်ဆိုရင် ငွေကျပ် ၁၀၀၀၀ ပါ”ဟု ဆင်စခန်းမှ တာဝန်ရှိသူက ပြောသည်။

ဆင်စခန်းတွင် ဆင်အထီး သုံးကောင်နှင့် အမ ငါးကောင်အပြင် ဆင်ပေါက်ကလေးများရှိရာ တစ်နှစ်ရှစ်လသားအရွယ်ရှိ ငြိမ်းချမ်းဦး(အထီး)၊ ကိုးလသားအရွယ်ရှိ ငြိမ်းချမ်းအောင်(အထီး)နှင့် ငါးလသားအရွယ်ရှိ ငြိမ်းချမ်းမေ(အမ)ဟူ၍ သုံးကောင်ရှိရာ အဆိုပါဆင်ပေါက်ကလေးများ၏ ပြုမူဆော့ကစားနေမှုများကို ဧည့်သည်များ သဘောကျနှစ်သက်ကြကြောင်း သိရသည်။

“ဒီနှစ် ခရီးသွားရာသီမှာ ဆင်စခန်းအနီးက သုံးထပ်ရေတံခွန်ကို ဆင်စီးပြီး လမ်းတစ်ဝက်အထိ အလည်အပတ်ပို့မယ့် ဝန်ဆောင်မှုအစီအစဉ်ရှိပါတယ်။ တော်တော်သာယာပြီး စခန်းကနေ တစ်နာရီလောက်သွားရတဲ့နေရာပါ။ မကြာခင် ခရီးသွားရာသီနဲ့၊ ကျောင်းနဲ့ ရုံးပိတ်ရက်ရှည် ရောက်တော့မှာဆိုတော့ လာရောက်လည်ပတ်ကြမယ့် ဧည့်သည်များမှာဖြစ်လို့ အေးအေးချမ်းချမ်း အနားယူ အပန်းဖြေနိုင်ဖို့ စီစဉ်ထားပါတယ်”ဟု ဆက်လက်ပြောကြားသည်။

ဆင်စခန်းဝန်းကျင်တွင် စားပင်နှင့် အရိပ်ရအပင်များ စိုက်ပျိုးထားပြီး နားနေရန် အဆောင်များပြင်ဆင်ထားရှိခြင်း၊ အရိပ်ကောင်းသည့်နေရာများတွင် ခုံတန်းလျားများထားရှိခြင်း၊ လာရောက်လည်ပတ်သည့် ဧည့်သည်များအား ဆင်များက ဖျော်ဖြေတင်ဆက်ခြင်း၊ တောတွင်းခရီး မိနစ် ၃၀ ဆင်စီးခရီးဖြင့် ဝန်ဆောင်မှုပေးခြင်း၊ ဆင်များကို အစာကျွေးခြင်းစသည်ဖြင့် အပန်းဖြေအနားယူနိုင်ကြောင်း သတင်းရရှိသည်။ **မင်းထက်အောင် (မန်းကိုယ်ပွား)**

# ဗဟိုသန်းခေါင်စာရင်းကော်မရှင် ဆဌမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် တက်ရောက်





နေပြည်တော် စက်တင်ဘာ ၂၂

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၏ ပြည်ထောင်စုအစီရင်ခံစာ အောင်မြင်စွာထုတ်ပြန်နိုင်ရေးအတွက် ဗဟိုသန်းခေါင်စာရင်းကော်မရှင် ဆဌမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း လုပ်ငန်းစဉ်များကို နိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်မှု၊ ဗဟိုသန်းခေါင်စာရင်းကော်မရှင်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီအဆင့်ဆင့်တို့၏ ကြီးကြပ်ကွပ်ကဲမှု၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ လုံခြုံရေးဆိုင်ရာအဖွဲ့အစည်းများ၏ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးမှု၊ သန်းခေါင်စာရင်းမေးခွန်းများကို မှန်မှန်ကန်ကန်ဖြေကြားခြင်းဖြင့် ပံ့ပိုးကူညီပေးကြသည့် ပြည်သူအားလုံး၏ ပူးပေါင်းပါဝင်မှုတို့ကြောင့် သန်းခေါင်စာရင်း ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများနှင့် စာရင်းကောက်ယူခြင်းလုပ်ငန်းများကို လုံခြုံရေးနှင့် လမ်းပန်းဆက်သွယ်ရေး အခက်အခဲများကြားမှ စီမံချက်ပါသတ်မှတ်အချိန်ဇယားအတိုင်း အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ပါကြောင်း။

ယင်းသို့ ကောက်ယူရရှိသည့်အချက်အလက်များကို အချက်အလက်အသုံးပြုသူများ၊ အစိုးရဌာနအဖွဲ့အစည်းများ လတ်တလော အသုံးပြုနိုင်ရေးအတွက် သန်းခေါင်စာရင်း၏ ရှေ့ပြေးလူဦးရေစာရင်းကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် ထုတ်ပြန်ကြေညာပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ ယင်းနောက် စာရင်းဇယားပြုစုခြင်းနှင့် ဆန်းစစ်လေ့လာခြင်း လုပ်ငန်းများနှင့် ပြည်ထောင်စုအစီရင်ခံစာများ ရေးသားပြုစုခြင်းလုပ်ငန်းများကို မိမိတို့ဝန်ကြီးဌာနက စဉ်ဆက်မပြတ် ဆက်လက်ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုပြုစုပြီးဖြစ်သည့် ပြည်ထောင်စုအစီရင်ခံစာတွင် လူဦးရေဆိုင်ရာ အချက်အလက်များ၊ ပြည်တွင်း၊ ပြည်ပရွှေ့ပြောင်းသွားလာခြင်း၊ ပညာရေး၊ လုပ်သားအင်အား၊ မွေးဖွားခြင်း၊ မသန်စွမ်းမှု၊ အိမ်အကြောင်းအရာ၊ သေဆုံးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်သေဆုံးခြင်း စသည့် အကြောင်းအရာများ ပါဝင်ပါကြောင်း။

ပြည်ထောင်စု အစီရင်ခံစာနှင့်အတူ အချက်အလက်အသုံးပြုသူများ လွယ်လွယ်ကူကူသိရှိအသုံးပြုနိုင်ရန် အနှစ်ချုပ်အစီရင်ခံစာနှင့် စာရင်းဇယားများ အစီရင်ခံစာတို့ကိုပါ တစ်ပါတည်းထုတ်ပြန်နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းအစီရင်ခံစာများသည် နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဝါဒများ၊ စီမံကိန်းများ ရေးဆွဲချမှတ်ရာတွင် အခြေခံအသုံးပြုရမည့် လူဦးရေနှင့် လူမှုဘဝဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များပင်ဖြစ်ပါကြောင်း၊ထို့ကြောင့် ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာ ထုတ်ပြန်ကြေညာခြင်းကို နိုင်ငံတော်အဆင့် အခမ်းအနားအဖြစ်ကျင်းပနိုင်ရေး လုပ်ငန်းစီမံချက်များ ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ သန်းခေါင်စာရင်း၏ အနှစ်သာရသည် စာရင်းကောက်ယူနိုင်ခြင်းသာမက သန်းခေါင်စာရင်း အချက်အလက်များကို မူဝါဒချမှတ်သူများ၊ စီမံကိန်းရေးဆွဲသူများနှင့် စာရင်းအင်းအသုံးပြုသူများ လက်ဝယ်ရောက်ရှိအောင် ပံ့ပိုးပေးနိုင်မှသာ သန်းခေါင်စာရင်းအောင်မြင်သည်ဟု ဆိုနိုင်မည်ဖြစ်ပါကြောင်း။

ပြည်ထောင်စုအစီရင်ခံစာ ထုတ်ပြန်ကြေညာမည့် နိုင်ငံတော်အဆင့် အခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေးအတွက် အစည်းအဝေးတက်ရောက်လာကြသူများအနေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များနှင့် ပတ်သက်၍ သတ်မှတ်ချိန်အမီပြီးစီးရေးအတွက် ဆောင်ရွက်မည့်အစီအစဉ်များ၊ ဖြည့်ဆည်းပေးရန် လိုအပ်ချက်များ၊ အချင်းချင်းပေါင်းစပ် ဆောင်ရွက်ရမည့် အခြေအနေများကို ပွင့်ပွင့်လင်းလင်းဆွေးနွေးပေးကြစေလိုကြောင်းနှင့် လိုအပ်ချက်များကို အချိန်မီဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဗဟိုသန်းခေါင်စာရင်းကော်မရှင် အတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးလှိုင်က သန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာ ထုတ်ပြန်ခြင်း အခမ်းအနားကျင်းပနိုင်ရေး အခြေအနေနှင့် စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် ဗဟိုသန်းခေါင်စာရင်းကော်မရှင်အဖွဲ့ဝင်များ၊ အခမ်းအနားနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့် ဆက်စပ်ဌာနများမှ ကိုယ်စားလှယ်များက ပြည်ထောင်စုအစီရင်ခံစာ ထုတ်ပြန်ခြင်း အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်မည့်အခြေအနေ၊ ဖြည့်ဆည်းပေးရန်လိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## စက်တင်ဘာ ၁၄ ရက်မှ ၂၁ ရက်ထိ ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

နေပြည်တော် စက်တင်ဘာ ၂၂

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၄ ရက် ည ၈ နာရီမှ စက်တင်ဘာ ၂၁ ရက် ည ၈ နာရီထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း အခု ၇၉၀ ကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ပြင်းထန်လူနာ၊ အထူးကြပ်မတ်ကုသပေးသောလူနာနှင့် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးလူနာမရှိပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွား၊ သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့် အထက်)၊ ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များ(ကိုယ်ဝန်ဆောင်ကာလ သုံးလနှင့်အထက်)ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးနေပြီဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် လိုအပ်ပါသည်။


ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန

### ❍ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာနိုင်မှ

ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်း၊ တာတမံများ အနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ရန် သတိပေးနှိုးဆော်ထားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။



# မန္တလေးတိုင်းဒေသကြီး ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



မန္တလေး စက်တင်ဘာ ၂၂

မန္တလေးတိုင်းဒေသကြီး ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် လာမည့် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးတွင် အခြေခံအကျဆုံး၊ အရေးကြီးဆုံးဖြစ်သည့် မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်ရေးအတွက် အတည်ပြု လူဦးရေစာရင်းတိကျမှန်ကန်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးဖြစ်ပါကြောင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း မဲပေးနိုင်ရေး၊ မဲစာရင်းမှန်ကန်ရေးအတွက် လုပ်ငန်းစဉ်များအတိုင်း အဆင့်ဆင့် စိစစ်၊ ပြင်ဆင်၊ ဖြည့်စွက်၊ အတည်ပြုခြင်း လုပ်ငန်းများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားသည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ အလေးအနက်ထားကာ စနစ်တကျစိစစ်ကြပ်မတ်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ အန္တိမရည်မှန်းချက်ဖြစ်သည့် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဌာနဆိုင်ရာအဖွဲ့အစည်းအဆင့်ဆင့်က လုံခြုံရေးသတိ၊ လုံခြုံရေးအသိတို့ဖြင့် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ပါဝင်သော ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက လုပ်ငန်းကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးများက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ဖြည့်စွက်ဆွေးနွေး ပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ မျိုးကျော်




## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ပြည်ထောင်စုတရားသူကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးအောင်မော်အား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

# တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို တွေ့ဆုံ၊ စားသောက်ဖွယ်ရာများ ပေးအပ်




မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်(အငြိမ်းစား) စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

နေပြည်တော် စက်တင်ဘာ ၂၂

တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို ယနေ့ နံနက်ပိုင်းတွင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးခင်အောင်မြင့် (အငြိမ်းစား)၊ တနင်္သာရီတိုင်းဒေသကြီး စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့နာယက တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တနင်္သာရီတိုင်းဒေသကြီး စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက စစ်မှုထမ်းဟောင်းရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးခင်အောင်မြင့် (အငြိမ်းစား)က အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌနှင့် တိုင်းမှူးတို့က စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။ (မဝ၁)

# ၃၂ ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ) အမျိုးသား၊ အမျိုးသမီး မြန်မာ့သိုင်းပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်



၃၂ ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသား၊ အမျိုးသမီး မြန်မာ့သိုင်းပြိုင်ပွဲ အဖွင့်ပွဲစဉ် ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

နေပြည်တော် စက်တင်ဘာ ၂၂

၂၀၂၅ခုနှစ် ၃၂ ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) အမျိုးသား၊ အမျိုးသမီး မြန်မာ့သိုင်းပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နဝဒေးအားကစားရုံ၌ ပြုလုပ်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများသည် အဖွင့်ပွဲစဉ်များဖြစ်သည့် အမျိုးသားဗန်တိုအတိုက်ပြိုင်ပွဲ၊ အမျိုးသမီး ပန်ကြပ်အတိုက်ပြိုင်ပွဲ၊ အမျိုးသား ဓားတစ်လက်အတိုက်ပြိုင်ပွဲနှင့် အမျိုးသမီး ဓားတစ်လက်အတိုက်ပြိုင်ပွဲများ ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း မြန်မာ့သိုင်းပြိုင်ပွဲတွင် ဗန်တိုအတိုက်ပြိုင်ပွဲ၊ ဓားတစ်လက်အတိုက်ပြိုင်ပွဲ၊ ဓားနှစ်လက်အတိုက်ပြိုင်ပွဲ၊ ပန်ကြပ်အတိုက်ပြိုင်ပွဲ၊ စွမ်းရည်ပြပြိုင်ပွဲ စသည့် အမျိုးအစား ငါးမျိုးပါဝင်ပြီး ပြိုင်ပွဲဝင်အသင်း ၁၅ သင်းဖြင့် အောက်တိုဘာ ၃ ရက်ထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (မဝ၁)

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာရောစပ်ကြဲပက်ခြင်းနှင့် တောင်သူတွေ့ဆုံပွဲသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၂၂**

မိုးစပါး ပန်းတိုင်အထွက်နှုန်းရရှိရေး၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာရောစပ်ကြဲပက်ခြင်းနှင့် တောင်သူ တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် ဖေယျာသီရိမြို့နယ် ကျည်တောင်ကျေးရွာအုပ်စု မွန်းတည့်ခွင်ကျေးရွာ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် စပ်လျဉ်း၍ မှာကြားပြီး တက်ရောက်လာသည့် တောင်သူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် နေပြည်တော်ကောင်စီဝင်များက ဓာတ်မြေဩဇာသွင်းအားစုများကို တောင်သူများထံ ပေးအပ်ပြီး တောင်သူများ ဓာတ်မြေဩဇာနှင့်သဘာဝမြေဩဇာရောစပ်ကြဲပက်နေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဖေယျာသီရိမြို့နယ် သစ်တက်ကျေးရွာ ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီးဘေး လမ်းဘေး ရေမြောင်းများ ရေစီးဆင်းမှု၊ ကျောက်ရော မြေသားလမ်း ခင်းကျင်းဆောင်ရွက်နေမှု၊ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်နေမှု၊ အမှိုက်သရိုက်ကင်းစင်ရေးနှင့် သန့်ရှင်းသာယာလှပမှုရှိစေရေး ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ လယ်ဝေးမြို့နယ် လေဆိပ်လမ်းနှင့် ရာဇသင်္ဂဟလမ်းမကြီး လမ်းဘေးဝဲယာ သန့်ရှင်းသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်စေရေး ဆောင်ရွက်ထားရှိမှု၊ သစ်ပင်၊ ပန်းပင်များ စိုက်ပျိုးထားရှိမှုကိုလည်းကောင်း၊ ရာဇသင်္ဂဟလမ်းမကြီးနှင့် သံလွင်လမ်းမကြီးရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော လမ်းပိုင်းများအား ပြန်လည်ပြုပြင်နေမှုကိုလည်းကောင်း၊ ဥတ္တရသီရိမြို့နယ် ဇဝနသိဒ္ဓိရပ်ကွက် ဝဇီရာနန္ဒသုဗောဓာရုံကျောင်းတိုက် သာသနာ့လင်္ကာရဗိမာန်တော်ကြီး၌ ကျင်းပသည့် နေပြည်တော်မြို့နယ်လုံးဆိုင်ရာ သာသနာ့လင်္ကာရစာမေးပွဲတွင် ရှင်သာမဏေများ ဖြေဆိုနေမှုကိုလည်းကောင်း သွားရောက်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **ခရိုင်(ပြန်/ဆက်)**

# ကလောပင်မဓာတ်အားခွဲရုံနှင့် တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့စက်ရုံများ လုပ်ငန်းဆောင်ရွက်နေမှုကို ဒုတိယဝန်ကြီး ဦးအေးကျော် ကွင်းဆင်းကြည့်ရှု

**နေပြည်တော် စက်တင်ဘာ ၂၂**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်အတွင်းရှိ ၁၃၂ ကေဗွီ ကလော ပင်မဓာတ်အားခွဲရုံ Control Room နှင့် Switch Yard အတွင်း ဓာတ်အား ထိန်းချုပ်ပို့လွှတ်ဖြန့်ဖြူးနေမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ထရန်စဖော်မာနှင့် လိုင်း ထိန်းသိမ်းရေးများကို အမြဲမပြတ်စစ်ဆေးစောင့်ကြည့်ရန် မှာကြားကာ ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

စက်တင်ဘာ ၂၀ ရက်ကလည်း ဒုတိယဝန်ကြီးသည် ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ်အတွင်းရှိ တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့စက်ရုံ၌ အမှတ်(၂)စက်ဖြင့် ဓာတ်အားထုတ်လုပ်၍ နိုင်ငံတော်ဓာတ်အားစနစ်သို့ လျှပ်စစ်ဓာတ်အားပို့လွှတ်ပေးနေမှု၊ ဓာတ်အားပေးစက်အမှတ်(၁) ပြင်ဆင်နေမှုနှင့် ကျောက်မီးသွေး အခြောက်ခံစက်တည်ဆောက်တပ်ဆင်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုက်နာဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းပိုင်းဆိုင်ရာများကို ဆွေးနွေးမှာကြားကာ စက်ရုံအစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ထို့နောက် ဒေင်စွမ်းအင်နှင့် သဘာဝအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက်၏ ကျောက်မီးသွေးတူးဖော်ရေးလုပ်ကွက်အတွင်း လုပ်ငန်းများဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရှမ်းပြည်နယ်(တောင်ပိုင်း) လယ်ယာသားငါးကဏ္ဍမြှင့်တင်ရေးလုပ်ငန်းများ စစ်ဆေး



**နေပြည်တော် စက်တင်ဘာ ၂၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ယမန်နေ့က ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ကလောမြို့နယ်ရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်း(ဟဲဟိုး)၏ သင်ကြားရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ကျောင်းအုပ်ကြီး၏တင်ပြချက်များကို လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးကာ ကျောင်းသား၊ ကျောင်းသူများကို ကျောင်းပြီးသည့်အခါ နိုင်ငံ့ဝန်ထမ်းများအဖြစ် တာဝန်ထမ်းဆောင်နိုင်ရေး စီမံဆောင်ရွက်ထားရှိမှုနှင့် ထူးချွန်မှုအလိုက် စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်နှင့် အသစ်ထပ်မံဖွင့်လှစ်မည့် စိုက်ပျိုးရေး၊ မွေးမြူရေးတက္ကသိုလ်တို့တွင် ဆက်လက်ပညာဆည်းပူးနိုင်မှု အခွင့်အလမ်းများကို ဆွေးနွေးပြောကြားပြီး ဒုတိယဝန်ကြီးနှင့်စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ကျောင်းသား၊ ကျောင်းသူများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် တောင်ကြီးမြို့ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြည်နယ်အဆင့် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများကို တွေ့ဆုံ၍ ရှမ်းပြည်နယ်အတွင်း ရေကြီးနစ်မြုပ်မှုဖြစ်စဉ်များကြောင့် သီးနှံထုတ်လုပ်မှုကွင်းဆက်လျော့ကျမှုမရှိစေရေး၊ ကုန်းမြင့်လယ်ယာမြေများ တိုးချဲ့ဖော်ထုတ်နိုင်ရေး၊ သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိစေရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးသည်။

ယင်းနောက် ညောင်ရွှေမြို့နယ်ရှိ ကျော့မောင်ငယ်ရေလွှဲဆည်မှ စိုက်ပျိုးရေပေးဝေမှု၊ ရေလွှဲဆည်ထိန်းသိမ်းဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ရွှေ့လျားဆိုလာစနစ်သုံး အနိမ့်တင်ပန့်များဖြင့် လယ်မြေများသို့ စိုက်ပျိုးရေတိုးမြှင့်ပေးဝေရေး၊ ရေကြီးရေလျှံမှု လျော့ပါးသက်သာစေရေးအတွက် ရေသွင်းရေထုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေး၊ ချောင်းကော၊ မြောင်းကော တူးဖော်ခြင်းလုပ်ငန်းများ ဦးစားပေးအလိုက် လျာထားစီမံဆောင်ရွက်ကြရန် ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ညောင်ရွှေမြို့အဝင် ကျော့မောင်ငယ်ရေလွှဲဆည် ရေသောက်စနစ်အတွင်းရှိ မိုးစပါးစိုက်ခင်းအား ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများကို တွေ့ဆုံ၍ ပေါင်ကြီးတင်စနစ်ဖြင့် စိုက်ပျိုးသင့်သည့် သီးနှံများကို ပေါင်ကြီးတင်စနစ်ဖြင့် စံပြကွက်များ ဖော်ဆောင်ပေးရန်၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် တောင်သူများ သီးနှံစိုက်စွမ်းအားတိုးမြှင့်ပြီး ပန်းတိုင်အထွက်နှုန်းရရှိစေရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန်ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပူတာအိုမြို့နယ် မူလာအွန်ကျေးရွာ၌ မြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြမဲပေးခြင်း ဆောင်ရွက်



**ပူတာအို စက်တင်ဘာ ၂၂**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်ဇော်သည် ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ပြည်နယ်ရွေးကောက်ပွဲအရာရှိ ဦးမျိုးမင်းဦး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပူတာအိုမြို့နယ် မူလာအွန်ကျေးရွာချမ်းသာဘက်စုံသုံးခန်းမဆောင်၌ ဇီအွန်ကျေးရွာနှင့် မူလာအွန်ကျေးရွာတို့မှ မဲဆန္ဒရှင်ပြည်သူများနှင့်တွေ့ဆုံပြီး မြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ အချက်အလက်များ၊ မဲပေးစက်အသုံးပြု၍ မဲပေးပုံပေးနည်းနှင့် အားသာချက်၊ အားနည်းချက်များကို အသိပညာပေးဆွေးနွေးပြီး မဲဆန္ဒရှင်ပြည်သူများ လက်တွေ့သရုပ်ပြမဲပေးနေမှုကို ကြည့်ရှုအားပေးသည်။

ညနေပိုင်းတွင် ပူတာအိုမြို့ ဂန်လန်ရာဇီဧည့်ရိပ်သာ၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုမည့် မဲပေးစက်နှင့် ဆက်စပ်ပစ္စည်းများ ထိန်းသိမ်းထားရှိမှု၊ ပူတာအိုမြို့ရှိ အခြေခံပညာအထက်တန်းကျောင်း (ပူတာအို) အောင်ဆန်းခန်းမ၌ ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ပထမဆုံးအကြိမ်မဲပေးမည့် အသက် ၁၈ နှစ်ပြည့် ကျောင်းသား၊ ကျောင်းသူများအား ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးဟောပြောနေမှုနှင့် ကျောင်းသား၊ ကျောင်းသူများ လက်တွေ့စမ်းသပ်မဲပေးနေမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

ခရိုင်(ပြန်/ဆက်)

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၂**

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း (Low Pressure Area) သည် ဆက်လက်တည်ရှိနေသည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်သည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန(https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန(https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန(https://www.moi.gov.mm)
၄။ Myawady Webportal(https://myawady.net.mm)
၅။ Myanmar National Portal(https://myanmar.gov.mm)

## ၂၀၂၅ ခုနှစ် စက်တင်ဘာ ၂၂ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၈၀၀၀၀ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

**(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

**(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

**(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
(၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

**(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

**(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
(၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

**(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

**(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

**(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

**(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

**(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

**(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

**(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

**(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

**(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

**(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
(၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

**(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး အားလုံးပါဝင်ဆောင်ရွက်ပေး




**ကလေးများများလျှင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်နိုင်၍ ဂရုပြုသတိထားစောင့်ကြည့်ပါ။**

ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးစီမံချက်နှင့် ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲတို့ ပူးပေါင်း ထုတ်ဝေသည်။ ၂၀၂၅ ခုနှစ်

## သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်းများ




### သွေးလွန်တုပ်ကွေးရောဂါ

- သွေးလွန်တုပ်ကွေးရောဂါပိုး သယ်ဆောင်သော ခြင်ကျား (*Aedes*) အကိုက်ခံရခြင်းမှ တစ်ဆင့်ကူးစက်သည်။
- အသက်အရွယ်မရွေးဖြစ်နိုင်ပြီး အသက်(၁၅)နှစ်အောက်ကလေးများ အထူးသဖြင့်အသက်(၅)နှစ်မှ (၉)နှစ်အရွယ်ကလေးများတွင် အများဆုံးဖြစ်ပွားသည်။
- အသက်(၁၅)နှစ်အထက်လူကြီးများတွင် ဖြစ်ပွားပါက သေဆုံးမှုနှုန်းမြင့်မားသည်ကို တွေ့ရသည်။
- တစ်နှစ်ပတ်လုံးကူးစက်နိုင်ပြီး မိုးရာသီတွင်အများဆုံးဖြစ်ပွားသည်။ တောရောမြို့ပါဖြစ်ပွားသည်။



- ခြင်ကျားသည် နေ့အချိန်တွင် ပိုကိုက်သည်။
- ခြင်ကျားလောက်လန်းသည် ရေကြည်ရေသန့်နှင့် မိုးရေတင်ကျန်နိုင်သည့်ဘူး၊ ခွက်၊ တာယာဟောင်းများထဲတွင် ပေါက်ပွားပါသည်။

### သွေးလွန်တုပ်ကွေးရောဂါလက္ခဏာများ

- လတ်တလော ဖျားနာခြင်း(၂-ရက် မှ ၇-ရက်ခန့်)
- ဗိုက်နာခြင်း၊ ပျို့အန်ခြင်း၊ ကိုယ်ခန္ဓာတွင် အနီစက်များထွက်ခြင်းတို့ ဖြစ်တတ်သည်။
- စတင်ဖျားသည့်အချိန်မှစ၍(၃)ရက်မှ(၅)ရက်အတွင်း သွေးလန့်သည့် လက္ခဏာများပေါ်၍ အသက်အန္တရာယ်ရှိနိုင်သည်။

### သွေးလန့်သည့်လက္ခဏာများ

- (၃)ရက်မှ(၅)ရက်အတွင်း အဖျားကြီးရာမှ ရုတ်တက်ရက်အဖျားကျကာ ခြေဖျား၊ လက်ဖျားများ အေးစက်ခြင်း၊ နလုံးခုန်မြန်ခြင်း
- မကြာခဏအော့အန်ခြင်း၊ အညိုရောင်အရည်များအန်ခြင်း။
- အစားမဝင်ခြင်း၊ ကလေးမှိန်းလွန်းခြင်း။
- ကတ္တရာစေးရောင် ဝမ်းအမည်းများသွားခြင်း။
- သွားဖုံး အသားနများမှ သွေးထွက်ခြင်း



**အထက်ပါသွေးလန့်သည့်လက္ခဏာများရှိလျှင် နီးစပ်ရာဆေးရုံသို့ အမြန်ဆုံးသွားရောက်၍ ကုသမှုခံယူပါ။**

### ခြင်ကျားလောက်လန်းပေါက်ပွားရာနေရာများ

- အဓိကရေသိုလှောင်ပစ္စည်းများဖြစ်သည့် ရေစည်၊ ရေအိုး၊ ရေကန်များ
- ဘုရားပန်းအိုး၊ နတ်ပန်းအိုး၊ အလှပန်းအိုးများ၊ ရေတင်ကျန်နိုင်သည့် ဘူးခွံ၊ ခွက်ခွံ၊ တာယာဟောင်းများ
- သဘာဝအလျောက် မိုးရေတင်ကျန်လေ့ရှိသော သစ်ပင်အခေါင်း၊ အုန်းလက်၊ ငှက်ပျောလက်များ ခုတ်ပြီး အငုတ်ကျန်ခဲ့သော ဝါးဆစ်များ

### ကျောင်းများတွင် ဆောင်ရွက်ရမည့်လုပ်ငန်းများ

- သွေးလွန်တုပ်ကွေးရောဂါအကြောင်းဟောပြောပို့ချပါ။
- ကျောင်းသား၊ ကျောင်းသူများ ဖုံး၊ သွန်၊ လဲ၊ စစ်၊ အိုးအတွင်းပိုင်းတိုက်ချွတ်သည့်လုပ်ငန်းများ ဆောင်ရွက်တတ်စေရန် လေ့ကျင့်သင်ကြားပေးပါ။
- မိုးရာသီတွင် ကျောင်းသား၊ ကျောင်းသူများ ဖျားနာပါက ကျန်းမာရေးဌာနသို့ အလျင်အမြန်ပြသပါ။



# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်း၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ တရားမဝင်ကုန်ပစ္စည်းတင် ရေယာဉ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ






Car Tyre (Tubeless)


Maintenance Free Battery


PVC Resin Powder


MV. MCL-15 ရေယာဉ်


Chilwee - Battery


Ball Bearing

**နေပြည်တော် စက်တင်ဘာ ၂၂**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၉ ရက်တွင် ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင်ရွှေတူးဖော်ရာတွင် အသုံးပြုသည့် မုံအိုးအပါအဝင် ဆက်စပ်ပစ္စည်း ခုနစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၂၂၀၀၀၀ ကို မြန်မာ့သတ္တုတွင်းဥပဒေအရလည်းကောင်း၊ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၀၀၀၀ ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၃၂၀၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၈ ရက်၊ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် သုည ဒသမ ၃၂၆တန်၊ သစ်မာ ၂ ဒသမ ၆၃၉ တန်၊ အခြားသစ် ၅ ဒသမ ၄၃၅ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၉၃၃၉ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၇ ရက်တွင် တိုက်ကြီးမြို့နယ်အတွင်း၌ တရားမဝင်သစ်မာ သုည ဒသမ ၃၄၉ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၇၃၂၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ် တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၉ ရက်တွင် ဟိုပုံးမြို့နယ် အတွင်း၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၀၀၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၈၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေး စခန်း၌ လိုင်စင်မဲ့မော်တော်ယာဉ် နှစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀ ကိုလည်းကောင်း၊ မုတ္တမဆိပ်ကမ်း(လှိုင်သာယာ)၌ မြိတ်မြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသော ရေယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၉၇ မျိုး၊ လူသုံးကုန်ပစ္စည်း ၁၆ မျိုး၊ စားသောက်ကုန်ပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၉၇၈၆၆၀၇၈ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် MV. MCL–15 ရေယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၀၀၀၀၀၀၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၆၃၇၈၆၆၀၇၈ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

စက်တင်ဘာ ၁၇ ရက်မှ ၂၀ ရက်ထိ ဖမ်းဆီးရမိမှုစုစုပေါင်း အမှုတွဲ ၂၄ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၃၈၀၃၂၇၃၇ ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား ပြည်တွင်း စီးပွားရေးလုပ်ငန်းများက ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက် ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည် ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေသဖြင့် တရားမဝင် ကုန်သွယ်မှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ (သတင်းစဉ်)

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများ ပျက်ပြားစေရန်ရည်ရွယ်၍ နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းပြုလုပ်သူများကို အရေးယူ

**နေပြည်တော် စက်တင်ဘာ ၂၂**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပမှုကို ပျက်ပြားစေရန်ရည်ရွယ်၍ လူမှုကွန်ရက် စာမျက်နှာများ၊ အများပြည်သူဆိုင်ရာ နေရာများ၌ ဟောပြောခြင်း၊ ပြောဆိုခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ ဆန္ဒပြခြင်း၊ စာရေးသားခြင်း၊ ရုပ်ပုံပိုစတာများ ချိတ်ဆွဲခြင်း စသည်တို့ဖြင့် နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားခြင်းမှ ကာကွယ်ပေးရေးဥပဒေနှင့်အညီ စုံစမ်းဖော်ထုတ်ပြီး ထိရောက်စွာ အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ကျူးလွန်သူများအပေါ် လုံခြုံရေး တပ်ဖွဲ့ဝင်များက ပြည်သူလူထုနှင့်ပူးပေါင်း၍ ဥပဒေနှင့်အညီ စုံစမ်းဖော်ထုတ်ခြင်းများ ဆောင်ရွက်ခဲ့ရာ ရွေးကောက်ပွဲ လုပ်ငန်းစဉ်များပျက်ပြားစေရန် လှုံ့ဆော်ခြင်းပြုလုပ်သူ လှိုင်ကော်မြို့ ဒေါ်နီးကူး ရပ်ကွက်နေ ပိုင်ပိုင်စိုး(ခ) မျိုးမင်းခန့်(ခ) ပိုင်စိုး ၁၈ နှစ်၊ ဟန်ထွန်းအောင်(ခ) ရဲမင်းကိုကို (ခ)ဟန်ကြီး ၁၈ နှစ်၊ အောင်နိုင်လင်း ၁၇ နှစ်၊ ဖြိုးပိုင်ဇေအောင် ၁၆ နှစ်နှင့် ထွန်းနေဦးလှိုင် ၁၄ နှစ်တို့ကို စက်တင်ဘာ ၁၄ ရက်တွင် လှိုင်ကော်မြို့မရဲစခန်းက(ပ) ၂၁၈/၂၀၂၅ ဖြင့်လည်းကောင်း၊ ရွှေပြည်သာမြို့နယ်၌ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ ပျက်ပြားစေရန် ဆန္ဒပြ၊ လှုံ့ဆော်ခြင်း ပြုလုပ်ခဲ့သူ ရွှေပြည်သာမြို့နယ် အမှတ် (၅) ရပ်ကွက်နေသူများဖြစ်ကြသည့် ရဲသူရအောင် ၃၆ နှစ်၊ ကျော်ဝဏ္ဏ ၂၅ နှစ်၊ ချစ်ဝင်း ၄၅ နှစ်နှင့် ပြေထွန်း ၃၄ တို့ကို စက်တင်ဘာ ၁၆ ရက်တွင် ရွှေပြည်သာမြို့မရဲစခန်းက (ပ) ၃၄၇/၂၀၂၅ ဖြင့်လည်းကောင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားခြင်းမှ ကာကွယ်ပေးရေးဥပဒေ ပုဒ်မ ၂၃(က) ဖြင့် အသီးသီး အမှုဖွင့်ဖမ်းဆီး အရေးယူစစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

## “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ “ပြည်သူ့ကြားကပြည်သူ့စကား” အစီအစဉ်မှ **“လူ့အခွင့်အရေးအတွက်၊ ဒီမိုကရေစီအတွက် လုပ်နေပါတယ်ဆိုသော အကြမ်းဖက် PDF များ အင်အားနည်းလာပြီဖြစ်သောကြောင့် အသက်မပြည့်သေးသော စာသင်အရွယ် ကလေးငယ်များကို ခြိမ်းခြောက်၍ အတင်းအဓမ္မလူသစ်စုနေ”** ခေါင်းစဉ်ဖြင့် ၂၄-၉-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင်**“ဒလန်စွပ်စွဲ လူသတ်နှိပ်စက်နေတဲ့ TNLA၊ PDF အကြမ်းဖက်တွေရဲ့လက်အောက်မှာ ပြည်သူတွေရဲ့အသက်အိုးအိမ်များ စတေးခံနေရ”**ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ် ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

# ကနေဒါနိုင်ငံတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာသတင်းအချက်အလက်များကို တိကျစွာခန့်မှန်းတိုင်းတာနိုင်ရေးအတွက် ကန်ဒေါ်လာ ၁ ဒသမ ၂ သန်း ရင်းနှီးမြှုပ်နှံမည်



**အော့တဝါ စက်တင်ဘာ ၂၂**

ကနေဒါနိုင်ငံတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ သတင်းအချက်များကို တိကျစွာခန့်မှန်းတိုင်းတာနိုင်ရေးအချိန်မီသတိပေးချက်များ ထုတ်ပြန်ပေးနိုင်ရေးအတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ သန်း ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း ကနေဒါသဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရင်းနှီးမြှုပ်နှံသွားမည့် ဘတ်ဂျက်သည် မနီတိုဘာပြည်နယ်တစ်ခုတည်းအတွက်ဖြစ်ပြီး စီမံကိန်းအောင်မြင်မှုအပေါ် မူတည်၍ အခြားသော ပြည်နယ်များတွင်လည်း ဆောင်ရွက်သွားနိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း၊ ကနေဒါနိုင်ငံတွင် အချို့သော တောမီးလောင်ကျွမ်းမှုများကို သတင်းအချက်အလက် အတိအကျခန့်မှန်းတိုင်းတာနိုင်ရန် အားနည်းချက်များရှိခဲ့သကဲ့သို့ ပြည်သူများထံသို့လည်း အချိန်နှင့်တစ်ပြေးညီ အသိပေးနိုင်ခြင်းမရှိသည့်အတွက် မလိုလားအပ်သည့်ဆုံးရှုံးမှုများဖြင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

"လက်ရှိအသုံးပြုနေတဲ့ သဘာဝဘေးအန္တရာယ်တိုင်းတာရေးစနစ်နေရာမှာ စနစ်အသစ်တွေနဲ့ အစားထိုးသွားမှာဖြစ်ပါတယ်။ စနစ်အသစ်တွေဟာ တိုင်းတာချက်တွေ ပိုမိုတိကျစွာတိုင်းတာပေးနိုင်ပြီးတော့ သတင်းအချက်အလက်တွေကို ပြည်သူတွေဆီ မြန်မြန်ဆန်ဆန် အသိပေးနိုင်မှာ ဖြစ်ပါတယ်"ဟု Manitoba Wildfire Service (MWS)မှ တာဝန်ရှိသူ ဘူရိုက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# ဘရာဇီးနိုင်ငံက တစ်ကမ္ဘာလုံးဆိုင်ရာ သစ်တောရန်ပုံငွေတွင် ပထမဆုံး ရင်းနှီးမြှုပ်နှံမှု ပြုလုပ်သွားမည်

**ဘရာဇီးလီးယား စက်တင်ဘာ ၂၂**

ဒူဘိုင်း၌ ကျင်းပပြုလုပ်ခဲ့သော COP28 ညီလာခံတွင် ဘရာဇီးနိုင်ငံက အဆိုပြုတင်သွင်းခဲ့သော Tropical Forests Forever Facility အဖွဲ့အစည်းကို ဖွဲ့စည်းတည်ထောင်ခဲ့ပြီး တစ်ကမ္ဘာလုံးဆိုင်ရာ သစ်တောရန်ပုံငွေတွင် ပထမဆုံးရင်းနှီးမြှုပ်နှံမှု ပြုလုပ်သွားမည်ဖြစ်ကြောင်း ဘရာဇီးနိုင်ငံ အစိုးရက စက်တင်ဘာ ၂၂ ရက်တွင် တရားဝင်ထုတ်ပြန်ကြေညာခဲ့သည်ဟု ယနေ့သတင်းများတွင်ဖော်ပြထားသည်။

Tropical Forests Forever Facility အဖွဲ့အစည်း၏ တစ်ကမ္ဘာလုံးဆိုင်ရာသစ်တောရန်ပုံငွေတွင် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်သွားမည့် ကမ္ဘာ့နိုင်ငံများအနက် တရားဝင်ရင်းနှီးမြှုပ်နှံမှု ပြုလုပ်သွားမည့် ပထမဆုံးနိုင်ငံမှာ ဘရာဇီးနိုင်ငံဖြစ်လာမည်ဖြစ်ကြောင်း၊ ရာသီဥတုဖောက်ပြန်မှု ထိန်းချုပ်ရေးအတွက်အဓိကနေရာတွင်ပါဝင်နေသည့် သစ်တောပြုန်းတီးမှုလျှော့ချရေးစီမံချက်ကို ဘရာဇီးနိုင်ငံက အရှိန်မြှင့်တင် ဆောင်ရွက်နေပြီး သစ်တောပြုန်းတီးမှု လျှော့ချနိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုပါ ပြုလုပ်သွားမည် ဖြစ်ကြောင်း ဘရာဇီးသမ္မတ လူလာဒါဆေးလ်ဗားက ပြောကြားခဲ့သည်။

"COP28 မှာ ဖွဲ့စည်းတည်ထောင်ခဲ့တဲ့ Tropical Forests Forever Facility အဖွဲ့အစည်းရဲ့ တစ်ကမ္ဘာလုံးဆိုင်ရာ သစ်တောရန်ပုံငွေမှာ ရင်းနှီးမြှုပ်နှံမှုပြုလုပ်သွားမှာဖြစ်ပါတယ်။ သစ်တောပြုန်းတီးမှုဟာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစီမံချက်တွေကို အဟန့်အတားဖြစ်စေတဲ့အတွက် သစ်တောပြုန်းတီးမှု လျှော့ချရေးလုပ်ငန်းတွေကို အလေးထားဆောင်ရွက်နေပါတယ်"ဟု ဘရာဇီးအစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# ဗြိတိန်နိုင်ငံ လန်ဒန်မြို့တွင် ယခုနှစ် နွေကာလအတွင်း အပူလှိုင်းဖြတ်သန်းမှုကြောင့် သေဆုံးသူများပြားခဲ့

**လန်ဒန် စက်တင်ဘာ ၂၂**

ဗြိတိန်နိုင်ငံ လန်ဒန်မြို့တွင် ယခုနှစ် နွေကာလအတွင်း အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်မြင့်တက်မှုနှင့်ဆက်စပ်ပြီး သေဆုံးသူများပြားခဲ့ကြောင်း Imperial College London မှ သုတေသီများက ထုတ်ပြန်ခဲ့သည်ဟု ယနေ့ သတင်းများတွင် ဖော်ပြထားသည်။

ဗြိတိန်နိုင်ငံအတွင်း ယခုနှစ် နွေကာလတွင် အပူချိန်မြင့်တက်မှုကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သေဆုံးသူ ၁၁၄၇ ဦးခန့်ရှိခဲ့ကြောင်း၊ ယခုနှစ် နွေကာလတွင် ဗြိတိန်နိုင်ငံအပြင် ဥရောပနိုင်ငံအများစု၌ အပူချိန်မြင့်တက်ခဲ့ခြင်းဖြစ်ပြီး ဥရောပတိုက်အတွင်း အပူချိန်မြင့်တက်မှုနှင့်ဆက်စပ်ပြီး သေဆုံးသူ မြင့်မားခဲ့ကြောင်း ဥရောပသမဂ္ဂ အဖွဲ့အစည်းမှ သုတေသီများက ထုတ်ပြန်ထားသည်ဟု သိရသည်။



"ဒီနှစ် နွေကာလမှာ ဗြိတိန်နိုင်ငံအတွင်း အပူချိန်မြင့်တက်မှုနဲ့ဆက်စပ်ပြီးတော့ သေဆုံးသူမြင့်မားခဲ့ပါတယ်။ သေဆုံးသူ ၁၁၄၇ ယောက်ရှိခဲ့ပြီး လန်ဒန်မြို့က သေဆုံးသူအများဆုံးဖြစ်ခဲ့ပါတယ်။ အပူချိန်မြင့်တက်မှုနဲ့ ဆက်စပ်ပြီး လန်ဒန်မြို့မှာ သေဆုံးသူ ၃၁၅ ယောက်ရှိခဲ့ပြီး ဘာမင်ဂမ်မြို့မှာ ၅၂ ယောက်၊ ဂလက်ဂေါမြို့နဲ့ ရှက်ဖီးမြို့တို့မှာ သေဆုံးသူ ၂၄ ယောက်၊ အီဒင်ဘတ်မြို့မှာ ၂၂ ယောက်၊ ဝုလ်ဗာဟမ်တန်မြို့မှာ ၁၄ ယောက်ရှိခဲ့ပါတယ်။ လန်ဒန်ကတော့ ဧရိယာကျယ်တယ်။ မြို့ငယ်တွေထဲမှာတော့ သေဆုံးသူ အမြင့်မားဆုံးက ဘာမင်ဂမ်မြို့ဖြစ်ပါတယ်။ နောက်ထပ် သေဆုံးသူတွေရှိခဲ့တဲ့မြို့တွေကတော့ ဒွန်ကက်စတာမှာ ၁၂ ယောက်၊ လက်စတာမှာ ၁၁ ယောက်၊ ကာဒစ်မှာ ကိုးယောက်၊ နော့တင်ဟမ်နဲ့ ဆွမ်ဆီးမှာ ရှစ်ယောက်စီနဲ့ မန်ချက်စတာနဲ့ နယူးကာဆယ်၊ ဘရစ္စတိုးတို့မှာ ခုနစ်ယောက်စီ သေဆုံးခဲ့ပါတယ်"ဟု Imperial College London မှ သုတေသီတစ်ဦးက သုတေသန ရလဒ်များနှင့်တကွ ဖော်ပြခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# အီရတ်နိုင်ငံ တောင်ဘက်ပိုင်းဒေသများတွင် မိုးခေါင်မှုကြောင့် သောက်သုံးရေခက်ခဲသည့်ပြဿနာဖြင့် ရင်ဆိုင်နေရ

**ဘဂ္ဂဒက် စက်တင်ဘာ ၂၂**

အီရတ်နိုင်ငံ တောင်ဘက်ပိုင်းရှိ ကျေးလက်ဒေသများတွင် ယခုနှစ်အတွင်း မိုးခေါင်မှုကြောင့် ဒေသခံများမှာ သောက်သုံးရေခက်ခဲသည့်ပြဿနာဖြင့် ရင်ဆိုင်နေရကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာနမှ အကြံပေး မက်ဒီဒါမတ်အယ်လ်ကိုင်စီက ပြောကြားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မိုးခေါင်သည့် ပြဿနာဖြင့် အဓိကရင်ဆိုင်နေရသည့် တောင်ဘက်ပိုင်းရှိ ဒေသများမှာ မေဆန်စီရင်စုရှိ ကျေးလက်ဒေသများဖြစ်ပြီး ဒေသခံတချို့မှာ နေရပ်ကိုစွန့်ခွာနေရပြီဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအတွက် အဓိက လိုအပ်ချက်ဖြစ်သည့်ရေထုအရင်းအမြစ်မရနိုင်သည့်အတွက် ဒေသခံပြည်သူများမှာ စားဝတ်နေရေး ခက်ခဲသည့် ပြဿနာဖြင့်ရင်ဆိုင်လာရကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာနမှ အကြံပေး မက်ဒီဒါမတ်အယ်လ်ကိုင်စီက ပြောကြားခဲ့သည်။

"မေဆန်စီရင်စုက ကျေးလက်ဒေသတွေမှာနေထိုင်တဲ့ ဒေသခံတွေဟာ မိုးခေါင်ရေရှားပါးမှုရဲ့ ရိုက်ခတ်မှုတွေနဲ့ ရင်ဆိုင်နေရတယ်။ စိုက်ပျိုးရေးနဲ့ မွေးမြူရေး လုပ်ငန်းတွေကို အဓိကအားထားနေရတဲ့ဒေသတွေမှာ ရေအရင်းအမြစ် ခန်းခြောက်လာတာဟာ ဒေသခံတွေကိုအဘက်ဘက်ကနေ ခက်ခဲစေပါတယ်။ စိုက်ပျိုးရေးဝန်ကြီးဌာနကတော့ ဒေသခံတွေကို ကူညီပံ့ပိုးပေးဖို့ စီစဉ်နေပြီဖြစ်ပါတယ်"ဟု စိုက်ပျိုးရေးဝန်ကြီးဌာနမှ အကြံပေး မက်ဒီဒါမတ်အယ်လ်ကိုင်စီက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

# အမေရိကန်နိုင်ငံ မီချီဂန်ပြည်နယ်တွင် မိုးရွာသွန်းမှုနည်းပါးသည့်ပြဿနာဖြင့် ရင်ဆိုင်နေရ

**ဝါရှင်တန် စက်တင်ဘာ ၂၂**

အမေရိကန်နိုင်ငံ မီချီဂန်ပြည်နယ်တွင် မိုးရွာသွန်းမှုနည်းပါးသည့်ပြဿနာဖြင့် ရင်ဆိုင်နေရကြောင်း အမျိုးသားမိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မီချီဂန်ပြည်နယ် ကုန်းနိမ့်ပိုင်းဒေသများတွင် မိုးရွာသွန်းမှုနှုန်း ပိုမိုနည်းပါးခဲ့ပြီး မိုးခေါင်မှုပြဿနာဖြင့် ရင်ဆိုင်နေရကြောင်း၊ မိုးရွာသွန်းမှုနှုန်းမှာ ပုံမှန်ရွာသွန်းသည့် ပမာဏထက် ထက်ဝက်လျော့နည်းခဲ့ပြီး သောက်သုံးရေခက်ခဲသည့်ပြဿနာဖြင့် ရင်ဆိုင်ရနိုင်ကြောင်း အမျိုးသားမိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။

"မီချီဂန်ပြည်နယ်ဟာ ဒီနှစ်ထဲမှာ မိုးရေချိန်ပုံမှန်ထက်ကို လျော့နည်းခဲ့ပါတယ်။ ဆယ်စုနှစ် တစ်စုကျော်အတွင်းမှာ မိုးရေချိန်အနည်းဆုံးဖြစ်ပါတယ်။ အထူးသဖြင့် ၂၀၁၂ ခုနှစ်နောက်ပိုင်းမှာ မိုးရေချိန် အနည်းဆုံးရွာသွန်းမှုဖြစ်ပါတယ်။ ပုံမှန်မဟုတ်တဲ့ မိုးရွာသွန်းမှုလဲဖြစ်ပါတယ်။ ပုံမှန်အားဖြင့် ပျမ်းမျှမိုးရေချိန်ဟာ ၁ ဒသမ ၆ လက်မထိ ရွာသွန်းလေ့ရှိပေမဲ့ ဒီနှစ်ထဲမှာတော့ ပျမ်းမျှမိုးရေချိန်ဟာ သုည ဒသမ ၆၃ လက်မပဲ ရှိပါတယ်။ နေရာတချို့မှာတော့ ပုံမှန်မိုးရွာသွန်းပေမဲ့လဲ နေရာတချို့မှာတော့ မိုးခေါင်တဲ့အဆင့်ကို ရောက်နေတယ်။ စိုက်ပျိုးရေးနဲ့ မွေးမြူရေး လုပ်ငန်းတွေအတွက် အခက်အခဲတွေ့နိုင်တဲ့အခြေအနေဖြစ်ပြီး လက်ရှိမှာတော့ နေရာအနှံ့အပြားမိုးရွာသွန်းဖို့ လိုအပ်နေပါတယ်"ဟု အမျိုးသားမိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ထရန့်ဖရေးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ**
**သာယာလှပ စိမ်းမြမြ**

ဝတ္ထုတိုကဏ္ဍ

# အမေပေးတဲ့သီလ

ပိုင်ဆု (ပညာရေး)




(၁)

"သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရာမဏီ သိက္ခာပဒံသမာဒိယာမိ" ဆရာတော် တိုင်ပေးနေသည့် သီလကို တရားနာပရိသတ်များ လိုက်ဆိုနေကြပေမဲ့ ဖော်ကြီးနှင့် ငပိုင် ညီအစ်ကိုနှစ်ယောက်ကတော့ လိုက်မဆိုဘဲ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြသည်။ သူတို့ထိုင်နေသည့် နေရာကလည်း တံခါးပေါက်အနီးတွင် ဖြစ်သည်။ ထိုနေရာတွင် ထိုင်ရန်လည်း သူတို့ညီအစ်ကိုနှစ်ယောက် တမင်ရွေးခဲ့ခြင်းဖြစ်သည်။ ထို့နောက် တစ်ယောက်နှင့်တစ်ယောက် မျက်စပစ်လိုက်ကြပြီး ဆရာတော်ကို ဦးချလိုက်ကြသည်။ ဆရာတော်ကတော့ နောက်ဆုံးတွင်ရှိသော သူတို့နှစ်ယောက်ကို မြင်လိမ့်မည်မဟုတ်ပေ။ နှစ်ယောက်သား ထိုင်ရက်နှင့်ပင် အနည်းငယ်ဆီရွှေ့ပြီး တံခါးပေါက်သို့ ရောက်ခဲ့ကြတော့သည်။ တံခါးပေါက်ရောက်သည်နှင့် အပြင်သို့ မသိမသာထွက်ကာ တစ်ချိုးတည်း ပြေးထွက်ခဲ့ကြတော့သည်။

(၂)

"ပြန်လာကြပြီလား မောင်မင်းကြီးသား နှစ်ယောက်" အမေဖြစ်သူဒေါ်ဝင်းမြ၏ အိမ်အဝင်ဝ နှုတ်ဆက်စကားသံသည် ဒေါသအရိပ်အယောင်များ ပါနေသည်ကို သိနေကြသောကြောင့် ညီအစ်ကိုနှစ်ယောက်သား အမေ၏ဘေးနားတွင် ရိုကျိုးစွာ ထိုင်လိုက်ကြသည်။

"အမယ်လေး အခုမှ သူတို့မဟုတ်သလို ပုံစံတွေနဲ့ ဟွန်း အရက်နံ့တွေကလဲ ထောင်းနေတာပဲ ဒီနေ့ ဥပုသ်နေ့မို့ တစ်ရက်တလေ ကုသိုလ်လေးများ ရအောင်ဘုန်းကြီးကျောင်းခေါ်သွားပါတယ် ငါးပါးသီလလောက်တော့ ယူပါဆိုတာကို အခုတော့ သီလတွေကျိုးပြီမလား"

"မကျိုးပါဘူး အမေရ သားတို့က အမေစိတ်ချမ်းသာအောင် ဥပုသ်လိုက်စောင့်ပေးတာလေ။ နောက်ပြီး သားတို့သီလတွေလဲ မကျိုးပါဘူးအမေရ" အစ်ကိုဖြစ်သူ ဖော်ကြီးက ပြောလိုက်ခြင်းဖြစ်သည်။ ညီဖြစ်သူငပိုင်ကတော့ အစ်ကိုဖြစ်သူ၏ စကားကို ထောက်ခံသည့်ဟန်ဖြင့် ခေါင်းတညိတ်ညိတ်ဖြင့်။

"ဘာကို သီလမကျိုးတာလဲ နင်တို့ညီအစ်ကိုတွေကလေ ဘယ်လိုပြောပြော ဘယ်လိုဆုံးမဆုံးမ အဲဒီအရက်တွင်းထဲက မထွက်နိုင်ကြဘူး"

"တကယ်မကျိုးတာပါ အမေရ သားတို့ကလေ ဆရာတော်တိုင်ပေးတဲ့သီလတွေထဲ နောက်ဆုံးသီလကိုမယူဘူးလေ လိုက်လဲမဆိုဘူး။ ကျန်တဲ့သီလတွေအကုန်ယူပြီး လိုက်ဆိုတယ်။ သားတို့ကလေ သူများအသတ်လဲမသတ်ဘူး၊ သူများဥစ္စာလဲ မခိုးဘူး၊ သူများသားသမီးလဲ မပြစ်မှားဘူး။ နောက်ပြီး သားတို့ အခုအရက်သောက်လာတာလဲ လိမ်မပြောဘူးလေ။ သားတို့က လေးပါးသီလယူခဲ့တာ ဟုတ်တယ်နော် ညီလေး"

"ဟုတ်တာပေါ့ ကိုကြီးရာ။ ဟုတ်တယ်အမေရ သားတို့က လေးပါးသီလယူခဲ့တာလေ မယူခဲ့တဲ့သီလလေးကတစ်ခုပဲရှိတာပါအမေရာ။ သားတို့ကို ဒါလေး တစ်ခုတော့ခွင့်လွှတ်ပါဗျာ"

"အမယ်လေးအတိုင်အဖောက်တွေညီနေကြတာ။ ကဲ ကဲ အရက်သောက်လာပြီးရင်လဲ ထမင်းတော့ စားကြအုံး။ အုပ်ဆောင်းအောက်မှာ ထမင်းနဲ့ဟင်း အဆင်သင့်ရှိတယ်" ငိုရအခက် ရယ်ရအခက်ဖြစ်နေသောကြောင့် အမေဖြစ်သူလဲ ထမင်းစားရန်သာ ပြောလိုက်ပြီး ထိုင်ရာမှ ထထွက်ကာ အိမ်ခန်းထဲသို့ ဝင်လိုက်တော့သည်။

(၃)

"မဝင်းမြရဲ့ သားတွေကတော့ တကယ့်စံပါပဲ ဘာပဲဖြစ်ဖြစ် မဝင်းမြသားတွေက အရက်သောက်တာကလွဲရင် အကုန်လိမ္မာပါတယ်တော်"

"ဒါကြောင့်လဲ ကျွန်မက သူတို့ကိုသည်းခံနေရတာပေါ့ရှင်"

"သည်းခံပါ မဝင်းမြရယ်၊ ဒေါ်ထွေးခင်သားအရက်သမားဆို ဘာမှအားကိုးလို့မရဘူး။ အလုပ်လဲမလုပ်၊ ပြီးတော့ အမေဆီကတောင်းပြီး အရက်သောက်၊ မပေးရင်ခိုးသေးတာလေ။ ဒေါ်ထွေးခင်ကြီးလဲ သနားပါတယ် မဝင်းမြသားတွေက သောက်တယ်သာဆိုတယ် ရပ်ကွက်ထဲရန်ဖြစ်တာလဲမရှိ အမေကိုလဲ ဒုက္ခမပေး ရှာကျွေးသေးတယ်။ ယောကျ်ားလေးတွေ မွေးထားတာပဲ မဝင်းမြရယ် သောက်တာစားတာ နည်းနည်းပါးပါးတော့ ရှိမှာပေါ့ ဟုတ်တယ်မလား"

"ဟုတ်ပါတယ် မမျိုးရယ် ကျွန်မနားလည်ပါတယ်။ ဒါပေမဲ့ ကျွန်မကအမေလေ ကျွန်မသားလေးတွေကို စင်းလုံးချောတော့ ဖြစ်စေချင်တာပေါ့ရှင် " ဒေါ်မျိုး၏ စကားကို ထောက်ခံသည့်အနေဖြင့် ဒေါ်ဝင်းမြ ပြန်ပြောလိုက်သည်။ သေချာတွေးကြည့်တော့လည်း သားနှစ်ယောက်ကို သနားမိပြန်သည်။ ဖတဆိုးသားလေးတွေဖြစ်ပေမဲ့ ဘဝကို အကောင်းဆုံးရုန်းကန်နိုင်ခဲ့ကြသည်။ အလယ်တန်းနှင့်ကျောင်းထွက်ခဲ့ကြပြီး ယခုအချိန်ထိ ပန်းရန်လုပ်လိုက် ဆေးသုတ်လိုက်ဖြင့် အမေကို လုပ်ကျွေးခဲ့ကြသည်။ ရသမျှငွေအကုန်အပ်ကာ အရက်သောက်ဖို့သာ ယူထားခဲ့ကြသည်။ အရက်သောက်ကြပေမဲ့ သူများတွေကဲ့သို့ မူးရူးရမ်းကားမနေဘဲ အေးအေးဆေးဆေးနေတတ်သူများဖြစ်သည်။ အရွယ်မတိုင်ခင်ကတည်းက အလုပ်မျိုးစုံပင်ပန်းစွာ လုပ်ကိုင်ခဲ့ရသူများဖြစ်သည်။ ပင်ပန်းမှုကို ဖြေဖျောက်ရန်အတွက် အစပျိုးခဲ့ရာမှ ယခုဆို ညီအစ်ကိုနှစ်ယောက်စလုံး အရက်မင်းသားကြီးများ ဖြစ်ခဲ့ကြရသည်။

"မဝင်းမြရေ ကျွန်မအိမ်ပြန်လိုက်အုံးမယ်"

"ဩော် အင်းအင်း"

ဒေါ်မျိုး၏ အသံကြားမှပင် ဒေါ်ဝင်းမြအတွေးစများပြတ်တောက်သွားခဲ့ရတော့သည်။ မည်သို့ပင်ဆိုစေ သားနှစ်ယောက်ကို အရက်ပြတ်စေချင်သည်မှာ အမေတစ်ယောက်၏ အရိုးရှင်းဆုံး အဖြူရောင်ဆန္ဒတစ်ခုပင်ဖြစ်ပါသည်။

(၄)

အငြိုးနှင့်ရွာနေသည့် မိုးကြောင့် ညီအစ်ကိုနှစ်ယောက်သား ကားမှတ်တိုင်ဆင်ဝင်အောက်သို့ ပြေးဝင်လိုက်ကြတော့သည်။

"မိုးကလဲကွာ ဘုံဆိုင်သွားမယ်ဆိုကာမှ ရွာနေလိုက်တာမစဲတော့ဘူး"

"ဒါကြောင့် ကိုကြီးကိုပြောသားပဲ ထီးယူခဲ့ပါဆိုတာကို မယူခဲ့ဘူး"

"မင်းကလဲ ငါ့ကိုအပြစ်ပြောနေ။ မင်းကော ယူခဲ့လို့မရဘူးလား"

"အတူတူနဲ့အနူနူပါပဲဗျာ။ ဒါနဲ့ အရင်ကမိုးရွာရင် အမေထီးနဲ့မှတ်တိုင်ကို ထွက်လာနေကျနော်။ ဒီနေ့ကော လာအုံးမလားမသိဘူး"

"မင်းကလဲကွာ ဒီနေ့ ငါတို့အလုပ်သိမ်းတာ နောက်ကျတယ်လေ အမေလာခဲ့ရင်လဲ အခုပြန်နေလောက်ပြီ။ ကဲ မိုးနည်းနည်းစဲရင် ဒိုးကြမယ် မြန်မြန်သောက်ပြီး မြန်မြန်ပြန်မယ် အမေစိတ်ပူနေမယ်"

ထိုစဉ်မှာပင် သူတို့မိုးခိုနေသော ထိုင်ခုံဘေးနားသို့ အသက်ဆယ့်နှစ်နှစ်ခန့်အရွယ် ကလေးတစ်ဦး ရောက်လာသည်ကို သတိထားမိလိုက်ကြသည်။ လက်ထဲတွင်လည်း ဘီယာဘူးအထုပ်ကိုကိုင်ထားသေးသည်။ တစ်စုံတစ်ယောက်ဝယ်ခိုင်းလိုက်သည်ဟု သူတို့တွေးနေမိစဉ်မှာပင် ကလေးငယ်သည် ဘီယာဘူးကို ဖောက်ပြီးသောက်လိုက်သည်ကို တွေ့လိုက်ရသည်။ ကိုယ်တိုင်အရက်သောက်နေကြပေမဲ့ ကလေးတစ်ယောက်အခုလိုဘီယာသောက်နေသည်ကိုတော့ သူတို့သဘောမကျပေ။ ထို့ကြောင့် ဖော်ကြီးလည်း ထိုင်နေရာမှထပြီး ကလေးအနားသို့ သွားလိုက်တော့သည်။

"ဟိတ်ကလေး မင်းက မင်းအရွယ်လက်တောက်လောက်လေးနဲ့ ဒါဘာလုပ်တာလဲကွ"

"ချမ်းလို့ သောက်တာပါဗျာ ဦးလေးကလဲ ဘာမသိညာမသိနဲ့"

"အမယ် မင်းကများ ကြီးကြီးကျယ်ကျယ်နဲ့ သတ္တဝါနဲ့ လက်နက်မလိုက်ဖက်လို့ ပြောနေတာကွ။ မင်းလက်ထဲက ဘူးက မင်းနဲ့တန်တယ်ထင်လို့လား"

"ဟာဗျာ ပိုက်ဆံပေးဝယ်သောက်တာပဲ တန်ရာတန်ကြေးပေးသောက်တာ တန်တာပေါ့ဗျာ။ ဘာလဲ ဒါကိုသူဌေးတွေပဲ သောက်ရမယ်လို့ စည်းကမ်းထုတ်ထားလို့လား" ကလေးသည် စကားတတ်သည့်ပုံစံမျိုးဖြစ်သည်။ ထို့ပြင် ကလေးတွင် အရွယ်နှင့်မလိုက်သော ရင့်ကျက်မှုမျိုးရှိနေသည်ကို သတိထားမိလိုက်သည်။

"မင်းအခုလိုတွေ သောက်နေတာ မင်းအမေက ဘာမှမပြောဘူးလား"

ဖော်ကြီး၏အမေးကို ကလေးက ချက်ချင်းမဖြေသေးဘဲ အဝေးကို ငေးကြည့်လိုက်သေးသည်။

"အရက်သောက်တာကို ကြိုက်တဲ့ အမေရှိလို့လား။ ဦးလေးအမေကကော ဦးလေးအရက်သောက်ရင်ကြိုက်လားပြော" ကလေး၏ စကားကြောင့် ညီအစ်ကိုနှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြသည်။

"ငါ့ကိုများ ဆရာပြန်လုပ်နေသေးတယ် နားရင်းအုပ်လိုက်ရ"

"ဦးလေး နားရင်းအုပ်လဲခံရမှာပဲ ကျွန်တော့်မှာ ကျွန်တော့်ကိုဆူမဲ့ အဖေလဲမရှိဘူး။ အမေလဲမရှိဘူး။ ကျွန်တော့်ကို ပိုက်ဆံလိုက်တောင်းခိုင်းပြီး ပိုက်ဆံမရရင် ဆူမဲ့ရိုက်မဲ့ ဦးလေးနဲ့အဒေါ်ပဲရှိတာလေ" ကလေးငယ်၏စကားကြောင့် သူတို့ညီအစ်ကိုနှစ်ယောက်စလုံး ဘာမှပြန်မပြောနိုင်အောင်ပင် ဆွံ့အသွားခဲ့ရသည်။

"ဟော့ ဖော်ကြီးနဲ့ငပိုင် မင်းတို့အရက်ဆိုင်ကိုဝင်လိုက်ကြအုံး မင်းတို့အမေ မင်းတို့ကို ကားဂိတ်လာစောင့်ရင်း မတွေ့လို့ထင်တယ် အရက်ဆိုင်ကိုလာပြီး မင်းတို့လာရင်ပေးပေးပါဆိုပြီး ဆိုင်ရှင်ကို ထီးပေးခဲ့တယ်"

ဆိုက်ကားသမား ဝင်းလှိုင်သည် သူတို့ထိုင်နေသော မှတ်တိုင်ရှေ့ကို နင်းလာသော ဆိုက်ကားကို ခဏရပ်ကာ အော်ပြောသွားခြင်းဖြစ်သည်။ အမေဖြစ်သူ၏ မေတ္တာစေတနာများကြောင့် သူတို့ညီအစ်ကိုနှစ်ယောက်စလုံး စိတ်မကောင်းဖြစ်ခဲ့ရသည်။ အမေသည် သူတို့နှစ်ယောက်စလုံး အရက်သောက်သည်ကို မကြိုက်ပေ။ သားဖြစ်သူများ အသိမှန်ရအောင် ဥပုသ်စောင့်ခိုင်းခြင်း၊ တရားနာခိုင်းခြင်းများ ပြုခဲ့ပေမဲ့ သူတို့ကတော့ အရက်နွံထဲမှာပင် ကူးခပ်နေခဲ့ကြသည်။ ယခုလည်း သားဖြစ်သူတွေအတွက် မိုးစိုမည်စိုးသောကြောင့် အရက်ဆိုင်သို့ပင် ထီးလာပေးခဲ့သော အမေကြောင့် သူတို့ကိုယ်သူတို့ ရှက်မိကြသည်။

"ဦးလေးတို့ အရက်ဆိုင်သွားအုံးမှာမလား။ ဦးလေးတို့အမေက ဦးလေးတို့ကိုတအားချစ်တယ်နော်။ အရက်ဆိုင်ထိ ထီးလာပေးသွားတယ်တဲ့ ။ ကျွန်တော်လဲ ဦးလေးတို့လိုအမေမျိုး လိုချင်လိုက်တာ။ ကဲ ကျွန်တော်လဲ မိုးစဲပြီဆိုတော့ သွားတော့မယ်နော်"

ကလေးငယ်သည် သူတို့ကို နှုတ်ဆက်ပြီး သောက်လက်စ ဘူးခွံကို ခုံတန်းလေးပေါ်သို့တင်ကာ ပြေးထွက်သွားတော့သည်။ ယခု သူတို့ညီအစ်ကိုနှစ်ယောက် ဘာလုပ်ရမည်ဆိုတာကို သိသွားခဲ့ပြီဖြစ်သည်။ မှတ်တိုင်က ထွက်လာခဲ့ကြပြီး အရက်ဆိုင်ကိုသွားကြမည်ဖြစ်သည်။ အရက်သောက်ရန်အတွက် မဟုတ်ဘဲ ထီးဝင်ယူရန်အတွက်သာဖြစ်သည်။ အမေဖြစ်စေချင်သောဆန္ဒ အမေပေးသောသီလကို သူတို့နှစ်ယောက်စလုံး အစဉ်ထာဝရယူရန်အတွက် အတွေးကိုယ်စီတွင် ဆုံးဖြတ်လိုက်ကြသည်။ ထို့ကြောင့် တက်ကြွသော ခြေလှမ်းများဖြင့် အမေရှိရာဆီသို့ အမြန်ပြန်ရန် လှမ်းလျှောက်လိုက်ကြတော့သည်။ ကားမှတ်တိုင်ရှိ ခုံတန်းလေးပေါ်တွင် တင်ကျန်ခဲ့သော ဘူးခွံလေးမှာတော့ ဘီယာဘူး မဟုတ်ဘဲ မုယောစပါး အားဖြည့်အချိုရည်ဘူး ဖြစ်သည်ဆိုတာကို သူတို့ညီအစ်ကိုနှစ်ယောက် သိနိုင်လိမ့်မည် မဟုတ်တော့ပေ။

# ကောလင်းခရိုင်တွင် လာမည့် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ဧက ၁၃၁၀၀ စိုက်ပျိုးမည်



ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**ကောလင်း စက်တင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် လာမည့် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ဧက ၁၃၁၀၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကောလင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက်လျာထားမှု အနေဖြင့် ကောလင်းမြို့နယ်တွင် ၁၁၁၁၈ ဧက၊ ဝန်းသိုမြို့နယ်တွင် ဧက ၁၁၆၀၊ ပင်လည်ဘူးမြို့နယ်တွင် ၈၂၂ ဧက စုစုပေါင်း ဧက ၁၃၁၀၀ တို့ဖြစ်ကြောင်း၊ အဆိုပါ နေကြာစိုက်ပျိုးမှုကို ယခုနှစ် အောက်တိုဘာလတွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကောလင်းခရိုင်မှာ နေကြာ ဧက ၁၃၁၀၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမယ်။ ပြည်ပမှ တင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့နေကြာကို တိုးချဲ့စိုက်ပျိုးရေးဆောင်ရွက်ပေးသွားမယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာဟာ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲ၊ နှမ်းတွေထက် များပါတယ်" ဟု ကောလင်းခရိုင် စိုက်ပျိုးရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။

ကောလင်းခရိုင်တွင် နေကြာ တိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက ပညာပေးသင်တန်းများ အရှိန်မြှင့်တင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင် စားသုံးဆီဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် နေကြာကို ဒေသမရွေးတိုးချဲ့ စိုက်ပျိုးသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# သာပေါင်းမြို့နယ်တွင် တိုင်ထောင်ပဲသီးများ အရောင်းအဝယ်ကောင်းမွန်နေ

**သာပေါင်း စက်တင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်တွင် ဒေသထွက် တိုင်ထောင်ပဲသီးများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း သာပေါင်းမြို့နယ်မှကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ညိုညိုက ပြောပြ၍ သိရသည်။

သာပေါင်းမြို့နယ် ကုန်စိမ်းဈေးကွက်တွင် ဒေသထွက် တိုင်ထောင်ပဲသီးများ ယခုနှစ် စက်တင်ဘာလ ဒုတိယပတ်မှ ယနေ့ထိ အရောင်းအဝယ် ကောင်းနေကြောင်း၊ လက်ရှိ တစ်ရက်လျှင် တိုင်ထောင်ပဲသီး ပိဿာချိန် ၃၅၀၀ မှ ၅၅၀၀ထိ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ ဒေသထွက် တိုင်ထောင်ပဲသီး တစ်ပိဿာလျှင် ငွေကျပ် ၉၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဒီဘက်ကနေထွက်တဲ့ တိုင်ထောင်ပဲသီးတွေကို အခြားမြို့နယ်တွေက ဝယ်ယူမှုများနေပါတယ်။ လက်ရှိတိုင်ထောင်ပဲသီးပိဿာချိန် ၅၅၀၀ ထိတစ်ရက်တာ အရောင်းအဝယ်ဖြစ်နေပါတယ်။ ဒေသထွက်ကုန်တွေ အများအပြား စိုက်ပျိုးထုတ်လုပ်ရောင်းချနိုင်တော့ သယ်ယူစရိတ်တွေလဲ သက်သာပြီး သန့်ရှင်းလတ်ဆတ်တဲ့ စားသောက်ကုန်တွေကို စားသုံးနိုင်မှာ ဖြစ်ပါတယ်။ အခုလို ဒေသထွက်ကုန် တိုင်ထောင်ပဲသီးတွေ ဝယ်ယူမှုကောင်းလာတော့ဟင်းသီးဟင်း ရွက်စိုက်ပျိုးတဲ့ တောင်သူတွေ အလုပ်အကိုင် အခွင့်အလမ်း ပိုမို အဆင်ပြေလာပါတယ်"ဟု သာပေါင်းမြို့နယ်မှ ကုန်စိမ်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ညိုညိုက ပြောပြသည်။



သာပေါင်းမြို့နယ်တွင် လက်ရှိ တိုင်ထောင်ပဲသီးများ အပါအဝင် ဒေသထွက် ရာသီကုန် ဟင်းသီးဟင်းရွက်များပေါ်နေသည့် အချိန်ဖြစ်ကြောင်း၊ အဆိုပါ တိုင်ထောင်ပဲသီးများ ဝယ်ယူမှုကောင်းလာသည့်အတွက် ထပ်မံတိုးချဲ့ စိုက်ပျိုးရန် ပြင်ဆင်နေကြောင်း၊ ဒေသထွက်ကုန်များသာ ရောင်းချရသည့်အတွက် သယ်ယူစရိတ် ကုန်ကျမှုသက်သာခြင်း၊ လတ်ဆတ်သည့် သီးနှံများကိုသာ အရောင်းအဝယ် ပြုလုပ်ရခြင်းကြောင့် များစွာ အကျိုးကျေးဇူးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# ဘားအံမြို့နယ် မိုက်အောင်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**ဘားအံ စက်တင်ဘာ ၂၂**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်နယ် ခွင့်ပြုရန်ပုံငွေဖြင့် မိုက်အောင်ကျေးရွာ၌ ရေရရှိရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ)ဒေါ်နန်းအဲဖောင်အွာနှင့် တာဝန်ရှိသူများက ရပ်မိရပ်ဖများ၊ ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ ဘားအံမြို့နယ် မိုက်အောင်ကျေးရွာ၌ အကျယ် လေးလက်မခွဲ၊ အနက်ပေ ၂၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ ရေစင်တည်ဆောက်ခြင်း၊ ဆိုလာ ရေတင်စနစ် တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ (နည်းပညာ)ဒေါ်နန်းအဲဖောင်အွာက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

မိုက်အောင်ကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၅၄ ဒသမ ၂၅ သန်း အသုံးပြုကာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကော်မတီစုဖွဲ့၍ ယခုနှစ် မေ ၅ရက်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက မိုက်အောင်ကျေးရွာရှိ ကျေးလက်နေ ပြည်သူများ သောက်သုံးရေဖူလုံစွာ သုံးစွဲနိုင်တော့မည် ဖြစ်ကြောင်း သိရသည်။

ဆက်လူ

## ရိုးရာဂီတ ထိန်းသိမ်းကြပါ

- ဇာတိပုည ဂုဏ်မာနနှင့်
ရှိရထုံးတမ်း မနွမ်းစေရေး
ယဉ်ကျေးပါလှ ဂီတသဘင်
နုယဉ်လှပ ဆိုကရေးတီး
ပြိုင်ပွဲကြီးကို ဝှဲချီးကျင်းပပေတော့မည်။

- နှစ်ဆယ့်ခြောက်ကြိမ်မြောက် ချင်းနင်းရောက်ရ
ဆိုကရေးတီး ရှည်ခရီးဝယ်
ပေါင်းစည်းညီညွတ် မိတ်ဝတ်မပျက်
တစ်ချက်မယွင်း ပြည်တွင်းတိုင်းခရိုင်
ယှဉ်ပြိုင်ဝင်ကြ အနိုင်ရရေး
မပေးဦးစား ရည်ထားချစ်ခင်
တို့ရင်မှာစွဲ အသည်းသက်မျှ
စည်းလုံးကြလေ့။

- ပတ်သာစောင်းညှင်း ဒုံမင်းဂီတာ
မယ်ဒလင်ပါရော တယောဘင်ဂျို
သံစဉ်ချိုထား စန္ဒရားမကျန်
စစ်မှန်ဂီတ မြန့်အလှကို
ဖော်ပြယှဉ်ပြိုင် အနိုင်အရှုံး
နှလုံးစိတ်ဝမ်း မထားတမ်းတည့်။

- ကြေးကြိုးသားရေ လေနှင့်လက်ခုပ်
ပေါင်းထုပ်နရီ သံစဉ်ညီလျက်
ကသည်ရိုးရာ သည်ပညာကို
တိုးကာဖြစ်ထွန်း တည့်ရွှန်းမြမြ
သာသည့်လသို့ တောက်ပအရောင်
ထွန်းလင်းပြောင်အောင် ကြံဆောင်ကြိုးပမ်း
တို့တွေထမ်းရွက်ကြပါစို့။

- ဩော်...
ကြုံသည့်အခိုက် စရိုက်လက္ခဏာ
အစဉ်ပါအောင် မြန်မာဂီတ ဖော်ထုတ်ပြလော့
ရှယ်ကအသစ် မျိုးချစ်လူငယ်
နောင်ဝယ်လူကြီး ပွားစီးပြည်ရွာ
အစဉ်သာအောင် မြဲသာကြိုးပမ်းကြပါစို့။ ။

**၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ကြိုဆိုလျက်။**

ဘိုမျိုး(ရွှေဘို)




# သတင်းစားသုံးသူများသို့

ဖိုးသာထူး




## နိဒါန်း

လူသားတိုင်းမှာ အသက်ရှင်ရပ်တည်ရေးအတွက် အဓိကလိုအပ်တာက စားရေးပါပဲ။ ဝတ်ရေးလဲအရေးကြီးပါတယ်။ နေရေးလည်းအရေးကြီးပါတယ်။ အရွယ်ရောက်သူမှန်သမျှဟာ စားဝတ်နေရေးအတွက် တစ်မျိုးမဟုတ်တစ်မျိုး၊ တစ်ခုမဟုတ်တစ်ခုလုပ်ပြီး ရှင်သန်ဖို့ရုန်းကန်ကြရတော့တာပဲ။ အခြေခံအကျဆုံး လိုအပ်ချက်က **"စားရေး"**ဖြစ်ပါတယ်။

"သဗ္ဗေသတ္တာ အာဟာရတိဋ္ဌိကာ"

သတ္တဝါအားလုံးဟာ အစားအစာ စားသုံး အသက်ရှင်နေကြရတာဖြစ်တယ်။ အစာလုံလောက်အောင်မစားရရင် ရောဂါဝေဒနာရစေမယ်။ ငတ်မွတ်ပြီးသေဆုံးကြရတဲ့ လူသားတွေ၊ သတ္တဝါတွေရှိခဲ့ကြတယ်။ အကြောင်းအားလျော်စွာ နောင်လည်းရှိနိုင်သေးတာပဲ။ ဒုဗ္ဘိက္ခန္တရကပ်ဆိုက်ခြင်းလို့ခေါ်ကြတယ်။ အရပ်ဒေသတစ်ခုမှာ ရာသီဥတုဒဏ်ကြောင့် မြေပြိုတာ၊ ရေကြီးတာ၊ မိုးအကြာကြီးခေါင်နေတာမျိုးကြုံရရင် လူတွေဟာ အစားအစာမရတော့လို့ ငတ်မွတ်သေကျေကြရတယ်။ အထူးသဖြင့် စစ်ဘေးစစ်ဒဏ်ကို နှစ်ရှည်ကြာအောင် (မစိုက်နိုင်မပျိုးနိုင်၊ မရိတ်သိမ်းနိုင်)ခက်ခဲမှုကြုံရတဲ့အခါ လူသေအလောင်းချင်းစုပုံထပ်အောင် အငတ်ဘေးကြောင့် သေဆုံးကြရတယ်။ ဆင်းရဲနွမ်းပါးမှု၊ စစ်ဖြစ်မှု၊ ရာသီဥတုအအေးဒဏ်လွန်ကဲမှုကြောင့် အစားအစာမလုံလောက်လို့ သေကျေရခြင်း ကပ်ဘေးတွေဟာ ၁၉၄၀ ပြည့်နှစ်မတိုင်မီက တရုတ်ပြည်ဒေသတချို့မှာ သန်းနဲ့ချီပြီးကြုံခဲ့ကြရဖူးတယ်။ အစားအစာမလုံလောက်ရင် ဒုက္ခရောက်ခဲ့တဲ့သင်ခန်းစာတွေ တရုတ်နိုင်ငံသမိုင်းမှာ နာနာကျင်ကျင်ရှိခဲ့ဖူးပါတယ်။ တရုတ်တွေအလုပ်ကြိုးစားတယ်၊ တရုတ်တွေစည်းကမ်းစနစ် တိတိကျကျလိုက်နာတယ်ဆိုတာက ဒီလိုအငတ်ဘေးဆိုးတွေထဲက ရုန်းထခဲ့ကြရတဲ့ ဘဝပေးသင်ခန်းစာကြောင့် ကြိုးစားမှဖြစ်မယ်၊ စည်းကမ်းရှိမှဖြစ်မယ်ဆိုတာကို သွေးထဲကနားလည်ခဲ့ကြလို့ပဲ။

## သမိုင်းသိပါ

သမိုင်းကိုမသင်ဖူးသူတွေ၊ သမိုင်းကြောင်းတွေကို ခြေခြေမြစ်မြစ်မလေ့လာဖူးသူတွေက လူသားအတွက်အစားအစာဟာ ဘယ်လောက်အခြေခံကျကျ အရေးကြီးတယ်ဆိုတာ သတိမပြုမိကြပါ။ အစားအစာခေါင်းပါး ခက်ခဲစေတတ်တဲ့ စစ်ဘေးစစ်ဒဏ်ရဲ့ လူ့အဖွဲ့အစည်းကို နှိပ်စက်ဆင်းရဲစေတတ်ပုံကိုလည်း နားမလည်ကြပါ။ ရုရှားစာရေးဆရာ လီယိုတော်စတွိုင်းရေးတဲ့**"စစ်နဲ့ငြိမ်းချမ်းရေး"**ဆိုတဲ့ ကမ္ဘာကျော်ဝတ္ထုရှည်ကြီးရှိပါတယ်။ ရုရှားဘာသာနဲ့ရေးခဲ့ပေမယ့် အင်္ဂလိပ်လိုဘာသာပြန်တာလည်း လေး၊ ငါးဦးလောက်ရှိတယ်။ အပြည့်အစုံမဟုတ်ဘဲ ပြန်ပြီးအနှစ်ချုပ်ရေးကြတဲ့ အင်္ဂလိပ်လိုစာအုပ်တွေလည်း အထူအပါး အစားစားရှိတယ်။ မြန်မာဘာသာနဲ့ ဆရာမြသန်းတင့် ရှစ်တွဲ ဘာသာပြန်ထုတ်ဝေဖူးတယ်။ နောက်တော့ပေါင်းချုပ်နှစ်တွဲ အထူကြီး ဆိုဒ်ကြီး ထုတ်ပါသေးတယ်။ စစ်နဲ့ငြိမ်းချမ်းရေးအကြောင်း ပြင်သစ်ဧကရာဇ်နပိုလီယံဘိုနာပတ် ရုရှားမြေကို ကျူးကျော်လာလို့ ခုခံတိုက်ခိုက်ကြတဲ့ ရုရှားစစ်သည်တော်တွေ၊ မြို့တွေ၊ ရွာတွေ၊ ပြည်သူတွေအကြောင်း ရုပ်ရှင်ကြည့်ရသလို ထင်ရှားမြင်သာအောင်ရေးထားတယ်။ မူရင်းဝတ္ထုကအရှည်ကြီးပဲ။ ရုပ်ရှင်ဇာတ်ကားတွေလည်းရှိတယ်။ အဖြူအမည်းကော၊ ဆေးရောင်စုံကော လေး၊ ငါးကြိမ်ရိုက်ကူးခဲ့ကြပါတယ်။ စစ်ရဲ့သဘော၊ ငြိမ်းချမ်းရေးရဲ့သဘောမြင်ရမယ်။

လူသားဟာအစာအိမ်အတွက် အစာအာဟာရကို တစ်ရက်၊ နှစ်ရက် အငတ်မခံနိုင်လောက်အောင် နေ့စဉ်ရက်ဆက် အစာလိုတယ်ဆိုတာ သိကြပြီးသားပါ။

## အသိဉာဏ်

လူသားဟာ ဦးနှောက်ရင့်ကျက်ဖို့ရာအတွက် အသိအမြင်၊ အကြားအတွေ့အကြုံတွေကို မှတ်သားနားလည်ဖို့လည်းလိုပါတယ်။ လူ့ဘဝမှာ နို့စို့ကလေးအရွယ်မှ ဆံဖြူသွားကျိုး၊ အဘိုးအို၊ အမယ်အိုဖြစ်တဲ့ထိ သိစရာ၊ တတ်စရာ၊ အတွေ့အကြုံနဲ့ အသိပညာကတော့ လိုအပ်နေတာပါပဲ။

အတွေ့အကြုံဆိုတာက ကိုယ်တိုင်ထိတွေ့ခံစားဖို့ အချိန်အကန့်အသတ်ရှိတယ်။ နေရာအကန့်အသတ်ရှိနေတယ်။ သိစရာ၊ ကြားစရာတွေကို လူသားဟာ စာအုပ်စာပေ၊ သတင်းစာ၊ ဂျာနယ်တွေကလည်း မြင်ရကြားရတယ်။ ရေဒီယို၊ တီဗီ၊ လက်ကိုင်ဖုန်းမှတစ်ဆင့် တစ်ကမ္ဘာလုံးက လွှင့်နေသမျှအရုပ်ကော၊ အသံကော မြင်နိုင်ကြားနိုင်နေကြပြီ။

လက်ဝါးပေါ်က လက်ကိုင်ဖုန်းလေးဟာ အာလာဒင်ရဲ့ လိုတရမီးခွက်ဆန်းလိုပဲ ပွတ်လိုက်ရင် မီးခွက်စောင့်ဘီလူးကြီး ပေါ်ထွက်လာပြီး ဘာအလိုရှိပါသလဲ သခင်လို့ လာမေးရာမှာ ကိုယ်ကြိုက်ရာပြောရုံနဲ့ ရတယ်မဟုတ်လား။ ပုံပြင်ထဲက မီးခွက်ဆန်းဟာ ယနေ့အခါ လူကြီး၊ ကလေးအတော်များများ အသုံးပြုနေနိုင်ကြပြီလေ။

လက်ကိုင်ဖုန်းတွေစပေါ်စ၊ အိန္ဒိယမှာနွားကျောင်းသားအချင်းချင်း ယာကွင်း၊ လယ်ကွင်းတွေ အဝေးကြီးမှာ သစ်ပင်ခွကြားထိုင်ပြီး ပြောဆိုသုံးစွဲနေကြပြီဆိုတာ စာရေးသူသိရတော့ "ဟော့ အိန္ဒိယမှာ ကျေးလက်မှာတောင် သုံးနိုင်နေပြီဆိုရင် တို့ဆီလည်း ရောက်လာမှာပဲ"လို့ ရေးခဲ့တယ်။

ရောက်နေခဲ့ပြီလေ။

အစားအစာကိုအသက်ရှင်ဖို့အတွက် မရှိမဖြစ် လူမှာလိုအပ်သလိုပဲ။ လူရဲ့ဦးနှောက်ကလည်း ယနေ့ဘာထူးလဲ။ ဘယ်မှာ ဘာတွေဖြစ်နေကြသလဲ၊ သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ လက်ကိုင်ဖုန်းထဲက သတင်းဌာနများမှ လွှင့်တာ၊ ပြောတာ၊ ပြတာတွေကို ကြည့်လို့မကုန်နိုင်အောင် လက်တွေ့ဘဝမှာ စားသုံးနေကြရတာပဲ မဟုတ်လား။ အမှန်ပါပဲဗျာ။

လူဟာ ကိုယ့်ကျန်းမာရေးအခြေအနေအရ အစာအာဟာရကို တည့်တာပဲစားတယ်။ အနည်းအများချင့်ချိန်ပြီးစားတယ်။ ဒီတော့အသက်ရှည်တယ်၊ ကျန်းမာတယ်။

လူတချို့ဟာ ကျန်းမာရေးထိခိုက်စေမယ့် အရက်သေစာသောက်စား၊ ဘိန်းဖြူ၊ မူးယစ်ဆေးဝါး၊ မြူးဆေး၊ ငြိမ့်ဆေးတွေစား။ အသက်တိုသူတွေ မျက်စိအောက်မှာ မြင်နေကြရတယ်။ နာမည်ကျော်မင်းသား၊ အဆိုတော်များ။

မတည့်တဲ့အစာကိုစားမိလို့ အော့အန်နာမကျန်းဖြစ်ရသူက မိသားစုဆိုလေး၊ ငါးယောက်ပေါ့။ အလှူမှာ မသန့်တဲ့အစာဆို လူငါးဆယ်၊ တစ်ရာပေါ့။

## မီဒီယာအဆိပ်

နေ့စဉ်စားသုံးနေကြရတဲ့ မှားယွင်းလွဲချော်တဲ့ အတွေးအမြင်၊ အယူအဆ၊ အစွဲအလမ်းတွေနဲ့ ရောနယ်ထားတဲ့ သတင်းပုပ်၊ သတင်းသိုး၊ သတင်းအဆိပ်အမျိုးမျိုးကို စားသုံးမိတဲ့ မီဒီယာစားသုံးသူများကတော့ လူပေါင်းထောင်သောင်းချီပြီး ရူးသွပ်၊ ရိုင်းစိုင်း၊ ရမ်းကားပြီး လူမှန်းမသိ၊ သူမှန်းမသိ၊ ဘာလုပ်လို့ ဘာအကျိုးပျက်စီးမှန်းလည်း မစဉ်းစားဘဲ အကြမ်းဖက်ဆူပူ ဖျက်ဆီးကြတော့တာပဲ။ အဲဒီအန္တရာယ်ဟာ နိုင်ငံအတော်များများ။ ယခင်ကလည်း မြင်ရကြားရဖူးတယ်။ ယခုလက်ရှိအချိန်မှာလဲ လူထုမငြိမ်မသက်၊ ဖျက်ဆီးမီးရှို့ဆူပူနေကြပုံများ နိုင်ငံတချို့မှာ ထိန်းမနိုင်သိမ်းမရဖြစ်နေကြဆဲ။

မိမိအသက်ရှင်သန်မှုအတွက် မဖြစ်မနေ နေ့စဉ် စားသုံးနေကြရတဲ့ အစာအာဟာရဟာ အရသာရှိသည်ဖြစ်စေ၊ အရသာမရှိဘူးပဲဖြစ်စေ၊ အသီးအရွက်ဖြစ်စေ၊ အသားငါးဖြစ်စေ၊ ချဉ်ချင်ချဉ်၊ ချိုချင်ချို၊ အဆိပ်အတောက်မဖြစ်ဖို့တော့ သတိထားစရာလိုတယ်မဟုတ်လား။ မတည့်တဲ့အစာကိုတော့ ရှောင်ရပေမှာပေါ့။ ၁၉၈၈ ခုနှစ်နဲ့ ၂၀၂၁ ခုနှစ်ဟာ မီဒီယာအဆိပ်မကင်းခဲ့ပါ။ အလားတူပါပဲ။ သတင်းစားသုံးသူများဖြစ်နေကြတဲ့ စာဖတ်သူများဟာလည်း အဆိပ်ပါတဲ့သတင်းတွေ၊ သီချင်းတွေ၊ အပြတွေ၊ အကတွေကို ဝေးဝေးရှောင်ရမှာပဲ။

## ပွဲကြီးအုပ်စု

အကျယ်အရှည်အဝေးမတင်ပြလိုပါဘူး။ အတိုချုံ့ပြောပါရစေ။ ကမ္ဘာပေါ်မှာ ၁၉ ရာစု၊ ၂၀ ရာစု၊ ဥရောပအရင်းရှင်နယ်ချဲ့တွေ ခေတ်ကောင်းခဲ့၊ ကြီးစိုးခဲ့တယ်။ အင်္ဂလိပ်ဟာ နေမဝင်အင်ပါယာကို နှစ်ပေါင်း ၂၀၀ လောက်မင်းမူခဲ့ပါတယ်။ ၁၈၈၆ ခုနှစ် မြန်မာပြည်ကိုသိမ်းလိုက်တာဟာ သူ့ရဲ့နောက်ဆုံးထမင်းတစ်လုတ်ပဲလို့ ဆိုကြပါတယ်။

၁၉၄၅ ခုနှစ် ဒုတိယကမ္ဘာစစ်အပြီးမှာတော့ စစ်ပစ္စည်း၊ လက်နက်ခဲယမ်းရောင်းရတာနဲ့ ပွခဲ့တဲ့ အမေရိကန်ဟာ တစ်ကမ္ဘာလုံးစစ်မီးမွှေး၊ လက်နက်ခဲယမ်း၊ စစ်ပစ္စည်းအမျိုးမျိုးကို ထုတ်လုပ်ရောင်းချ၊ အမြတ်အစွန်းအကြီးကြီးရ၊ ၂၀ ရာစုမှာ USA ဟာ ပြိုင်စံမပေါ် ကမ္ဘာတစ်ခုလုံး ဗိုလ်ကျစိုးမိုးခဲ့တာ ဒီနှစ်စက်တင်ဘာလထိပါပဲ။ ၂၀၂၅ ခုနှစ် ။

## မြင်ကွင်းကျယ်

အမေရိကန်နိုင်ငံက နှစ်ပေါင်း ၆၀၊ ၇၀ ကြာမျှ ယနေ့ထိလုပ်ကိုင်နေတာ **စစ်ကစားပွဲပဲ**။ အကျယ်ကို သိလိုသူများ စာအုပ်တွေဖတ်ရှုကာ ဆက်လက်လေ့လာနိုင်ပါတယ်။

USA WAR GAME ကို အောက်ပါနည်းလမ်း သုံးမျိုးနဲ့ လှုပ်ရှားလုပ်ဆောင်နေတယ်။

**၁။ သမားရိုးကျစစ်ပွဲ**

**၂။ ထောက်လှမ်းရေးစစ်ပွဲ**

**၃။ နယ်ရုပ်၊ ရုပ်သေး၊ လက်ကိုင်တုတ်စစ်ပွဲ**

ယနေ့အခါမှာ တရုတ်၊ ရုရှား၊ အိန္ဒိယ၊ ဘရာဇီး စတဲ့နိုင်ငံပေါင်းများစွာက စီးပွားရေး၊ နိုင်ငံတကာဆက်ဆံရေး ပူးပေါင်းဆောင်ရွက်မှုကောင်းလာလို့ အမေရိကန်ဟာ သူ့စိတ်တိုင်းကျ ဗိုလ်ကျစိုးမိုးချင်လို့ မရတော့ပါ။ သို့ပါသော်လည်း နယ်ချဲ့အရင်းရှင်အင်အားကြီးနိုင်ငံတချို့ဟာ အခဲမကျေဘဲ မြန်မာကို သတင်းမီဒီယာစစ်ပွဲ ဆင်နွှဲဆဲ။

## နိဂုံး

သတင်းစာ၊ ရေဒီယို၊ တီဗီ၊ လက်ကိုင်ဖုန်းကြည့်သူအားလုံးဟာ မီဒီယာကောင်းရဲ့ လက္ခဏာအင်္ဂါ ၁၁ ချက်စံနဲ့ကိုက်ညီရဲ့လား သုံးသပ်ပြီး ရွေးချယ်စားသုံးကြပါ။

၁။ ဓမ္မဓိဋ္ဌာန်ကျခြင်း (Objectivity)

၂။ မှန်ကန်ခြင်း (Validity)

၃။ သတင်းရင်းမြစ်ယုံကြည်ထိုက်ခြင်း (Reliability)

၄။ ကျင့်ဝတ်စံနှုန်းကိုက်ညီခြင်း (Ethical Value)

၅။ တိကျခြင်း(ဘခြောက်လုံး) (Exactitude)

၆။ အချိန်ကိုက်ခြင်း (On– time)

၇။ ရှင်းလင်းခြင်း (Clearity)

၈။ အနှစ်ချုပ်ပြည့်စုံခြင်း (Precise)

၉။ ပွင့်လင်းမြင်သာခြင်း (Openness)

၁၀။ ပရိသတ်စိတ်ဝင်စားမှု (Interest)

၁၁။ ပုံသဏ္ဌာန်၊ မူကွဲ၊ ကွဲပြားမှု (Identity)

❖ မိမိအသက်ရှင်သန်မှုအတွက် မဖြစ်မနေ နေ့စဉ်စားသုံးနေကြရတဲ့ အစာအာဟာရဟာ အရသာရှိသည်ဖြစ်စေ၊ အရသာမရှိဘူးပဲဖြစ်စေ၊ အသီးအရွက်ဖြစ်စေ၊ အသားငါးဖြစ်စေ၊ ချဉ်ချင်ချဉ်၊ ချိုချင်ချို၊ အဆိပ်အတောက်မဖြစ်ဖို့တော့ သတိထားစရာလိုတယ်မဟုတ်လား။ မတည့်တဲ့အစာကိုတော့ ရှောင်ရပေမှာပေါ့။ ၁၉၈၈ ခုနှစ်နဲ့ ၂၀၂၁ ခုနှစ်ဟာ မီဒီယာအဆိပ်မကင်းခဲ့ပါ။ အလားတူပါပဲ။ သတင်းစားသုံးသူများဖြစ်နေကြတဲ့ စာဖတ်သူများဟာလည်း အဆိပ်ပါတဲ့သတင်းတွေ၊ သီချင်းတွေ၊ အပြတွေ၊ အကတွေကို ဝေးဝေးရှောင်ရမှာပဲ။ ❖

# အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ၂၄၆၄ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**မုံရွာ စက်တင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ၂၄၆၄ ဧကထိ ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၀၅၅၇ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါစိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၂၄၆၄ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၃ ဒသမ ၃ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ အရာတော်မြို့နယ်မှာ ပဲတီစိမ်း ၁၀၅၅၇ ဧက စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲတီစိမ်းခင်းတွေ လက်ရှိ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ၂၄၆၄ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ပညာပေးခဲ့ပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

ယခုနှစ် အရာတော်မြို့နယ်တွင် ပဲတီစိမ်းစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးခဲ့ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

# မိုင်းဖြတ်မြို့နယ် ပါလောင်းကျေးရွာ၌ စာကြည့်တိုက်ခြံစည်းရိုးကာရံခြင်းလုပ်ငန်း ဆောင်ရွက်နေမှု စစ်ဆေး

**မိုင်းဖြတ် စက်တင်ဘာ ၂၂**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းရန်ပုံငွေဖြင့် မွန်ကာကျောင်းကျေးရွာအုပ်စု ပါလောင်းကျေးရွာ၌ စာကြည့်တိုက်ခြံစည်းရိုးကာရံခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို စက်တင်ဘာ ၂၁ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းဖြတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ပါလောင်းကျေးရွာ၌ စာကြည့်တိုက် ခြံစည်းရိုးကာရံခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစွာဆောင်ရွက်ရန် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များကို မှာကြားပြီး ကျေးရွာ၏တင်ပြချက်များအပေါ်လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ပါလောင်းကျေးရွာ၌ အလျားပေ ၂၀၀၊ အမြင့် ငါးပေရှိ ခြံစည်းရိုးကာရံခြင်း လုပ်ငန်းကို ခေတ်မီစံပြကျေးရွာ ထူထောင်ရေးစီမံကိန်း ရန်ပုံငွေကျပ် ၆၉ ဒသမ ၈ သိန်း ဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဩဂုတ်လဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ဇင်မာ

# ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ပဲစင်းငုံ ၂၄ ပြည်ဝင်အိတ်ရေ ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ကျုံပျော် စက်တင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ပဲစင်းငုံ ၂၄ ပြည်ဝင် အိတ်ရေ ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျုံပျော်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းငွေးက ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ပဲစင်းငုံ ၂၄ ပြည်ဝင် အိတ်ရေ ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ပဲစင်းငုံ ၂၄ ပြည်ဝင် အိတ်ရေ ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ပဲစင်းငုံများ ဝယ်လိုအားကောင်းလာခြင်းသည် ပြည်တွင်းပဲလုပ်ငန်းများ လည်ပတ်အား ကောင်းလာခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။

"လက်ရှိ ဈေးကွက်ထဲမှာ လက်ကျန်ပဲစင်းငုံတွေ အရောင်းအဝယ်ဖြစ်နေပါတယ်။ ပြည်ပဈေးကွက်ကို တင်ပို့နေရတာကြောင့် အရောင်းအဝယ်ကောင်းလာတာပါ။ လက်ရှိတော့ ပဲစင်းငုံတွေက သိုလှောင်ထားသူတွေနဲ့ ကုန်သည်ကြီးတွေဆီမှာပဲ ရှိပါတော့တယ်။ ကျုံပျော်မြို့နယ်က ဒေသထွက်ကုန် သီးနှံတွေကို ဒေသပွဲရုံတွေကနေတစ်ဆင့် ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချပါတယ်။ ရန်ကုန်ဈေးကွက်ကနေတစ်ဆင့် အခြားဈေးကွက်ကို ပြန်လည်တင်ပို့ရောင်းချတာပါ။ ဩဂုတ်လထဲမှာ ပဲစင်းငုံ ၂၄ ပြည်ဝင် အိတ်ရေ ၄၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပြီး ဇူလိုင်လထက် ပိုမိုတင်ပို့ရောင်းချနိုင်ခဲ့ပါတယ်"ဟု ကျုံပျော်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းငွေးက ပြောပြသည်။



အဆိုပါ ဒေသထွက်ပဲစင်းငုံများကို ကျုံပျော်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များကဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ပဲစင်းငုံ ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၁၇၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# ဖာပွန်မြို့နယ် ကမမောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဖာပွန် စက်တင်ဘာ ၂၂**

ကရင်ပြည်နယ် ဖာပွန်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖာပွန်မြို့နယ် ကမမောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဖာပွန်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ဝင်း၊ ဖာပွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဦးကိုကိုနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ကမမောင်းကျေးရွာ၌ စီမံကိန်းရန်ပုံငွေဖြင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ စီမံကိန်းလက်စွဲစာစောင်ပါအတိုင်း အမှန်တကယ်လိုက်နာဆောင်ရွက်မှု ရှိ၊ မရှိနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ဆွေးနွေးမှာကြားပြီး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကမမောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ငွေကျပ် သန်း ၃၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၈ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၁၇ သိန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

ကိုသက်

# တောင်တွင်းကြီးမြို့နယ် ချင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်တွင်းကြီး စက်တင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေးအခက်အခဲများကို ကုစားပေးနိုင်ရန်၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ ချင်းကုန်းကျေးရွာ၌ အဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျန်က ချင်းကုန်းကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါအကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ချင်းကုန်းကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၇၇ သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ချင်းကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၉၃ ဦးကို ငွေကျပ် ၃၅၆ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၁၂ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ကိုးသိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၉ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းလည်ပတ်ရန်ပုံငွေကျပ် ၃၇၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျန်ထံမှ သိရသည်။

နွဲ့ယဉ်

# မြန်မာ့ရိုးရာ ခြင်းလုံးကစားခြင်းဓလေ့

**ကိုကျော်စွာ(ကျိုက်ပိ)**

"အပေးအယူ လွန်ကြည်ဖြူ၊ ခြင်းမူစာဂ၊ မျှစိတ္တ" ဟူသော ခြင်းခတ်ခြင်းနှင့်ပတ်သက်သော အဆိုပါ ဆောင်ပုဒ်ကို ကြားဖူးကြပေလိမ့်မည်။ ထိုဆောင်ပုဒ်လေးကို ကြားမိ၊ ဖတ်မိရုံဖြင့် ခြင်းခတ်သူတို့သည် တစ်ဦးနှင့်တစ်ဦး အပေးအယူမျှမျှတတ၊ တစ်ဦးနှင့်တစ်ဦး ချစ်ခင်ကြည်ဖြူသောစိတ်ဓာတ်တို့ဖြင့် အတူတကွ ခြင်းခတ်ဟန်ကို မြင်ယောင်လာစေသည်။ မြန်မာတို့၏ ခြင်းခတ်ခြင်းသည် မြန်မာ့ရိုးရာယဉ်ကျေးမှုတစ်ရပ်ဖြစ်သကဲ့သို့ မြန်မာ့ရိုးရာယဉ်ကျေးမှုသည် မည်မျှအဆင့်မြင့်မားကြောင်း ပြသနေသော ရိုးရာကစားနည်းတစ်မျိုးလည်းဖြစ်ပေသည်။ ရှေးနှစ်ပေါင်းများစွာကတည်းကနေ ယနေ့ခေတ်ထိ ခေတ်အဆက်ဆက်က လက်ဆင့်ကမ်းထိန်းသိမ်းလာခဲ့သော မြန်မာ့ရိုးရာအမွေအနှစ်စစ်စစ်လည်းဖြစ်သည်။

**ခြင်းလုံး၏ မူလအစ**

ခြင်းလုံးကို ရှေးနှစ်ပေါင်းများစွာကပင် ပျူတို့ သုံးစွဲကြဟန်ရှိ၍ ဆူမတြားကျွန်းတွင် နေထိုင်သူများ၊ ဘော်နီယိုအလယ်တောင်တန်းများအပေါ်တွင် နေထိုင်သူများ၏ ကစားနည်းဖြစ်သည်ကို တွေ့ရသည်။

ခြင်းလုံးကို မြန်မာ၊ ဘော်နီယို၊ ထိုင်း၊ လာအို၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယားစသည့် နိုင်ငံများမှာ ကစားကြသော်လည်း မတူညီကြပေ။ တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်း ဆိုသကဲ့သို့ ကစားနည်းမတူပေ။ စင်ကာပူနိုင်ငံတွင်လည်း ခြင်းလုံးကစားကြသည်။ သို့သော် စင်ကာပူနိုင်ငံမှ ခြင်းလုံးသည် ကြိမ်ဖြင့်ပြုလုပ်ထားသော်လည်း မြန်မာခြင်းလုံးကဲ့သို့ အပေါက်မပါဘဲ ဘောလုံးကဲ့သို့ဖြစ်နေကြောင်း သိရသည်။ လုံးပတ် ၁၄ လက်မရှိသည်။

**မြန်မာ့ရိုးရာ ခြင်းလုံးကစားခြင်းဓလေ့**

အခြားသောနိုင်ငံများမှာလည်း ခြင်းလုံးကစားကြသော်လည်း အများအားဖြင့် ပိုက်ကျော်ခြင်း ကစားကြသည်က များသည်။ စာရေးသူတို့ နိုင်ငံမှာမူ ပိုက်ကျော်ခြင်းအပြင် ဝိုင်းဖွဲ့ကစားခြင်းကိုလည်း ခတ်ကစားလေ့ရှိသည်။ ဝိုင်းဖွဲ့ကစားခြင်းသည် မြန်မာ့ရိုးရာဓလေ့တစ်ခုဖြစ်သည်။ မြန်မာနိုင်ငံတွင် ခြင်းလုံးနှင့်ပတ်သက်ပြီး ၁၉၂၆-၁၉၂၇ ခုနှစ်က ကျောက်စာဝန် မစ္စတာဒူရွိုင်ဇယ်၏ ညွှန်ကြားချက်အရ ပြည်ခရိုင် မှော်ဇာမြို့ သရေခေတ္တရာမြို့ဟောင်းအတွင်း ကုလားကုန်းရွာအနီး ခင်ဘကုန်းကိုတူးဖော်ရာ ရွှေစေတီ၊ ငွေစေတီ၊ ဆင်းတုတို့နှင့်အတူ အချင်း နှစ်လက်မခန့်ရှိသော ငွေခြင်းလုံးလေးတစ်လုံးရရှိခဲ့သည်။ အဆိုပါခင်ဘကုန်းမှတွေ့ရှိရသော ငွေခြင်းလုံးလေးသည် လွန်ခဲ့သော နှစ်ပေါင်း ၁၅၀၀ လောက်က မှော်ဇာမင်းပရဘော်နှင့်မိဖုရားတို့က ဘုရားအတွင်း ဌာပနာထားခဲ့ကြောင်း သိရသည်။ အချို့ကလည်း နှစ်ပေါင်း ၁၂၀၀ ကျော်လောက်ကဟု သမိုင်းအထောက်အထားများအရ သိရသည်။ အချို့သော သုတေသီများကလည်း ထိုးကွင်းမင်ကြောင်ဓလေ့နှင့်အတူ နန်းတွင်းမှာရော၊ ရပ်ထဲ၊ ရွာထဲမှာပါ ထိုးကွင်းမင်ကြောင်ထိုး၍ ခါးတောင်းမြှောင်အောင် ကျိုက်ကာ ခြင်းလုံးခတ်ကစားခဲ့ကြသည်။ ခြင်းလုံးနှင့် ထိုးကွင်းမင်ကြောင်သည် ဒွန်တွဲပါလာသည်ဟုပင် ယူဆရပေမည်။

ခြင်းလုံးနှင့်ပတ်သက်သော မြန်မာ့သမိုင်းအထောက်အထားတစ်ခုမှာ အင်းဝခေတ်ကဖြစ်သည်။ ၁၇၈၂ ခုနှစ်က အီတလီနိုင်ငံမှ အင်းဝသို့ သာသနာပြုရောက်ရှိလာသော ဗရင်ဂျီဘုန်းတော်ကြီး စန်ဂါမနို၏ မှတ်တမ်းတွင် "မြန်မာနိုင်ငံတွင် ကစားသည့်ကစားနည်းများမှာ ခုံညင်းထိုး၊ ဖဲကစားခြင်း၊ ကြက်တိုက်ခြင်းတို့အပြင် ကိုယ်လက်လှုပ်ရှားကစားနည်းများအနက်မှ ဝါးကိုလွှာ၍ ပြုလုပ်သောအလုံးကို ခြေဖြင့် ရိုက်ခတ်ကစားသည့် ကစားနည်းတစ်ခုပါရှိသည်။ အဆိုပါကစားနည်းကို လူငယ်များအချိန်အတော်ကြာ အတူတကွခတ်ကစားကြသည်"ဟု ရေးသားထားကြောင်း သိရသည်။ ထိုကစားနည်းမှာ အလုံးကို ခြေဖြင့်ခတ်ကစားသည်ဟု ဆိုသောကြောင့် ခြင်းလုံးဟုပင် ယူဆနိုင်သည်။

ယခုအခါ ကြိမ်ဖြင့်ရက်လုပ်ထားသော ကြိမ်ခြင်းလုံးကိုအသုံးပြုကြသကဲ့သို့ ကော်ဖြင့်ပြုလုပ်ထားသော ကော်ခြင်းလုံးများလည်း အသုံးပြုလာကြပြီဖြစ်သည်။ အချို့သောတောရွာဒေသများတွင် ထန်းလျှော်ဖြင့် ရက်လုပ်သောခြင်းလုံး၊ ဝါးကိုပါးအောင်လွှာ၍ ပြုလုပ်ထားသောခြင်းလုံးတို့ဖြင့် ခတ်ကစားကြသည်များလည်းရှိသည်ဟု သိရသည်။ ဘိုးတော်ဗဒုံမင်းလက်ထက် အောင်မြေဘုံကျောင်း၌ မင်းအိုဆရာတော်ကြီး ပျံလွန်တော်မူရာ ဘုန်းကြီးပျံပွဲ၌ ကျင်းပရန် မင်းမိန့်၌"ခြင်းပွဲ"ဟူသောအသုံးအနှုန်း ရှိခဲ့သည်။ ၁၉၀၀ ပြည့်နှစ်လောက်မှာလည်း အိမ်တော်ခြင်းဝိုင်း ပထမခေတ်၊ ဒုတိယခေတ်ဟူ၍ ခြင်းခတ်မှု ခေတ်စားခဲ့သည်။

ကုန်းဘောင်ခေတ်တွင်လည်း ခြင်းခတ်ကစားခြင်းဓလေ့ရှိခဲ့ကြောင်းကို ၁၈၇၄-၁၈၇၅ ခုနှစ်က အင်္ဂလန်မှ ခွဲစိပ်ဆရာဝန်ကြီး စီအေဂေါ်ဒွန်က ပြည်မြို့၌ ခြင်းခတ်ကစားနေကြပုံကို မှတ်တမ်းတင်ခဲ့သည်။ အဆိုပါမှတ်တမ်းများအရ မြန်မာ့ခြင်းလုံးဓလေ့သည် သရေခေတ္တရာလောက်ကတည်းကရှိနေပြီဟု ယူဆနိုင်သကဲ့သို့ ထို့ထက်ပိုစောသောကာလကတည်းကလည်း ရှိနေနိုင်သည်။ မှတ်တမ်းများအရ သရေခေတ္တရာကစသည်ဟုဆိုနိုင်သည်။ ထို့နောက် ခေတ်အဆက်ဆက်မှ အင်းဝ၊ ကုန်းဘောင်မှ ယနေ့ခေတ်ထိ ခြင်းလုံးကစားခြင်းရှိခဲ့သည်။ မြန်မာလူမျိုးတို့၏ ခြင်းပွဲများ၊ ခြင်းဝိုင်းများကို မြန်မာနိုင်ငံနေရာအနှံ့အပြားတွင် တွေ့ရသည်။ စာရေးသူတွေ့ဖူးသည့် ဝိုင်းခြင်းဝါသနာရှင် တစ်ဦးဆိုလျှင် သူ့အိမ်အတွင်းတွင် ဝိုင်းဖွဲ့ခတ်ကစားရန် ခြင်းကွင်းပြုလုပ်ထားသည်။ မြန်မာလူမျိုးတို့သည် ခြင်းလုံးခတ်ကစားခြင်းကို ဤမျှထိ ဝါသနာကြီးကြသည်။ တောရောမြို့ပါ ခြင်းခတ်ကစားကြသည်ကို တွေ့နိုင်သည်။ မန္တလေးမြို့ကဲ့သို့ မြို့ကြီးများတွင် ခြင်းအလှခတ်ပြိုင်ပွဲများ ပြုလုပ်၍ မြန်မာ့ရိုးရာခြင်းခတ်ကစားခြင်းဓလေ့ မပျောက်ပျက်အောင် ထိန်းသိမ်းလျက်ရှိသည်။ အခြားဒေသများတွင်လည်း ထိုနည်းအတိုင်းပင် ခြင်းခတ်ပြိုင်ပွဲများ ပြုလုပ်ကျင်းပလေ့ရှိကြသည်။ ခြင်းခတ်ကစားနည်းသည် မြန်မာ့ရိုးရာဓလေ့တစ်ခုအဖြစ် အစဉ်အလာကြီးမားစွာ ယနေ့ထိတည်ရှိနေသည့် မြန်မာ့ဓလေ့၊ မြန်မာ့အမွေအနှစ်တစ်ခု ဖြစ်သည်။

❖ မြန်မာ့ခြင်းလုံးကစားရာတွင် ခြင်းအတတ်ပညာ သို့မဟုတ် ခြင်းပေါက်များရှိသည်။ ခြင်းခတ်သည့်အတတ်ပညာသည် ခက်ခဲသည်။ ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် လေ့ကျင့်ယူရသောပညာရပ်မျိုးဖြစ်သည်။ ခြင်းလုံးခတ်ကစားနည်းတွင်"အထိ"ခြောက်မျိုးရှိသည်။ ၎င်းတို့မှာ ခြေဖျားဖြင့်ထိခြင်း၊ ခြေဖဝါးဖြင့်ထိခြင်း၊ ခြေဖနောင့်ဖြင့်ထိခြင်း၊ ခြေဖျားအတွင်းဘေးဖြင့်ထိခြင်း၊ ခြေဖျားအပြင်ဘေးဖြင့်ထိခြင်း၊ ဒူးဖြင့်ထိခြင်းတို့ဖြစ်သည်။ ❖

**မြန်မာ့ခြင်းလုံး**

ခြင်းလုံးကို ရှေ့က ဝါးဖြင့်ပြုလုပ်ကြသော်လည်း အလှခတ်ခြင်းပွဲများနှင့် ပြိုင်ပွဲများတွင် ကြိမ်ခြင်းကိုသာ အသုံးများကြသည်။ မြန်မာ့ခြင်းလုံးကို ကြိမ်နန်းဖြင့် ပြုလုပ်ကြရသည်။ အလျား ၁၀ ပေကျော်ရှိသည့် ကြိမ်နန်းကို တစ်ပတ်ချင်းရစ်ခွေ၍ ကွင်းများ စပ်ထိုးယူရသည်။ ကြိမ်နန်းရှစ်ပင်ဆိုလျှင် ရှစ်ပတ်ခြင်း၊ ၁၀ ပင်ဆိုလျှင် ၁၀ ပတ်ခြင်းဟု ခေါ်လေ့ရှိကြသည်။ ရှစ်ပတ်ခြင်းလုံးတစ်လုံး၏ အဝန်းသည် ၂၄ လက်မခန့်ရှိသည်။ ရှေးယခင်က မြန်မာ့ခြင်းလုံး၏ လုံးပတ်မှာမူ ၁၇ လက်မခန့်ရှိသည်ဟု ဆိုသည်။ ခြင်းလုံးတွင် အပေါက် ၁၂ ပေါက်နှင့် ထိုအပေါက်က ထောင့်ငါးထောင့်ရှိသည်။

**ခြင်းပေါက်များနှင့် ခြင်းခတ်ကစားနည်းများ**

မြန်မာ့ခြင်းလုံးကစားရာတွင် ခြင်းအတတ်ပညာ သို့မဟုတ် ခြင်းပေါက်များရှိသည်။ ခြင်းခတ်သည့်အတတ်ပညာသည် ခက်ခဲသည်။ ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် လေ့ကျင့်ယူရသော ပညာရပ်မျိုးဖြစ်သည်။ ခြင်းလုံးခတ်ကစားနည်းတွင် "အထိ"ခြောက်မျိုးရှိသည်။ ၎င်းတို့မှာ ခြေဖျားဖြင့်ထိခြင်း၊ ခြေဖဝါးဖြင့်ထိခြင်း၊ ခြေဖနောင့်ဖြင့်ထိခြင်း၊ ခြေဖျားအတွင်းဘေးဖြင့်ထိခြင်း၊ ခြေဖျားအပြင်ဘေးဖြင့်ထိခြင်း၊ ဒူးဖြင့်ထိခြင်းတို့ဖြစ်သည်။

ခြေဖျားတွင် ခြေဖျားဖြင့်တော့ခြင်း၊ ခြေဖျားဖြင့် ထိန်းခြင်း၊ ခြေဖျားဖြင့်ကော်ခြင်း၊ ခြေဖျားဖြင့် ထောက်ပေးခြင်း၊ ခြေဖျားဖြင့်ပို့ပေးခြင်း စသည်ဖြင့်လည်းရှိသည်။

ခြင်းအထိခြောက်မျိုးအပြင် ခြင်းခတ်ကစားရသော ခြင်းပေါက်များလည်းရှိသည်။ ခြင်းပေါက်ကို ခြင်းရိုး၊ ခြင်းကလေး၊ ခြင်းလတ်၊ ခြင်းပေါက်ကြီးဟူ၍လည်း ခွဲခြားထားသည်။

ခြင်းရိုးမှာ "ဒူး၊ ခြေဖျား၊ ခြေခွင်၊ ဘေးပေါက်၊ ဘေးဖဝါး၊ ဘေးဖနောင့်၊ ရှေ့ဖဝါးနှင့် ရှေ့ဖနောင့်" ဖြစ်သည်။ ခြင်းကလေးမှာ "ထပ်ဒူး၊ ထပ်ခြေဖျား၊ ထပ်ခြေခွင်၊ ရုပ်ခြေဖျား၊ ရုပ်ဒူး၊ တစ်ခြမ်းဝိုက်၊ တွင်းပြင်ဝိုက်၊ ခြေဖျားရစ်၊ ထပ်ဖဝါး၊ ခွဖနောင့်"တို့ဖြစ်သည်။ ခြင်းလတ်မှာ "ဖီလာဖဝါး၊ ဖီလာဖနောင့်၊ ဖီလာစလွယ်၊ စောင်းစလွယ်၊ ပတ်စလွယ်၊ ပန်ဖဝါး၊ ပတ်ဖနောင့်၊ ပန်ဒူး၊ မဟာနွယ်"တို့ဖြစ်သည်။

ထို့ပြင် ခြင်းပေါက်ကြီး ၁၀ မျိုးဟူ၍လည်းရှိသေးသည်။ ၎င်းတို့မှာ"မဟာဒူး၊ ညွှန့်ဒူး၊ မဟာကြီး၊ မဟာညွှန့်၊ ရင်လိမ်ဖဝါး၊ ရင်လိမ်ဖနောင့်၊ တည့်ဖဝါး၊ တည့်ဖနောင့်၊ စလွယ်ကြီး၊ ဝိုက်ကြီး"စသည်တို့ဖြစ်သည်။ ခြင်းဝိုင်းတစ်ဝိုင်းတွင် လူခြောက်ဦး ခတ်ကစားလေ့ရှိကြသည်။ ခြင်းခတ်ရာတွင် လက်ယာပါးတည့်၊ လက်ဝဲပါးတည့်ဟူ၍ရှိသည်။ လက်ယာပါးတည့်ဟူသည် မိမိလက်ယာဘက်ရှိ ခြင်းသမား၏ လက်ယာဘက်နေရာတိုင်အောင် ခတ်ကစားနိုင်သည်ဟု ဆိုလိုခြင်းဖြစ်သည်။ လက်ဝဲပါးတည့်ဟူသည် မိမိ၏ဝဲဘက်ရှိ ခြင်းသမား၏ ကစားရာနေရာဟု ဆိုလိုသည်။ ခြင်းခတ်ရာတွင် "ဆက်ခြင်း၊ ပြန်ခြင်း" ကို သူ့နေရာနှင့်သူ ကစားကြသည်။

နောက်ပြီး "ပေးခြင်းနှင့်ကောင်းခြင်း"ဟူ၍လည်း ရှိသည်။ ပေးခြင်းဆိုသည်မှာ မိမိနှင့်မျက်နှာချင်းဆိုင် တစ်ယောက်ခြားလူကို ခြင်းလုံးကိုကိုင်၍ပေးသော ခြင်းကို ဆိုလိုသည်။ ကောင်းခြင်းဟူသည် လေးကိုင်းပမာပို့ခတ်ရသောခြင်းကောင်းကို ဆိုလိုသည်။ ခြင်းခတ်ကစားရာတွင် ဝိုင်းလှည့်၍ ခြင်းပေါက်စုံအောင် ခတ်ကစားကြသည်။ အပေးအယူအထောက်အဆ၊ ပြန်ခြင်း၊ ဆက်ခြင်း စသည်ဖြင့်အလွန်ကြည့်၍လှသည်။

ထို့ပြင် ခြင်းခတ်ကစားရာတွင် "ခြင်းနုနှင့် ခြင်းရိုင်း"ဟူ၍လည်းရှိသည်။ ခြင်းနုကစားခြင်းဆိုသည်မှာ ခြေဖျား၊ ဒူး၊ ပခုံး၊ ကုပ်တို့နှင့် ခြင်းလုံးကို ညှပ်ကာ အဆင့်ဆင့်တင်ပြီး အလှပြကစားသည့် "ခြင်းသေကစားနည်း"၊ ခြေခွင်၊ ခြေဖျား၊ ဒူးစသော အထိခြောက်မျိုးဖြင့် စလွယ်၊ မဝါး၊ ဂုမ္ဘာန်၊ ညွှန့်ဒူး၊ ဝိုက်၊ တည့်ဖဝါးများခတ်ကာ အလှခတ်သော"ခြင်းရှင်ကစားနည်း"ဟူ၍နှစ်မျိုးရှိသည်။ "ခြင်းရိုင်းကစားနည်း မှာမူ တစ်ဦးနှင့်တစ်ဦး ပေးပို့ကူးပြောင်းခြင်းဖြင့် ကစားသောနည်းဖြစ်သည်။ ယနေ့အမှတ်ပေးစနစ်ဖြင့် ခတ်ကစားသောနည်းမျိုးဖြစ်သည်။ ခြင်းခတ်ရာတွင် အပေါ်အောက်ဝတ်စုံအပြည့်ဖြင့် ခတ်ကစားကြသည်။ လွတ်လပ်ပေါ့ပါးသော ဘောင်းဘီဒူးကျအတိုနှင့် အင်္ကျီတို့ကို ဝတ်ဆင်ခတ်ကစားလေ့ရှိကြသည်။ ကျေးလက်ဒေသများ၌ အပျော်ခတ်လျှင်မူ ပုဆိုးခါးတောင်းကျိုက်ဖြင့် ခတ်ကစားကြသည်။

**ခြင်းလုံးကစားခြင်း၏ အကျိုးကျေးဇူး**

ခြင်းလုံးကစားခြင်းသည် အားကစားနည်းတစ်မျိုးဖြစ်သည်။ အားကစားနည်းများသည် ကျန်းမာရေးကို များစွာအထောက်အကူပြုသည်။ ခြင်းခတ်ကစားခြင်းဖြင့် စိတ်ရွှင်လန်းမှု၊ ကိုယ်လက်ကြံ့ခိုင်မှု၊ စုပေါင်းဆောင်ရွက်တတ်မှု၊ စုပေါင်းတာဝန်ယူတတ်မှု၊ မျှမျှတတဆောင်ရွက်တတ်မှု စသည့်အကျိုးကျေးဇူးများအပြင် ကစားနည်းမှတစ်ဆင့် ရိုးရာယဉ်ကျေးမှုဂုဏ်ရည်နှင့် မိမိနိုင်ငံ၏ အစဉ်ထိန်းသိမ်းသင့်သော ရိုးရာအမွေအနှစ်ကိုမြှင့်တင်ပေးနိုင်သည့် အကျိုးကျေးဇူးများကိုလည်း ရရှိစေသည်။ ထို့ပြင် မြန်မာလူမျိုးတို့၏ မူလစိတ်ရင်းဖြစ်သော တစ်ဦးကိုတစ်ဦး ကူညီရိုင်းပင်လိုစိတ်၊ ကြင်နာချစ်ကြည်ဖော်ရွေတတ်သည့်စိတ်၊ ရဲဘော်ရဲဘက်စိတ် စသည့်စိတ်စေတနာများကို ပေါ်လွင်ထင်ရှားစေသကဲ့သို့ စည်းလုံးညီညွတ်မှု စသည့်အကျိုးကျေးဇူးများကိုလည်း ရရှိစေသည်။ ဤကား ခြင်းခတ်ကစားခြင်းမှပေးသော အကျိုးကျေးဇူးများပင်ဖြစ်သည်။

နိဂုံးချုပ်အနေဖြင့်ဆိုရလျှင် ခြင်းလုံးခတ်ခြင်းသည် အခြားနိုင်ငံများတွင်ရှိကြသော်လည်း မြန်မာလူမျိုး၊ မြန်မာနိုင်ငံလောက်စနစ်ကျမည်ဟုမထင်ပေ။ မြန်မာနိုင်ငံတွင် ခြင်းအလှခတ်ပညာရှင်များစွာပေါ်ထွက်ခဲ့သည်။ ခြင်းပညာသည် ရှေးမြန်မာများလက်ထက်ကတည်းက ယနေ့ထိ အဆင့်ဆင့်လက်ဆင့်ကမ်းထိန်းသိမ်းလာခဲ့သော မြန်မာ့ရိုးရာဓလေ့တစ်ခုဖြစ်သည်။ ထို့ကြောင့် မြန်မာ့ရိုးရာဓလေ့ဖြစ်သော မြန်မာ့ခြင်းလုံးကစားခြင်းကို ဆက်လက်၍ အစဉ်ထိန်းသိမ်းသင့်ပါကြောင်း တိုက်တွန်းရေးသားလိုက်ပါသည်။

**ကိုးကား**

- မြန်မာ့ခြင်းလုံးသမိုင်း၊ ခြင်းဦးဘသိန်း (ပီကင်းပြန်)။
- မြန်မာ့ရိုးရာခြင်းလုံးအားကစားအကြောင်း သိကောင်းစရာ၊ ပီကင်းပြန်ဝင်းကို(အင်းဝ)။
- မြန်မာ့ရိုးရာယဉ်ကျေးမှု ကစားခုန်စားပြိုင်ပွဲများ-ဆရာဦးတင်ညို။

# အရှေ့တောင်အာရှဒေသသို့ စစ်လက်နက်ပိုမိုတင်ပို့လာသော တောင်ကိုရီးယားနိုင်ငံ

တောင်ကိုရီးယားနိုင်ငံ၏ Hanwha Aerospace သည် အမေရိကန်ဒေါ်လာ သန်း ၂၅၀ တန်ဖိုးရှိသော K9 ဟောင်ဝစ်ဇာအလက် ၂၀ ကို ဗီယက်နမ်နိုင်ငံသို့ တင်ပို့ရန်သဘောတူညီထားကြောင်း ဩဂုတ်လ လယ်ပိုင်းတွင် ဒေသတွင်းသတင်းအရင်းအမြစ်များ၌ ဖော်ပြထားရှိသည်။ ၂၀၂၃ ခုနှစ် မတ်လအတွင်း ဗီယက်နမ်ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး ဖန်ဗန်ဂိုင်သည် တောင်ကိုရီးယားနိုင်ငံသို့သွားရောက်လည်ပတ်ခဲ့ပြီး အခြားသောကိုရီးယားစစ်လက်နက်များနှင့်အတူ K9 ဟောင်ဝစ်ဇာကို လေ့လာခဲ့သည့်အချိန်မှစ၍ နှစ်နိုင်ငံကြား ဟောင်ဝစ်ဇာအမြောက်လက်နက်များရောင်းချရေး စတင်ဆွေးနွေးခဲ့ခြင်းဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံ၏ စစ်လက်နက်ပစ္စည်းတင်ပို့မှုသည် ပိုလန်နိုင်ငံနှင့် စာချုပ်ချုပ်ဆိုခြင်းအပါအဝင် စစ်လက်နက်ဈေးကွက်ပေါင်းစုံ၏ ဝယ်လိုအားများကြောင့် တိုးတက်လျက်ရှိရာ ဗီယက်နမ်နိုင်ငံသို့ K9 ဟောင်ဝစ်ဇာအမြောက်များရောင်းချရန် သဘောတူညီခြင်းသည် အရှေ့တောင်အာရှ(SEA)သို့ ပထမဆုံးထိုးဖောက်မှုဖြစ်သည့်အတွက် ဒေသတွင်းဈေးကွက်အသစ်သို့ အောင်မြင်စွာထိုးဖောက်လာခြင်းဖြစ်သည်။

**ကိုရီးယားစစ်လက်နက်ကုန်သွယ်မှု**

တောင်ကိုရီးယားနိုင်ငံသည် ယခင်သမ္မတ ယွန်ဆွတ်ယိုး လက်ထက်၌ စစ်ဘက်စက်မှုလုပ်ငန်းများတိုးချဲ့သွားရန်အခိုင်အမာဆုံးဖြတ်ထားပြီး ၂၀၂၇ ခုနှစ်တွင် ကမ္ဘာ့ထိပ်တန်းလက်နက်တင်ပို့သည့် လေးနိုင်ငံအနက် တစ်နိုင်ငံဖြစ်လာရန် ရည်မှန်းထားရှိသည်။ စတော့ဟုမ်းနိုင်ငံတကာငြိမ်းချမ်းရေးနှင့် သုတေသနအင်စတီကျု(SIPRI)၏ ၂၀၂၅ ခုနှစ် မတ်လတွင်ထုတ်ပြန်သော အစီရင်ခံစာအရ တောင်ကိုရီးယားနိုင်ငံသည် ကမ္ဘာ့အဓိကလက်နက်တင်ပို့သည့်နိုင်ငံများတွင် အဆင့်(၁၀)၌ရပ်တည်ခဲ့သည်။

လက်ရှိသမ္မတအသစ် လီဂျေးမြောင်သည် ၂၀၂၅ ခုနှစ် ဩဂုတ် ၁၃ ရက်တွင် ထုတ်ပြန်သည့် ငါးနှစ်စီမံကိန်း၌ ကာကွယ်ရေးပစ္စည်းတင်ပို့မှုကို အဓိကဖော်ပြထားခဲ့ပြီး ဗီယက်နမ်သို့ K9 ဟောင်ဝစ်ဇာရောင်းချမည့်စာချုပ်ကို တရားဝင်ထုတ်ပြန်ကြေညာခဲ့သည်။ ဗီယက်နမ်နိုင်ငံသည် ၂၀၂၃ ခုနှစ်အတွင်း ဗိုလ်ချုပ်ကြီးဂိုင်၏ တောင်ကိုရီးယားခရီးစဉ်ပြီးနောက် ၂၀၂၄ ခုနှစ် ဧပြီလတွင် K9 ဟောင်ဝစ်ဇာများဝယ်ယူရန်စိတ်ပါဝင်စားကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ထို့နောက် နိုဝင်ဘာလတွင် ဗီယက်နမ်တပ်ဖွဲ့ဝင်များသည် တောင်ကိုရီးယားနိုင်ငံတွင် K9 ဟောင်ဝစ်ဇာအမြောက်နှင့် K2 တင့်ကားကဲ့သို့သော တောင်ကိုရီးယားစစ်လက်နက်ပစ္စည်းများ ကိုင်တွယ်ရေးဆိုင်ရာသင်တန်းများ တက်ရောက်ခဲ့သည်။

ဗီယက်နမ်ပြည်သူ့တပ်မတော်(PAV)သည် ၂၀၁၅ ခုနှစ်မှစ၍ ၎င်း၏အမြောက်လက်နက်များကို အဆင့်မြှင့်တင်တည်ဆောက်လျက်ရှိသည်။ စစ်မြေပြင်တွင် စွမ်းဆောင်ရည်ထိန်းသိမ်းနိုင်ရေး စစ်ဘက်နည်းပညာများလိုအပ်ချက်နှင့်အညီ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ရုရှား-ယူကရိန်း ပဋိပက္ခကလည်း ဗီယက်နမ်နိုင်ငံကို ရုရှားစစ်လက်နက်ပစ္စည်းများအပေါ်ကာလရှည်ကြာ မှီခိုနေမှုမှအစားထိုးရှာဖွေသွားရန် ဖိအားဖြစ်စေခဲ့သည်။

ဗီယက်နမ်-တောင်ကိုရီးယား စာချုပ်နှင့်စပ်လျဉ်း၍ စိတ်ဝင်စားဖွယ်ကောင်းသည့်အချက်မှာ အစိုးရအချင်းချင်းချုပ်ဆိုမှုဖြစ်ပြီး တောင်ကိုရီးယားနိုင်ငံ၏ ယခင်ပြည်ပပို့ကုန်စာချုပ်များနှင့် နှိုင်းယှဉ်လျှင်မတူညီသောပုံစံဖြစ်သည်။ ယခင်စာချုပ်များသည် လက်နက်တင်ပို့သူနှင့်ဝယ်ယူသည့် ကုမ္ပဏီများကြား တိုက်ရိုက်သဘောတူညီခြင်းဖြစ်သည်။ ယခုစာချုပ်သည် တောင်ကိုရီးယားအစိုးရ၏ ပါဝင်မှုနှင့် ဗီယက်နမ်နှင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုတိုးချဲ့ခြင်းတို့ကို ထင်ဟပ်လာစေလျက်ရှိသည်။ ၂၀၂၅ ခုနှစ် ဩဂုတ်လအတွင်း ဗီယက်နမ်သမ္မတ တိုလမ်း၏ တောင်ကိုရီးယားနိုင်ငံ ခရီးစဉ်အတွင်း ၂၀၃၀ ပြည့်နှစ်တွင် နှစ်နိုင်ငံကုန်သွယ်မှုတန်ဖိုးကို အမေရိကန်ဒေါ်လာ ဘီလီယံ ၁၅၀ ထိတိုးချဲ့သွားရန် သဘောတူညီခဲ့သည်။

အမေရိကန်ဒေါ်လာ သန်း ၂၅၀ တန်ဖိုးရှိသော K9 ဟောင်ဝစ်ဇာအလက် ၂၀ ဝယ်ယူခြင်းသည် ဗီယက်နမ်နိုင်ငံ၏ရည်ရွယ်ချက်များကို ထင်ဟပ်စေလျက်ရှိသည်။ ထိုအမြောက်အရေအတွက်သည် တရုတ်၊ ကမ္ဘောဒီးယား၊ လာအိုနိုင်ငံတို့နှင့် နယ်စပ်ထိစပ်နေသည့်အပြင် တောင်တရုတ်ပင်လယ်ပြင်နှင့်



K9 ဟောင်ဝစ်ဇာအမြောက်ကို တွေ့ရစဉ်။

ထိစပ်နေသည့် ကမ်းရိုးတန်းတို့ကိုထည့်သွင်းစဉ်းစားထားသော ဗီယက်နမ်နိုင်ငံ၏ နည်းဗျူဟာမြောက်ရပ်တည်ချက်ကို ပြည့်မီသေးမှာမဟုတ်ကြောင်း တွေ့ရှိရသည်။

**အရေးပါနေသောအမြောက်လက်နက်များ**

အမြောက်လက်နက်များသည် ခေတ်သစ်စစ်ပွဲ၌ အစားထိုမရနိုင်သည့် အခန်းကဏ္ဍမှပါဝင်လျက်ရှိကြောင်းကို လက်ရှိဖြစ်ပွားနေသော ရုရှား-ယူကရိန်း ပဋိပက္ခကသက်သေပြလျက်ရှိသည်။ ဒရုန်းများနှင့် တိကျပဲ့ထိန်းလက်နက်များအသုံးပြုနေသော်လည်း အမြောက်လက်နက်များဖြင့် ပစ်ခတ်မှုသည် တိုက်ပွဲထိန်းချုပ်မှုကိုအဆုံးအဖြတ်ပေးရာ၌ အရေးပါလျက်ရှိသည်။ အမြောက်လက်နက်များသည် ရန်သူ၏နေရာများကိုချေမှုန်းနိုင်ပြီး ရန်သူ့အပေါ်ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာဖိအားနှစ်မျိုးစလုံးကို ပေးနိုင်သည်။ တစ်နည်းအားဖြင့်ဆိုရလျှင် အမြောက်လက်နက်များသည် မြေပြင်တိုက်ပွဲ၏ အဓိကလက်နက်များအဖြစ် သတ်မှတ်နိုင်သည်။

မြောက်ကိုရီးယားကဲ့သို့သော ကြိုတင်ခန့်မှန်းတွက်ချက်၍မရနိုင်သည့် အိမ်နီးချင်းနိုင်ငံများနှင့် ထိပ်တိုက်ရင်ဆိုင်မှုအလားအလာရှိနိုင်သော တောင်ကိုရီးယားလိုနိုင်ငံများအတွက်မူ အမြောက်လက်နက်များသည် အမျိုးသားကာကွယ်ရေးအတွက် အရေးပါသောအဓိကကျောရိုးအဖြစ် ရပ်တည်လျက်ရှိသည်။ တရုတ်၊ လာအို၊ ကမ္ဘောဒီးယားတို့နှင့်ရှည်လျားသော နယ်စပ်ရှိနေသည့်အပြင် တောင်တရုတ်ပင်လယ်ပြင်နှင့်ထိစပ်နေသော ရှည်လျားသည့်ကမ်းခြေရှိသော ဗီယက်နမ်နိုင်ငံအနေဖြင့်လည်း အလားတူအမြောက်လက်နက်များ လိုအပ်လျက်ရှိသည်။ K9 ဟောင်ဝစ်ဇာအမြောက်များသည် ကုန်ကျစရိတ်သက်သာပြီးပစ်စွမ်းအားကြီးမားခြင်း၊ ရန်သူရှိသောပတ်ဝန်းကျင်တွင် ရွှေ့ပြောင်းနိုင်ခြင်းနှင့် ကာကွယ်နိုင်ခြင်းတို့ကြောင့် တိုက်ပွဲဆိုင်ရာလိုအပ်ချက်များကို တိုက်ရိုက်ဖြေရှင်းနိုင်မည်ဖြစ်သည်။

K9 ဟောင်ဝစ်ဇာသည် ကီလိုမီတာ ၄၀ ထိ ရောက်ရှိပစ်ခတ်နိုင်ခြင်း၊ လျင်မြန်စွာပစ်ခတ်နိုင်ခြင်းနှင့် အလိုအလျောက်ပစ်ခတ်ထိန်းချုပ်မှုစနစ်တို့ပါဝင်ပြီး စစ်မြေပြင်၌ ဗီယက်နမ်ရှိ ဆိုဗီယက်နှင့် အမေရိကန်ထုတ်လက်နက်စနစ်များထက် စွမ်းဆောင်ရည်သာလွန်လျက်ရှိသည်။ ပြင်သစ်ထုတ် CAESARs နှင့် ဆွီဒင်ထုတ် Archers ကဲ့သို့သော ဘီးတပ်ယာဉ်ပေါ်တွင် တင်ထားသောအမြောက်များနှင့်နှိုင်းယှဉ်လျှင် K9 ဟောင်ဝစ်ဇာ၏ ချိန်းတပ်ပလက်ဖောင်းသည် မြေပြင်အနေအထားအမျိုးမျိုးတွင် လှုပ်ရှားစစ်ကစားနိုင်မှုရှိပြီး သပ်ချပ်ကာကိုယ်ထည်သည် တပ်ဖွဲ့ဝင်နှင့် စစ်လက်နက်တို့ကို ရန်သူက တန်ပြန်တိုက်ခိုက်မှုနှင့် ဒရုန်းတိုက်ခိုက်မှုအန္တရာယ်မှရှောင်ကွင်းနိုင်စေမည်ဖြစ်သည်။

K9 ဟောင်ဝစ်ဇာအမြောက် အသုံးပြုခြင်းသည် ကမ္ဘာ့တစ်ဝန်း၌ကျယ်ပြန့်စွာ အသုံးပြုလျက်ရှိသည့် ၁၅၅ မီလီမီတာအမြောက်စနစ်သို့စံနှုန်းကိုက်ပြောင်းလဲရန် ဗီယက်နမ်၏ကြိုးပမ်းမှုပင်ဖြစ်သည်။ ဗီယက်နမ်ပြည်သူ့တပ်မတော်၏ ခေတ်ဟောင်းအမြောက်စနစ်များသည် ၁၀၅ မီလီမီတာ၊ ၁၂၂ မီလီမီတာ၊ ၁၅၂ မီလီမီတာနှင့် ၁၅၅ မီလီမီတာ ပြောင်းအချင်းရှိသော ခဲယမ်းများကိုပေါင်းစပ်အသုံးပြုခဲ့သည်။ ယခုလို ပြောင်းလဲအသုံးပြုခြင်းသည် အုပ်ချုပ်ထောက်ပံ့မှုနှင့် ရေရှည်ကာလအတွက် ခဲယမ်းလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်မည်ဖြစ်သည်။ K9 ဟောင်ဝစ်ဇာသည် အမြောက်လက်နက်ဖြစ်သည့်အပြင် ဗီယက်နက်၏ ပိုမိုကျယ်ပြန့်သော မြေပြင်စစ်ဆင်ရေး အခြေခံသဘောတရားခေတ်မီအဆင့်မြှင့်တင်ခြင်းနှင့် စစ်ဘက်ဆိုင်ရာအရောင်းကွင်းဆက်ကြံ့ကြံ့ခံနိုင်မှု ခိုင်မာသေချာစေရန် အထောက်အကူဖြစ်လာမည်ဖြစ်သည်။

**အသစ်အဆန်းတစ်စုံတစ်ရာကိုစတင်ခြင်း**

ဗီယက်နမ်၏ K9 ဟောင်ဝစ်ဇာအမြောက်ဝယ်ယူရေးစာချုပ်သည် တောင်ကိုရီးယားနိုင်ငံ၏ စစ်လက်နက်ပစ္စည်းတင်ပို့မှု အလားအလာတွင် အဆင့်သစ်တစ်ရပ်ကိုပြသလျက်ရှိသည်။ လက်ရှိအချိန်ထိ အရှေ့တောင်အာရှဒေသတွင် တောင်ကိုရီးယား၏ကာကွယ်ရေးပစ္စည်းရောင်းချမှုသည် အသင့်အတင့်မျှသာရှိပြီး ထိုဒေသ၌ ရုရှားနှင့် အနောက်တိုင်းစစ်လက်နက်ပစ္စည်းများဖြင့် လွှမ်းမိုးလျက်ရှိသည်။ K9 ဟောင်ဝစ်ဇာအမြောက်ရောင်းချမှုသည် ဒေသတွင်း၌ ကိုရီးယားအမြောက်လက်နက်များ၏ ထိုးဖောက်မှုဖြစ်သည့်အတွက် ကိုရီးယားကာကွယ်ရေးပစ္စည်းများသည် နည်းပညာအရသော်လည်းကောင်း၊ နိုင်ငံရေးအရသော်လည်းကောင်း ယုံကြည်မှုရရှိလျက်ရှိသည်။

ထိုသို့ အမြောက်လက်နက်ရောင်းချမှုသည် ကိုရီးယားနှင့် အရှေ့တောင်အာရှနိုင်ငံများကြား နိုင်ငံရေးဆိုင်ရာယုံကြည်မှုများ မြင့်တက်လာနိုင်သည်။ တောင်ကိုရီးယား၏ပျော့ပျောင်းသောဆော့ဖ်ပါဝါသည် ကာကွယ်ရေးနှင့် စစ်ရေးဆိုင်ရာသဘောတူညီချက်များကို ပိုမိုချောမွေ့စေမည်ဖြစ်သည်။ အာဆီယံနိုင်ငံများအနေဖြင့်လည်း ၎င်းတို့တပ်ဖွဲ့များ ခေတ်မီအဆင့်မြှင့်တင်ရေး မဟာဗျူဟာများကို ပြန်လည်သုံးသပ်နေသည့်အချိန်တွင် တောင်ကိုရီးယားနှင့် ဗီယက်နမ်တို့ကြား အမြောက်လက်နက်ရောင်းချရေးသဘောတူညီချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် ထိုင်း၊ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်တို့ကဲ့သို့သောနိုင်ငံများသည် ခေတ်မီစစ်လက်နက်ပစ္စည်းရောင်းချပေးမည့်နိုင်ငံများကို ရှာဖွေလျက်ရှိသည်။ တောင်ကိုရီးယားနိုင်ငံသည် အရည်အသွေးမြင့် လက်နက်စနစ်များကို လေ့ကျင့်သင်တန်းပေးမှုများနှင့် ထုပ်ပိုးမှုများအပါအဝင် ဈေးနှုန်းချိုသာစွာဖြင့်စံချိန်တင်ကမ်းလှမ်းလျက်ရှိသည်။ အထူးသဖြင့် ဈေးနှုန်းကြီးမားသော အနောက်တိုင်းပစ္စည်းများနှင့် နိုင်ငံရေးအရ အထိအခိုက်မခံသော တရုတ်ပစ္စည်းများကြား ဆွဲဆောင်မှုရှိသည့် အလယ်အလတ်အဆင့်ရှိသော စစ်လက်နက်ပစ္စည်းများကိုကမ်းလှမ်းပေးလျက်ရှိသည်။

K9 ဟောင်ဝစ်ဇာအမြောက်လက်နက်များအပြင် တောင်ကိုရီးယားနိုင်ငံ၏ KF-21 တိုက်လေယာဉ်နှင့် FA-50 ကဲ့သို့သော အပေါ့စားတိုက်လေယာဉ်များကဲ့သို့လေကြောင်းနှင့်အာကာသကဏ္ဍသည်လည်း ဒေသတွင်း၌ဝယ်လက်များကိုဆွဲဆောင်နိုင်သည်။ တောင်ကိုရီးယားနိုင်ငံသည် ကြည်း၊ ရေ၊ လေ နယ်ပယ်အားလုံးအပါအဝင် အာဆီယံ၏ ရေရှည်ကာကွယ်ရေးအဆင့်မြှင့်တင်မှုလုပ်ငန်းတွင် တဖြည်းဖြည်းပါဝင်လာလျက်ရှိသည်။

အမှန်တော့ တောင်ကိုရီးယားနိုင်ငံ၏ရည်မှန်းချက်သည် စစ်လက်နက်ပစ္စည်းရောင်းချမှုထက် ကျော်လွန်လျက်ရှိသည်။ ဒေသတွင်း၌ စက်လက်နက်ပစ္စည်းတင်ပို့မှု အောင်မြင်မှုရရှိသည်နှင့် ပြုပြင်ထိန်းသိမ်းပြင်ဆင်မှု(MOR)ဗဟိုချက်မ ထူထောင်ခြင်းကိုလည်း လုပ်ဆောင်သွားရမည်ဖြစ်သည်။ ဆိုရလျှင် တောင်ကိုရီးယားကာကွယ်ရေးစက်မှုလုပ်ငန်းများနှင့်နီးကပ်စွာဆက်ဆံခြင်းသည် ဒေသတွင်းမိတ်ဖက်နိုင်ငံများကို ကုန်ကျစရိတ်သက်သာစေမည်ဖြစ်သည်။ ထိုသို့လုပ်ဆောင်နိုင်ခြင်းသည် အာဆီယံ-တောင်ကိုရီးယားဆက်ဆံရေးကို ဘက်စုံလွှမ်းခြုံသောမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး(CSP)အဆင့်သို့မြှင့်တင်နိုင်ခြင်းအပါအဝင် ပိုမိုကျယ်ပြန့်သော သံခင်းတမန်ခင်းဆက်ဆံရေးနှင့်လိုက်လျောညီထွေရှိနေကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**ကိုးကား**

– S Korea muscling into SE Asia's open arms market By The Diplomat.

ဝင်းဇင်(သုတေသန)

# အထူးပင်ကျေးဇူးတင်ရှိခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီရပ်သုံးဆယ်ဝင်းနေ ဒေါ်စိန်လှ၊ ဒေါ်သိန်းငွေ၊ ဒေါ်ထွေးထွေးသန်းတို့၏တူမ၊ မဖြိုးဒေဝီတင့်၏အစ်မ၊ ရဲအုပ်(ဦးမောင်တင့်)+ ဒေါ်စန်းစန်းမော်တို့၏သမီးကြီး

**မစုဝတီတင့် အသက် (၂၅) နှစ် B.SC(Zool)**

သည် (၂၉-၈-၂၀၂၅)ရက်၊ သောကြာနေ့ နံနက် (၄:၄၅)နာရီအချိန်တွင် (၉၆)ပါးသော ရောဂါဖြင့်ကွယ်လွန်သွားသော သမီးလေး

ရောဂါဖြစ်စဉ်ကတည်းက အစမှအဆုံးတိုင်အောင် စိတ်ရော၊ကိုယ်ပါ တာဝန်ယူပြီး ကျောက်ကပ်အစားထိုးကုသရန်အတွက်ပါ စီစဉ်ပေးပြီး Private ဆေးရုံတွင်မှာပါ အခကြေးငွေမယူဆောင်ဘဲ FOC Patient အဖြစ် ကုသပေးသော MGH မန်းတောင်ရိပ်ခို ၉ ထပ်ဆောင်၊ ဂုလ္လာ ဆီးနှင့်ကျောက်ကပ်ဌာနမှ **"ဒေါက်တာဝေလင်းထွန်း"**၊ ခင်မင်မှုသက်တမ်း ၁ နှစ်တာကာလအတွင်းမှာ စိတ်ရော၊ ကိုယ်ပါ အစ်မတစ်ယောက်၊ အကိုတစ်ယောက်လိုပါ ပြုစုစောင့်ရှောက်ပေးသော Samsung Company Service Dep: မှ Oo၊ ညီမလေးအရင်းတစ်ယောက်ကဲ့သို့ မွေးကင်းစ အချိန်ကတည်းက နောက်ဆုံးထိတိုင်အောင် (၂၅)နှစ်တာ ကာလပတ်လုံး အနီးကပ်ပြုစုစောင့်ရှောက်ပေးပါသော "မျောက်မျောက်"၊ ဆေးရုံတက်ရောက်ကုသနေစဉ် လိုအပ်သောပစ္စည်းများကို လိုလေသေးမရှိ အချိန်မရွေး ပို့ဆောင်ပေးပါသော "ဦးနန်း + နှင်းနှင်း"၊ သမီးဂွမ်းဂွမ်း၊ သမီးလေး၏နောက်ဆုံးအချိန်တွင် "နန်းတော်ဆေးရုံမှ နေအိမ်သို့ပို့ဆောင်ပေးပြီး ကိစ္စအားလုံး အပြီးထိတိုင်အောင် တာဝန်ယူလုပ်ဆောင်ပေးပြီး လူရော၊ ငွေပါကူညီဆောင်ရွက်ပေးပါသော အကိုကြီး **ငြိမ်းမင်းသူ**၊ သက်ပျောက်ဆွမ်းသွပ်ပေးပါသော ဆီမီးထွန်းကျောင်းတိုက်မှ ဦးဇင်းလေး သရဏဂုံနှင့် ရက်လည်ဆွမ်း၊ တရားဟောကြားပေးပါသော မိုးကောင်းကျောင်းတိုက်၊ အောင်မင်္ဂလာအုတ်ကျောင်းမှ ဘုန်းဘုန်းကြီးများ၊ နောက်ဆုံးအချိန်ထိ ကိစ္စအဝဝကို စလယ်အဆုံး တာဝန်ယူလုပ်ဆောင်ပေးသော စိတ္တရမဟီရပ်၊ သုံးဆယ်ဝင်းနေ "ဦးမင်း + မေမိုး"၊ ကိုကြီးလပြည့်နှင့် သမီးလေး၏ နောက်ဆုံးခရီးကို လိုက်ပါပို့ဆောင်ခဲ့ကြပါသော စိတ္တရမဟီရပ်၊ သုံးဆယ်ဝင်း ရပ်မိ၊ ရပ်ဖများ၊ ပြည်ကြီးတံခွန်မြို့နယ် သ/၁၂ ရပ်ကွက်မှ ရပ်ကွက်သူ/သားများ၊ သမီးလေး၏ Zool Final Year(Yadanarbon University)မှ သူငယ်ချင်းများ၊ Samsung Company Service Dep: မှ သူငယ်ချင်းများနှင့် ရပ်နီး၊ ရပ်ဝေးမှ လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ တယ်လီဖုန်းဖြင့်လည်းကောင်း နှစ်သိမ့်အားပေးကြသော မိတ်ဆွေသင်္ဂဟများကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

## ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ရက် ၉၀ စပါး တင်းရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့



**ကျောင်းကုန်း စက်တင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ရက်၉၀ စပါးတင်းရေအများအပြား တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ကျောင်းကုန်းမြို့နယ် ဆန်၊ စပါး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်ဒေါ်မြတ်မြတ်သူက ပြောပြ၍ သိရသည်။

ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်းက ရက် ၉၀ စပါး တင်းရေ ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လတစ်လအတွင်း ရက် ၉၀ စပါးတင်းရေ ၅၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဩဂုတ်လမှာ ရက် ၉၀ စပါးတင်းရေ ၅၀၀၀၀ ကျော်ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ တင်ပို့ရောင်းချတဲ့ ရက် ၉၀ စပါးတွေက အရည်အသွေး ကောင်းမွန်ပါတယ်။ လက်ရှိလဲ ဆက်လက်ပြီး မှာယူမှုတွေ ရှိနေပါတယ်။ တင်ပို့ ရောင်းချရာမှာလဲ အခက်အခဲ မရှိပါဘူး"ဟု ကျောင်းကုန်းမြို့နယ် ဆန်၊ စပါး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြတ်မြတ်သူက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့်ရက် ၉၀ စပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၄၉၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ စပါးများကို အဆက်မပြတ် တင်ပို့ရောင်းချနေရခြင်းကြောင့် တောင်သူများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင်အဆင်ပြေ လျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

## ပဲခူးမြို့နယ် အောက်စီးတီးအရှေ့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပဲခူး စက်တင်ဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အောက်စီးတီးအရှေ့ကျေးရွာအုပ်စု အောက်စီးတီးအရှေ့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပဲခူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့်ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေး ပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်း တာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ် ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၀ ဒသမ ၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အောက်စီးတီးအရှေ့ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁၉ ဦးကို ငွေကျပ် ၃၉ ဒသမ ၉ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၃၃ ဦးကို ငွေကျပ် ၁၀ ဒသမ ၆သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅၂ ဦးကို ငွေကျပ် ၅၀ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သုတ**

## ကော့မှူးမြို့နယ် စက်စုကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု စစ်ဆေး

**ကော့မှူး စက်တင်ဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ဖြင့် စက်စုကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တွံတေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်သက်ဦး၊ ကော့မှူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ကိုလတ်နှင့်တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ စက်စုကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကို ကွန်ကရစ်လမ်းအား စံချိန်စံညွှန်း ပြည့်မီစွာဖြင့် သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးရွာတွင်းလမ်း အရှည်ပေ ၅၆၀၊ အကျယ် ရှစ်ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးငွေကျပ် ၁၅ သန်း နှင့် ပြည်သူထည့်ဝင်ငွေကျပ် ၃ ဒသမ ၅ သန်း စုစုပေါင်းငွေကျပ် ၁၈ ဒသမ ၅ သန်းဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုလ ၁၅ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီကြောင်း ကော့မှူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**အထွေး**

**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေဖတ်ကြစို့**

**ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့မှ ထုတ်လုပ်သော ကြံ့၊ ဆင်နှစ်ကောင်၊ Blue Diamond နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား**

**စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။**




**ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)**

ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၄၄၉၂၅၂၃၂၃
အရောင်းကိုယ်စားလှယ်– ဖုန်း – ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၀၀၄၀၈၇

**ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)**

ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၇၇၇၀၀၇၇၄၀
အရောင်းကိုယ်စားလှယ်– ဖုန်း – ၀၉ ၇၇၇၀၀၂၆၇၀



**ပြင်ဦးလွင်**

# နန်းမြိုင်ကော်ဖီ

PURE ARABICA COFFEE




ပင်ရင်းအရောင်းဌာန-ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


## မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့၊ ရွှေပညာသစ်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade–11 တွင် ပညာသင်ကြားနေသော မသက်ထားစံ၏ မွေးသက္ကရာဇ်အမှန်မှာ (၃၀-၁၀-၂၀၀၈)ဖြစ်ပါကြောင်း။ ၃၀-၁၀-၂၀၀၈

## အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ အလကပလိပ်စက်ရုံမြေ၊ Grade–1(C)တွင် ပညာသင်ကြားနေသော မောင်လူမင်းသစ်၏ အမည်မှန်မှာ မောင်လင်းထက်နိုင်ဖြစ်ပါကြောင်း။ **မောင်လင်းထက်နိုင်**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ) ရပ်ကွက်နေ ဦးထင်ကျော် + ဒေါ်ခင်စောဦးတို့၏သား မောင်အောင်မြတ်သူဟန်(၉/ပကခ(နိုင်)၀၅၇၇၅၈) သည် မိဘစကားနားမထောင်ဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ**
**ဦးထင်ကျော်(၅/ရဘန(နိုင်)၀၀၄၈၂၅)**
**ဒေါ်ခင်စောဦး(၉/ပကခ(နိုင်)၀၄၈၄၃၁)**

## ပျောက်ဆုံးကြောင်း

အမရပူရမြို့နယ်နေ ချစ်ဖူးငုံ (ဘ) ဦးမျိုးတင့်(၉/အမရ(နိုင်)၁၄၆၅၄၉)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09–256922524**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့၊ တောင်ဝင်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade–12 တွင် ပညာသင်ကြားနေသော မောင်နေလင်းဆွေ(၉/တသန(နိုင်)၂၄၉၀၈၁)၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ဆွေဖြစ်ပါကြောင်း။ **ဦးခင်မောင်ဆွေ**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ကျော်ကြားကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade–10 တွင် ပညာသင်ကြားနေသော မဝေဝေအောင်၏ ဖခင်အမည်မှန်မှာ ဦးသိန်းမင်းထွန်းဖြစ်ပါကြောင်း။ **ဦးသိန်းမင်းထွန်း(၉/အမရ(နိုင်)၁၂၈၅၆၃)**

## အမည်မှန်

ပြင်ဦးလွင်မြို့၊ အောင်ဇေယျကိုယ်ပိုင်မူလတန်းကျောင်း၊ Grade–4 တွင် ပညာသင်ကြားနေသော (ဘ) ဦးလောက်ဆန်း၏သား မောင်ရွှေအောင်၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မောင်စိုင်းရွှေအောင်ဖြစ်ပါကြောင်း။ **မောင်စိုင်းရွှေအောင်**

## ပျောက်ဆုံးကြောင်း

ပြည်ကြီးတံခွန်မြို့နယ်၊ ဓဓ-၄၉/၆၊ ၁၃၁ x ၁၃၂၊ ၅၆ လမ်း စက်မှု(၁)နေ Ko Hlaing Swe Win(၉/ညဥန(နိုင်)၁၆၅၃၃၃)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။**09–43140825**

**ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။
၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။
၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။
၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။
၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

❖ မြန်မာနိုင်ငံ၏ နိုင်ငံ့အရေးကို မြန်မာနိုင်ငံသားများကသာ ဆုံးဖြတ်ရမည်ဖြစ်...

(ယာယီသမ္မတ(တာဝန်) တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး( ၁/၂၀၂၅)တွင် ပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ၂၀၂၆ ဖူဆယ်အာရှဖလားခြေစစ်ပွဲတွင် မြန်မာ့လက်ရွေးစင်ဖူဆယ်အမျိုးသားအသင်းက မော်လ်ဒိုက်လက်ရွေးစင်ဖူဆယ်အမျိုးသားအသင်းကို ခုနစ်ဂိုး သုံးဂိုးဖြင့် အနိုင်ရရှိ



ရန်ကုန် စက်တင်ဘာ ၂၂

မြန်မာ့လက်ရွေးစင်ဖူဆယ်အမျိုးသားအသင်းနှင့် မော်လ်ဒိုက်လက်ရွေးစင် ဖူဆယ်အမျိုးသားအသင်းတို့၏ ၂၀၂၆ ဖူဆယ်အာရှဖလားခြေစစ်ပွဲကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ MFF Futsal Stadium သုဝဏ္ဏာ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အဖွဲ့ဝင်များနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ခြေစစ်ပွဲတွင် မြန်မာ့လက်ရွေးစင်ဖူဆယ်အမျိုးသားအသင်းနှင့် မော်လ်ဒိုက်လက်ရွေးစင်ဖူဆယ်အမျိုးသားအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြရာ မြန်မာ့လက်ရွေးစင်ဖူဆယ်အမျိုးသားအသင်းက ခုနစ်ဂိုး သုံးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အမျိုးသားအသင်းသည် ၂၀၂၆ ဖူဆယ်အာရှဖလားခြေစစ်ပွဲစဉ် အုပ်စု(ဇ)တွင် မော်လ်ဒိုက်အသင်းနှင့် အာဖဂန်နစ္စတန်အသင်းတို့ဖြင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး စက်တင်ဘာ ၂၄ ရက်တွင် အာဖဂန်နစ္စတန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။ **ဖွဲ့ထက်ကို(ပြန်/ဆက်)**

## မယ်ဆိုင်ချောင်းရေ တာချီလိတ်မြို့၏ စိုးရိမ်ရေမှတ်အထက် ကျော်လွန်ရောက်ရှိနိုင်

နေပြည်တော် စက်တင်ဘာ ၂၂

ယနေ့နံနက် ၈ နာရီခွဲအချိန် တိုင်းထွာချက်အရ မယ်ဆိုင်ချောင်းရေသည် တာချီလိတ်မြို့(လွယ်တော်ခမ်းကျေးရွာ)တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါချောင်းရေသည် နောက်ခြောက်နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တာချီလိတ်မြို့နယ်အတွင်းရှိ ချောင်းကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ရန်နှင့် ချောင်းရေမြင့်တက်လာပါက အချိန်မီရွှေ့ပြောင်းနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

## တိုင်ဖွန်းမုန်တိုင်း "ရာဂါဆာ" ဆက်လက်တည်ရှိနေ

နေပြည်တော် စက်တင်ဘာ ၂၂

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်းကျွန်းစုများကို ဖြတ်ကျော်ခဲ့သော တိုင်ဖွန်းမုန်တိုင်း "ရာဂါဆာ" (RAGASA)သည် အနောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဖိလစ်ပိုင်ပင်လယ်ပြင်အနောက်ပိုင်းတွင် ဆက်လက်တည်ရှိနေသည်။ အဆိုပါတိုင်ဖွန်းမုန်တိုင်း "ရာဂါဆာ"သည် အနောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး ယနေ့ညပိုင်းတွင် တောင်တရုတ်ပင်လယ်ပြင်သို့ ရောက်ရှိနိုင်ကာ စက်တင်ဘာ ၂၄ ရက်တွင် တရုတ်နိုင်ငံတောင်ပိုင်း ကမ်းရိုးတန်းဒေသများမှတစ်ဆင့် စက်တင်ဘာ ၂၅ ရက်တွင် ဗီယက်နမ်နိုင်ငံမြောက်ပိုင်း ကမ်းခြေဒေသများကို အပူပိုင်းမုန်တိုင်းအဖြစ်ဖြင့် ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။ (မိုး/ဇလ)

